www.burmeseclassic.com



www.burmeseclassic.com

ဦးမဏိပါဒေဟုံ
ဗိုလ်နေ့အိ စီစဉ်သည်

# ဇော်ထက်အောင်

## စင်ရန်နိုင်နှင့်သားရဲအိပ်မက်

စာမူခွင့်ပြုချက်အမှတ် ၁၂၀၂/၂၀၀၂ (၁၂) မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀/၂၀၀၃ (၁)၊ ပထမအကြိမ်၊ ၂၀၀၃-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀ အုပ်၊ တန်ဖိုး ၄၅၀/- ကျပ်၊ မျက်နှာဖုံးပန်းချီ- ချစ်ဆန်းဝင်း၊ ကာလာခွဲ မြကျွန်းသာ၊ ထုတ်ဝေသူ၊ ဦးခင်မောင်သိန်းဆွေ (၀၅၄၅) သဏ္ဍာဝတီစာပေ၊ တိုက်-၂၄၀၊ အခန်း-၃၊ ဗေဒါသုခလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ အတွင်းနှင့်အဖုံးပုံနှိပ်သူ ဒေါ်ခင်စီ(၀၂၅၀၅) ပြည့်ဦးအော့ဖ်ဆက်တိုက်၊ ၁၅၈-၃၅လမ်း၊ ရန်ကုန်မြို့။ အတွင်းဖလင်ရွှယ်တော်စာအုပ်ချုပ် (ကိုတင်အေး၊ ဂျူမား) မိုးဆမ်းပန်းစာပေ ၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ တပြည်လုံး ဖြန့်ချိပါသည်။

### အဖွင့်

ချမ်းစိမ့်စိမ့်နိုင်လွန်းတဲ့ အထိအတွေ့ကြောင့် အိပ်နေရာမှ လှုတ်ခနဲလန့်နိုးသွား၏။

အိမ်အပြင်ဘက်မှ တဝေါဝေါမြည်သံတွေ ကြားလိုက်ရ၏။ ကုတင်ပေါ်မှလူးလဲထလိုက်ပြီး ဝရန်တာထွက်သည့် တံခါးပေါက်တွင် ရပ်လိုက်၏။

"အို . . မိုးတွေ သည်းနေပါလား"

မြင်ကွင်းကြောင့် သူ့နှုတ်ဖျားက တီးတိုးထိတ်လန့်သံ လွှတ်ခနဲထွက်သွား၏။ လေရောမိုးရော သဲကြီးမဲကြီးဖြိုးဆင်း

www.burmeseclassic.com



လာတဲ့ည။ သူ့ကိုယ်ပေါ်က ညဝတ်အင်္ကျီဖြူဖြူကလေးမှာ တဖျပ်ဖျပ်လှုပ်ခတ်နေ၏။

မိုးစက်ကလေးတွေက သူ့ကိုယ်ပေါ်ကို ပိုးပိုးပေါက်ပေါက် လွင့်စင်လာ၏။ ပြာလဲ့လဲ့မီးရောင်အောက်က နာရီကလေးကို ကြည့်လိုက်၏။

"အို . . နှစ်နာရီတောင်ထိုးတော့မှာပါလား"

သူ့အကြည့်က ဝရန်တာအပြင်ဘက်ရောက်သွား၏။ သဲကြီးမဲကြီးရွာသွန်းနေသော မိုးသက်လေပြင်းကြား ခြံထဲက သစ်ပင်ကြီးတွေခမျာ ယိမ်းထိုးလှုပ်ခါနေ၏။

ဝါးရုံပင်အုပ်ကြီးမှာလည်း တဖျောဖျောမြည်သံပေးရင်း ကွေးလိုက်ညွတ်လိုက်နှင့် သွက်သွက်ခါနေ၏။ ကောင်းကင်ကြီး တစ်ခုလုံးက မိုးသားတိမ်လိပ်တွေ တရိပ်ရိပ်ထိုးတက်နေဆဲ။

ခုလို မှောင်မိုက်လွန်းလှသောည။ မိုးသက်လေပြင်းတွေ မင်းမူနေသောည၊ အဲဒီလို ညတွေကို ထား ရင်မဆိုင်ရဲ။

ငယ်ငယ်ကလေး ကတည်းက ထား မိုးချိန်းသံကိုကြောက်ခဲ့၏။ တဝေါဝေါရွာနေတဲ့ မိုးစက်မိုးပေါက်တွေကို ထားမကြည့်ရဲ။ အဲဒီလို သည်းကြီးမဲကြီးနဲ့ မိုးတွေရွာချပြီဆိုရင် ထား မေမေ့ရင်ခွင်ကို အပြေးဝင်တတ်၏။

မေမေကလည်း ထား မိုးချိန်းသံကိုကြောက်မှန်းသိသည်။ ဒါကြောင့်လည်း ကောင်းကင်မှာ မိုးရိပ်ဆင်ပြီဆိုတာနဲ့ ထားအခန်း





လေးထဲကို မေမေအပြေးရောက်လာတတ်၏။

တစ်ခါတစ်ရံလေ ထား ကုတင်ပေါ်မှာ အိပ်မောကျနေတတ်သည်။ အဲဒီလိုအခါမျိုးဆိုရင် မေမေက ထားကိုအတင်းပွေ့ပြီး သူ့ရင်ခွင်ထဲဆွဲသွင်းတတ်၏။ ထားကတော့ မေမေ့ရင်ခွင်ထဲ ဝင်လိုက်ရပြီဆိုတာနဲ့ ဘာကိုမှ မကြောက်တော့။

ကုန်ကုန်ပြောရလျှင် မေမေ့ရင်ခွင်ထဲနေရလို့ကတော့ အပြင်ဘက်မှာ ကမ္ဘာကြီးပဲပျက်နေပါစေ ကြောက်စိတ်တစ်စက် ကလေးမှ မရှိတော့။

အဲဒီလောက်အထိ မေမေ့ရင်ခွင်ကို သူယုံစားခဲ့၏။ မေမေ့ရင်ခွင်သည်သာ သူ့ရဲ့နားခိုရာ၊ အပန်းဖြေရာ၊ အားထားရာ ကမ္ဘာလေးလို့ ထားခံစားခဲ့သည်။ အဲဒီခံစားချက်က ခုထိ မပျက်သေး။ ခုလို မိုးတွေသဲကြီးမဲကြီး ရွာပြီဆိုရင် ထား မေမေ့ရင်ခွင်ကို အရမ်းသတိရမိသည်။

ခုချိန်များ မေမေသာရှိလျှင် ဆိုတဲ့အတွေးကြောင့် တံခါးဝမှာခြေစုံရပ်ရင်း ငိုချင်စိတ်တွေ ရင်ထဲမှာ တလှိုက်လှိုက် ဖိုတက်လာ၏။

မေမေ့ရင်ခွင်နဲ့ ဝေးခဲ့ရတာ ဒီကနေ့ဆို သုံးနှစ်နီးပါးရှိခဲ့ခြေပြီ။ မေမေ ဘယ်ကိုရောက်လို့ ရောက်နေမှန်းမသိ။ ဘာကြောင့် မေမေ ထားကို ထားခဲ့ရသလဲ။

တွေးရင်း မျက်ဝန်းအိမ်ကလေးထဲမှ မျက်ရည်စတွေ



www.burmeseclassic.com

www.burmeseclassic.com



သိဝှေ့ခိုတွဲနေ၏။ ငိုချင်စိတ်တွေကို ထိန်းလို့မရ။ မေမေ့ကို သတိရလွန်းတာမို့ တံခါးပေါက်ဘေးမှာ ပုံ့ပုံ့ကလေးထိုင်ချလိုက်၏။ မိုးစက်ကလေးတွေက သူ့ကိုယ်ပေါ် ပိုးပိုးပေါက်ပေါက် လွင့်စင်လာဆဲ။

ခုတော့ ထား အဲဒီမိုးစက်တွေ၊ မိုးချိန်းသံတွေကို မကြောက်တော့ပေ။ မေမေရဲ့နွေးထွေးမှု၊ မေမေရဲ့အကြင်နာ၊ မေမေ့အချစ်တွေနဲ့ ပေးခဲ့ရတဲ့ဘဝမှာ ဘာကိုမှ ကြောက်ရမှန်း မသိတော့။

သူ့ရင်ထဲမှာ မေမေကို အငမ်းမရ တမ်းတနေဆဲ။ ခုလို မိုးတွေသည်းပြီဆိုပိုဆိုးလှသည်။ မေမေ သူ့ကိုတစ်နေရာရာက သတိရနေပြီလား။ ဒါမှမဟုတ် တဂျိန်းဂျိန်းနဲ့ မိုးချိမ်းသံတွေကြား ထားဆီ အပြေးလာပြီလား။

ထားစိတ်ထဲမှာ မေမေကိုမေးမဲ့ မေးခွန်းတွေအများကြီး။ ဝရန်တာပေါ်က လှမ်းမြင်နေရတဲ့ ဝါးရုံပင်ကြီးတွေ၊ သစ်ပင်ကြီးငယ်တွေကိုကြည့်ရင်း မေမေ့အရိပ်များ တွေ့မိလေမလားလို့ ရှာရတာအမော။

ထိုအချိန်တွင် မိုးသံတွေက ပို၍ပို၍ ကျယ်လောင်ဆူပွက်လာ၏။ ခြံထဲက သစ်ကိုင်းသစ်ခက်တွေလည်း တဖြောက်ဖြောက်နဲ့ ကျိုးကျကုန်၏။

သစ်ရွက်တွေလည်း တလျောလျောနဲ့ ကြွေသံတွေကို အတိုင်းသားကြားနေရ၏။ ထား တစ်ကိုယ်လုံးလည်း မိုးစက်တွေ





ရွဲလို့။ တံခါးဘေးက မထနိုင်သေး။ ဝရန်တာဘက်ကို ငေးရင်း မေမေ့ကို တမ်းတနေမိ၏။ ချမ်းလို့ ချမ်းရမှန်းပင် မသိတော့။ မိုးစက်မိုးပေါက်တွေကို သူကျေးဇူးတင်မိသလိုပင်။

သူတို့ကြောင့် မေမေ့ကို ထား သတိရလာမိသည်။ မေမေ ဘာကြောင့် သူ့ကိုထားသွားရသလဲ . . ဆိုတဲ့မေးခွန်းကို အခါခါ သူရေရွတ်နေမိသည်။ အမှန်တော့ မေမေထွက်သွားတာ ဘယ်သူမှမသိလိုက်၊ ဖေဖေကလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတာမို့ မေမေ ပျောက်သွားတာကို မသိခဲ့။

ထားကလည်း စာမေးပွဲနီးနေချိန်မို့ စာကြည့်စားပွဲမှာ တစ်နေကုန်တစ်နေခမ်း ထိုင်ခဲ့ရသဖြင့် မောမောနှင့်အိပ်ပျော်သွားခဲ့၏။ မေမေထွက်သွားတာ ခုလိုညကြီးမင်းကြီးပါပဲ။ ပဟေဠိ ဆန်လွန်းလှသော မေမေအကြောင်းကို ထား နားမလည်နိုင်။

ဖေဖေနှင့်လည်း စကားစမြည်များခဲ့သည်မဟုတ်။ ပြီး မေမေက ဖေဖေ့ကို အရမ်းဂရုစိုက်ခဲ့၏။ ဒါပေသည့် ဖေဖေမှာ အပြင်စီးပွားရေးလုပ်ငန်းကို ဦးဦးစီးစီး ဦးဆောင်လုပ်နေသူမို့ အိမ်ကလူတွေကို လှည့်မကြည့်အား။

ဖေဖေက သူကိုယ်တိုင် ရှယ်ရာထည့်ထားသည့် "မိုးသစ္စာ" ကုမ္ပဏီကြီးတွင် အထွေထွေမန်နေဂျာတာဝန်ကို ထမ်းဆောင်နေရသဖြင့် နေ့နေ့ညည အလုပ်ရှုပ်နေတတ်၏။

မေမေပျောက်သွားတဲ့နေ့က ဖေဖေအိမ်မှာမရှိ။ သူ့ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



မမေ့ရယ် ဒေါ်လေးဝတ်မှုံရယ် ပြီး မေမေ့မောင်တစ်ဝမ်းကွဲ ဦးလေးဘသော်ရယ်ပဲ ရှိခဲ့ကြသည်။

အဲဒီတုန်းက ထားခမျာမှာလည်း စားမေးပွဲကြောင့် စာကြည့်ခန်းထဲက မထွက်နိုင်။ မေမေကတော့ ညစဉ် ကော်ဖီမစ်ဖျော်ထားတဲ့ ဓာတ်ဘူးကလေးရယ်၊ မုန့်ထုပ်ကလေးရယ် ကိုင်ပြီး ရောက်လာတတ်၏။

သူ့ဘေးနားထိုင်ပြီး စားကောင်းသောက်ဖွယ်လေးတွေကို စီစဉ်ပေးထားတတ်၏။ အဲဒီတုန်းက ထားက ဆယ်တန်းဖြေ အသည်းအသန် ကြိုးစားနေရတဲ့အချိန်။

ဖေဖေကကော့ သူ့ကိုဆရာဝန်မကြီးပဲ ဖြစ်စေချင်သည်။ မေမေကတော့ ဖေဖေ့လို မဟုတ်။ "ငါ့သမီးလေး ပညာတတ်ဖြစ်ရင် ကျေနပ်ပါပြီကွယ်၊ ဒါမှ သမီးဟာ လောကအကြောင်း သူတွေအကြောင်းကို နားလည်လာမှာတဲ့" မေမေရဲ့စကားကို သားနားမလည်ခဲ့တာ အမှန်ပင်။

မေမေက အရမ်းရိုးရိုးအေးအေး နေတတ်သူ၊ ပြီးတော့ အရှက်အကြောက်လည်း အရမ်းကြီးလှသည်။ ကလေးကလား အလုပ် ဘယ်တော့မှ မလုပ်။ မေမေ့ကိုကြည့် ဆယ့်နှစ်ရာသီ သနပ်ခါးဖွေးနေတတ်၏။

သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းပြီး အိမ်မှုကိစ္စကို တကုတ်ကုတ်လုပ်နေတတ်၏။ စကားပြောကလည်း နည်းလှ၏။





တစ်ခါတစ်ခါ ဖေဖေကပေါင် မေမေ့ကို 'တေမိမကြီး' ဆိုပြီး နောက်တတ်ပြောင်တတ်၏။ အဲဒီလောက် ရိုးအေးတဲ့ မေမေ။ ခုတော့လည်း မပြောမဆိုပဲ သူတို့ကိုထားပြီး ထွက်သွားခဲ့ချေပြီ။ ဘာကြောင့်ဆိုတာ ထားလည်း နားမလည်နိုင်သလို ဖေဖေလည်း အံ့သြတကြီးဖြစ်ခဲ့၏။

အဲဒီတုန်းက ဖေဖေ အလုပ်က ပြန်လာပြီး အိမ်ထဲလည်းရောက်ရော မေမေ့ကို တမေးထဲမေးခါ ဟိုဟိုဒီဒီရှာခဲ့၏။ မေမေ့အသံလည်းကြားရော ထားလည်း စိတ်ပူပြီး စာကြည့်စားပွဲက ထကာ မေမေ့ကိုရှာဖွေခဲ့၏။ တစ်အိမ်လုံး အနှံ့ရှာသော်လည်း မေမေ့အရိပ်အယောင်ကိုပင် မတွေ့ရခဲ့ပေ။

အိမ်သားတွေကိုမေးတော့လည်း ဘယ်သူမှ ရေရေရာရာမဖြေနိုင်။ မေမေထွက်သွားပုံက ဘယ်သူမှမသိအောင် ထွက်သွားပုံပင်။ အဲဒီည ထားလည်း စာမကျက်နိုင်တော့။ ဖေဖေနဲ့အတူ မေမေ့ကိုရှာခဲ့၏။ အသိတွေ၊ မိတ်ဆွေတွေဆီ ဖုန်းဆက်တော့လည်း ဘာမှထူးမလာ။

မေမေသွားတတ်လာတတ်သည့် နေရာတွေကို နောက်တစ်နေ့မိုးလင်းတာနဲ့ လှုဖြန့်ပြီး ရှာခဲ့ကြသည်။ ဒီလိုနဲ့ တစ်ပတ်လောက်ရှာပုံတော် ဖွင့်ခဲ့ကြသော်လည်း မေမေ့သတင်း၊ မေမေ့အရိပ်ကိုပင် မကြားရ။

ထား ဖေဖေ့ကိုဖက်ပြီး ရှိုက်ကြီးတငင်ငိုကြွေး၏။

www.burmeseclassic.com



မေအောက်တော့ ထားလို မငို၊ ငူငူကြီး တွေတွေကြီးဖြစ်နေ၏။ နောက်ဆုံး မေမေဘာကြောင့်ထွက်သွားရသလဲဆိုတာ နောက်ကြောင်းပြန်ပြီး အစရှာခဲ့၏။

ဖေဖေ့ကလည်း မေမေနဲ့ တစ်ခွန်းတစ်ပါဒမျှ စကားမများခဲ့။ အိမ်သားတွေနဲ့လည်း ဘာမှမဖြစ်ခဲ့။ ထူးဆန်းလွန်းလှတာမို့ တစ်အိမ်လုံးအံ့ဩခဲ့ရသည်။ စဉ်းစားမရနိုင်အောင် ဖြစ်ခဲ့ရသည်။

"ထား" မေမေ့စိတ်ကြောင့် စာမေးပွဲမဖြေချင်တော့။ ဒါပေသည့် ဖေဖေ့ဒွတ်အဓမ္မပြောလို့လဲ စာမေးပွဲကိုမျက်စိမှိတ်ပြီးဖြေခဲ့ရသည်။ အဲဒီလို ကာလတွေမှာ စားလဲ မေမေ့စိတ်၊ အိပ်လဲ မေမေ့စိတ်မို့ ထားနေလို့ထိုင်လို့မရ။ ဖေဖေလည်း သူ့လိုပင် အလုပ်တောင် မှန်မှန်မဆင်းတော့။ အပန်းဖြေခန်းထဲ တစ်ယောက်ထဲ ထိုင်နေတတ်၏။

တစ်ခါတစ်ရံ ရှန်ပိန်သောက်ရင်း မူးမူးပြီး မေမေ့အမည်ကို ခေါ်နေတတ်၏။ အဲဒီလိုနဲ့နောက်ဆုံးတော့ စခန်းကို လူပျောက်မှုနှင့်တိုင်ခဲ့ရသည်။ စခန်းမှူးဘတင်ကလည်း ဖေဖေနဲ့ သွေးသားတော်စပ်သည်မို့ မေမေကို နေရာအနှံ့ဖြန့်ပြီး ရှာခဲ့၏။

ပြီးတော့ သတင်းစာတွေ၊ ဂျာနယ်တွေထဲကလည်း မေမေ "မိုးလှဲ့ရည်"အမြန်ပြန်လာဖို့ သတင်းတွေ ကြော်ငြာ မတွေထည့်ခဲ့၏။ ဒါပေမည့် လေးငါးခြောက်လတိုင်သည်အထိ



မေမေ့သတင်းကို အစအနပင် မရခဲ့။ စခန်းမှူးဘတင်ကလည်း အိမ်ကိုအခါခါ ဝင်ထွက်သွားလာရင်း မေမေ့နောက်ကြောင်းကို စုံစမ်းခဲ့၏။

မေမေသွားတတ်လာတတ်သော၊ မေမေဆက်ဆံရင်းနှီးခဲ့သော လူတွေဆီကို ချောင်းပေါက်မတတ်သွားခဲ့၏။ သို့ပေမယ့်လည်း အခြေအနေက ဘာမှထူးခြားမလာ။ အဲဒီလိုနဲ့ မေမေပျောက်သွားခဲ့ရသည်မှာ သုံးနှစ်ပင်ရှိခဲ့ပြီ ဖြစ်သည်။

ဖေဖေလည်း လုပ်ငန်းတွေလစ်ဟင်းကိုမှာစိုး၍ သူ့အလုပ်ထဲပြန်နှစ်မြှုပ်ခဲ့ရသည်။ ဖေဖေက "နှင်းရိပ်မြိုင်"ဆိုတဲ့ မြို့ကလေးမှာ ဂုဏ်သရေရှိလူကြီးတစ်ဦး၊ လူချစ်လူခင်ပေါလှသလို အသိုင်းအဝိုင်းအားလုံးကလည်း ဖေဖေ "ဦးသက်ဦးခိုင်" ကို တလေးတစား ဆက်ဆံခဲ့ကြ၏။ ထားက ဆယ်တန်းအောင်ပြီး ရန်ကုန်မှာ တက္ကသိုလ်ဆက်တက်ခဲ့ရ၏။

ဖေဖေ့ညီမ ဒေါ်ကြီး 'ဝေဦးခိုင်'အိမ်တွင် ထားနေခဲ့ရသည်။ ဒေါ်ကြီးက အပျိုကြီး၊ ပစ္စည်းဥစ္စာကလည်း ကျိကျိတက်ချမ်းသာလှ၏။ သူ့အိမ်တွင်နေရသည်မှာ ဘာမှကို လိုလေသေးမရှိ။

ခုလည်း ကျောင်းပိတ်လို့ အိမ်ပြန်လာခဲ့ရခြင်းဖြစ်သည်။ နှင်းရိပ်မြိုင်နဲ့ရန်ကုန်က မိုင်နှစ်ရာလောက်သာ ဝေး၏။ ဓာတ်ချက်မြှုပ်ဆိုတော့လည်း ပြန်မယ်လုပ်ကတည်းက ထားပျော်မိတာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ ဖေဖေ့ကိုမြင်တာနဲ့ မေမေ့ကို သတိရလိုက်တာ အရမ်းပဲ၊ ဒါပေမယ့် ဖေဖေက ထားရဲ့ရင်ထဲက ဒေဝဒနာဖတ်မိပုံပင်။

ဒါကြောင့်လည်း နွေးထွေးစွာပွေ့ဖက်ကြိုဆိုခဲ့၏။ ထားလုပ်ချင်တာမှန်သမျှကို လုပ်ပေးခဲ့၏။ ခုလည်း ဖေဖေက ထားအတွက် တိုင်တန်းနစ်အခွေဝယ်လာသဖြင့် ထားတစ်နေ့ခင်းလုံး ထိုင်ကြည့်မိသည်။

ဒါကြောင့်လည်း ညဦးပိုင်း အိပ်ရာစောစောဝင်ခဲ့ခြင်းဖြစ်သည်။ ခုတော့ မိုးသံတွေကြောင့် ထားအိပ်နေရာမှလန့်နိုးခဲ့ရခြေပြီ။ ဒီတော့ သူ မေမေ့ကို သတိရလွန်းသဖြင့် တံခါးဘောင်တွင် အချိန်ကြာမြင့်စွာ ထိုင်ခဲ့မိ၏။

သူသတိရလာတော့ တစ်ကိုယ်လုံး ရွှဲရွှဲစိုလို့။ ထိုင်ရာမှ ဖြည်းညင်းစွာထလိုက်ပြီး ဝရန်တာတံခါးကို ဆွဲပိတ်မည်ပြုလိုက်၏။

"ဟင်"

မြင်ကွင်းကြောင့် အထိတ်တလန့်ဖြစ်သွား၏။ မိုးမှုန်မိုးစက်တွေကြား ဝိုးတဝါးမြင်နေရသော ခြံလမ်းကလေး . . အဲဒီလမ်းကလေးပေါ်တွင် လူတစ်ယောက် လဲကျနေသလိုပင်။

မြင်ကွင်းကိုကြည့်ရင်း ထားမျက်လုံးအပြူးသားဖြစ်သွား၏။ ဟုတ်မှဟုတ်ရဲ့လား ဆိုသည့်အတွေးနှင့် ဝရန်တာအ





ပြင်ဘက်ထွက်ပြီး ကြည့်လိုက်၏။

"အို . . လူတစ်ယောက် လဲနေပါလား၊ ဘယ်သူပါလိမ့်ဒုက္ခပဲ"

စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွား၏။ သူခိုးဓားပြများလားဒါမှမဟုတ် ဒုက္ခရောက်နေတဲ့ ဒုက္ခသည်တစ်ဦးလေလားလို့တွေးမိ၏။

ထိုအချိန်တွင် ခြံထဲမှာတော့ မိုးသံလေသံမှလွဲ၍ အခြားအသံဗလံတွေ တိတ်ဆိတ်နေ၏။ ထားသည် ကိုယ်ပေါ်က ညဝတ်အကျီရှည်ကြီးကို လျောခနဲချွတ်ချလိုက်၏။

ထို့နောက် ကုတင်တန်းတွင်ချိတ်ထားသော မွေးပွသဘက်ဖြူဖြူကြီးကို လှမ်းယူပြီး တစ်ကိုယ်လုံးပွတ်တိုက်လိုက်၏။

ပြီးသည်နှင့် ဘီရိုထဲမှ ကတ္တီပါညဝတ်အကျီအနက်ရောင်တစ်ထည်ကို ထုတ်ဝတ်လိုက်၏။ သူ့အကြည့်တွေကတော့ ခြံလမ်းကလေးပေါ် ရောက်ရှိနေဆဲ။

ထိုစဉ် ခြံလမ်းကလေးပေါ်တွင် လဲကျနေသူမှာ လှုပ်လိမ့်နေသည့်ပုံပင်။ ထားသည် စာကြည့်စားပွဲအံဆွဲထဲမှ လက်နှိပ်ဓာတ်မီးကို ယူလိုက်၏။

ပြီးသည်နှင့် အိမ်ကြီးလှေကားပေါ်မှ အမြန်ဆင်းခဲ့၏။ ဧည့်ခန်းတစ်ခုလုံး မှောင်မိုက်နေ၏။ ထားသည် ခေါင်းရင်းနားရှိ ဘီရိုပေါ်မှ ယမာစုထီးကလေးကို လှမ်းယူပြီး အိမ်ရှေ့တံခါး



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လျှောက်ခဲ့၏။ တံခါးရှေ့ရောက်သည်နှင့် သော့နှင့် သော့ခလောက်ဖွင့်လိုက်ပြီး အပြင်ကိုထွက်လိုက်၏။ လက်ထဲက ထီးကလေးကို ဖျတ်ခနဲဖွင့်လိုက်ပြီး လက်တစ်ဖက်က လက်နှိပ်ဓာတ်မီးခလုတ်ကို နှိပ်လိုက်၏။

မီးရောင်ကြောင့် အိမ်ရှေ့ပေါ်တီကို တစ်ခုလုံးလင်းလက်သွား၏။ ထိုအခါ အောက်သို့ဆင်းခဲ့ပြီး ခြံလမ်းကလေးအတိုင်း လျှောက်ခဲ့လေ၏။

"ဟင် .. လူကြီးတစ်ယောက်ပါလား၊ ဘုရား . . ဘုရား ဘယ်လိုဖြစ်တာပါလိမ့်"

လဲကျနေသော လူကြီးနားအရောက် လက်နှိပ်ဓာတ်မီးနှင့်လှမ်းထိုးလိုက်၏။ ခြံလမ်းကလေးပေါ်တွင် ပက်လက်အနေအထားနှင့် လဲကျနေသော လူရွယ်တစ်ဦး။

ဆံပင်တွေကလည်း မျက်နှာပေါ် ဖို့ယို့ဖားယားဖွာလန်ကြဲနေ၏။ ဂျင်းဘောင်းဘီအပြာနုရောင်၊ သက္ကလပ်အနက်ရောင်ဝတ်ထားသော လူတစ်ဦး။

ပါးစပ်ကလည်း တအင်းအင်းညည်းညူနေ၏။ ထား သူ့နားကိုအရမ်းမတိုးရဲ။ လူစိမ်းမှန်းမသိ လူကျက်မှန်းမသိမို့ ထိတ်လန့်နေမိတာ အမှန်ပင်။ သို့ပေမယ့်လည်း လေသံစူးစူးကလေးနှင့် မေးလိုက်၏။

"ဟို . . ဒီ . . ဒီက ဘယ်သူလဲ . . ဘယ်လိုဖြစ်ပြီး





ဒီရောက်နေတာလဲရှင်"

"အား . . အား . . အီး"

"ပြောလေ . . ရှင်ဘယ်သူလဲ . . ဘယ်ကလဲ"

"အား"

"ဒုက္ခပါပဲ"

သူ တစ်ဖက်ကပြန်ပြောသံ မကြားရ၍ ဦးနှောက်ခြောက်နေ၏။ ထိုစဉ် လဲကျနေသူထံမှ တိုးမြှင်းသောအသံကလေး ထွက်ပေါ်လာ၏။

"ကျွန် . . ကျွန်တော် . . ကျွန်တော် လူ . . လူကောင်းပါခင်ဗျာ . . ဟို . . ကျွန်တော် လူဆိုးတစ်သိုက်က သတ်မယ်ဆိုပြီး နောက် . . နောက်ကလိုက်လာတာနဲ့ ဒီ .. ဒီခြံထဲဝင်ပြေးမိတာပါ၊ ဟို . . ကျွန်တော့်ကို ကယ် . . ကယ်ပါ ခင်ဗျာ"

"အို့"

"ကျွန် . . ကျွန်တော်ပြောတာယုံပါ၊ ခုလဲ ဟို . . ကျွန်တော် . . ကျောမှာ သူတို့လက်ချက်နဲ့ ဒဏ် . . ဒဏ်ရာ ရထားပါတယ်"

"ဟင်"

ပြောပြောဆိုဆိုနှင့် တစ်ဖက်သို့စောင်းပြလိုက်သည်။ ထားလက်ထဲက လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်၏။

"အို . . သွေး . . သွေးတွေရွဲလို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . ဟုတ်ပါတယ်ဗျာ . . ကယ် . . ကယ်ပါဦး ကျွန် . . ကျွန်တော် လူကောင်းပါ"

"ဒါ . . ဒါ ဆို ရှင်လျှောက်နိုင်လား"

လဲနေသည့်လူက သူ့အမေးစကားကို ခေါင်းယမ်းပြလိုက်၏။ ထိုအခါ ထားသည် လက်နှိပ်ဓာတ်မီးကို ချိုင်းကြားညှပ်လိုက်ပြီး လဲကျနေသူအား ဆွဲထူလိုက်၏။

ခန္ဓာကိုယ်က အလေးချိန်ပေါင်နှစ်ရာလောက်တောင် ရှိနိုင်သည်မို့ ထားတစ်ယောက် တအင်းအင်းဖြစ်နေ၏။

"အို . . အားတင်းပြီးထပါ၊ ကျွန်မပဲ ရှင့်ကိုတွဲပါ့မယ်"

"ဟုတ် . . ဟုတ်ကဲ့ . . ကျေး . . ကျေးဇူးတင်ပါတယ် ခင်ဗျာ"

လဲကျနေသူသည် ထား၏ပခုံးလေးကို လက်တစ်ဖက်နှင့် တွဲကာ အားယူထလိုက်၏။

"ကဲ . . ဒါဆို ကျွန်မတို့အိမ်ထဲ ဝင်ရအောင် အပြင်မှာ မိုးတွေတအားသဲနေတယ် ကြာရင် ရှင်ဒုက္ခရောက်လိမ့်မယ်"

"ဟုတ် . . ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် လဲကျနေသောလူစိမ်းကို အိမ်ကြီးပေါ်သို့ မနိုင့်တနိုင်နှင့် တွဲခေါ်ခဲ့ရသည်။ ဧည့်ခန်းထဲက ဆိုဖာပေါ်လည်းရောက်ရော လူစိမ်းခမျာ ဖျတ်ခနဲ သတိလစ်သွားလေတော့၏။ ထားမှာ သူ့ကိုကြည့်ရင်း မျက်လုံးမျက်ဆန်ပြူးသွား၏။





ထို့ကြောင့် တယ်လီဖုန်းစင်သို့ အမြန်ပြေးခဲ့ပြီး ဖင်မလီဒေါက်တာကို ဖုန်းဆက်ခေါ်လိုက်လေသည်။ ဖုန်းသံကြောင့် တစ်အိမ်သားလုံး နိုးလာ၏။ ထားနှင့်လူစိမ်းတစ်ယောက်ကိုမြင်တော့ အားလုံးအံ့သြနေကြ၏။

ထိုအချိန်တွင် ထား၏ဖခင် ဦးသက်ဦးခိုင်ကလည်း နှင်းရိပ်မြိုင်တွင်မရှိ၊ ရန်ကုန်ဘက်သို့ အလုပ်ကိစ္စတစ်ခုနှင့် ထွက်သွားသည်မှာ သုံးရက်ခန့်ပင်ရှိခဲ့ပြီဖြစ်သည်။

ဒေါ်လေးဝတ်မှုံနှင့် ဦးလေးဘသော်တို့မှာ ထားပြောသမျှကိုနားထောင်ရင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြ၏။

"ဒုက္ခပါပဲ . . ကလေးရယ်၊ ဘယ်သူလူမှန်းလဲမသိ တော်ကြာ အမှုတွေဘာတွေ ပတ်လာဦးမယ်ကွ"

"အို . . ဒေါ်ဒေါ်ကလဲ ထားက သနားလို့ကယ်မိတာပါ၊ အိမ်အပြင်မှာ ထားရင် သူဟာ မကြာခင်သေသွားမှာပေါ့"

"ဒုက္ခပါပဲ"

ဒေါ်လေးဝတ်မှုန်မှာလည်း ထားစကားက မှန်နေသည်မို့ ဘာတစ်ခွန်းမှပြန်မပြောချင်။ ထိုအချိန်တွင် ဖင်မလီဒေါက်တာ အောင်ထိန်ဝင်းရောက်ရှိလာ၏။ လူနာကိုကြည့်ပြီး ဆေးအိတ်ထဲမှ ဆေးပုလင်းများ၊ အပ်များ၊ ဂွမ်းဖတ်များထုတ်ခါ ကုသလိုက်၏။ တအောင့်ကြာသော် လူစိမ်း သတိရလာ၏။

"ဟင် . . ဒါ . . ဒါ ဘယ်နေရာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . မထနဲ့လေ . . ရှင့်ဒဏ်ရာကို ကုဖို့ ဒေါက်တာ ရောက်နေတယ်"

"ဟင်"

ကိုလူစိမ်းမှာ ထားကိုတစ်လှည့် ဒေါက်တာအောင်ထိန် ဝင်းကိုတစ်လှည့်ကြည့်ရင်း ကြောင်စီစီဖြစ်နေ၏။ ထိုစဉ် ဒေါက် တာအောင်ထိန်ဝင်း စကားသံထွက်လာ၏။

"အင်း . . ကော့စ်က ပုလိစ်ကော့စ်ဗျ .. ဒီကိစ္စ စခန်းကို အကြောင်းကြားမှဖြစ်မယ်၊ လောလောဆယ်တော့ ဒဏ်ရာသက် သာအောင် ကုပေးပါ့မယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ပြောပြောဆိုဆိုနှင့် ကိုယ်ပေါ်မှ သက္ကလပ်ကုတ်ကြီးကို ချွတ်ခါ ကျောမှဒဏ်ရာကို ဖန်ရေဆေးလိုက်၏။ ထို့နောက် ဆေး ထည့်ပေးလိုက်ပြီး ဆေးတစ်လုံးထိုးလိုက်၏။ ပြီးသည်နှင့် ဆေးစာ တစ်စောင်ရေးပြီး ထားကိုပေးလိုက်၏။

"ကဲ . . ဒီကိစ္စကို မူခင်းဆိုင်ရာ ဆရာဝန်ဆီအကြောင်း ကြားလိုက်ပါ ထား"

"ဟုတ်ကဲ့ ဒေါက်တာ"

"ဒါဆို ကျွန်တော်ပြန်တော့မယ် သူ့ကို သွေးတိတ်ဆေး နဲ့ အနာကျက်ဆေးတော့ ထိုးခဲ့တယ်၊ ဒီဒဏ်ရာက မားဒဏ်ရာ ဗျ"





"ဟင် . . ဟုတ်လား"

"အို . . ဘုရား . . ဘုရား"

သူတို့တစ်အိမ်သားလုံး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ် ကုန်၏။ ထိုစဉ် ဒေါက်တာအောင်ထိန်ဝင်းမှာ ဆေးအိတ်ဆွဲပြီး အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

ကိုလူစိမ်းမှာလည်း ဆေးအရှိန်ကြောင့် ပြန်လည်အိပ် မောကျသွားလေသည်။ ထိုအချိန်တွင် ထားတို့လူစုမှာတော့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေကြတာအမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ပဟေဠိဆန်သောလူ

"ရှင် . . ဘယ်သူလဲ"

"ဗျာ . . ဟို . . ကျွန်တော် . . ကျွန်တော် . . ."

"အို . . ဘယ်လိုဖြစ်နေတာလဲ . . ရှင့်နာမည်ရှင်မမှတ်မိဘူးလား"

"ဟုတ် . . ဟုတ်ကဲ့ . . ကျွန်တော့်နာမည် ဟို . . ထွန်းအုံပါ ခင်ဗျာ . . ဒါ . . ဒါထက် . . ဒီက"

"ကျွန်မနာမည်က ဝေဝေထားပါ၊ ထားလို့အတိုကောက်ခေါ်နိုင်ပါတယ်၊ ဒါထက် ကိုထွန်းအုံဒဏ်ရာ သက်သာရဲ့လား"





"နာနေတုန်းပါပဲဗျာ"

"ဟုတ်လား ဒဏ်ရာက အတော့်ကိုဆိုးတာပဲ ကျွန်မစိတ်ထင်တော့ ရှင်ကျောထဲကို နှစ်လက်မလောက် စိုက်ဝင်သွားတဲ့ပုံပဲ"

"ဟုတ် . . ဟုတ်တယ် မထား၊ သူ . . သူတို့ထဲမှာ ဓားပေါက်အရမ်းတော်တဲ့ လူတွေလဲပါတယ်၊ ကျွန်တော် လွတ်အောင်ပြေးပေမယ့် ပစ်လိုက်တဲ့ဓားချက်ကို လွတ်အောင်မရှောင်တိမ်းနိုင်ခဲ့ဘူး အား . . ကျွတ် . . ကျွတ်"

"အို . . မထနဲ့လေ . . ကျောကို ဖိမိသွားမှာပေါ့"

"အား . . ကျွတ် . . ကျွတ်"

ထွန်းအုံဆိုသူမှာ ကုတင်ပေါ်မှ အတင်းလူးလဲထမည်လုပ်လိုက်သဖြင့် ထားက ဟန့်တားလိုက်၏။ ဒေါက်တာအောင်ထိန်ဝင်းပေးခဲ့သောဆေးကို ဒဏ်ရာထဲထည့်ပေးလိုက်ပြီး ပတ်တီးစည်းပေးလိုက်၏။

ထွန်းအုံမှာ ထားပြုသမျှကို ကလေးငယ်တစ်ယောက်လို ငြိမ်သက်စွာခံယူနေ၏။ ထားကိုယ်ကလေးမှ ထွက်လာသော ကိုယ်သင်းနံ့ကလေးကြောင့် ထွန်းအုံ၏နောက်ကျိကျိအတွေးများမှာ ကြည်လင်သွား၏။

ထားကတော့ သူ့ကိုကလေးငယ်တစ်ယောက်လို ပြောဆိုပြီး ဒဏ်ရာကို ဖန်ရေဆေးကာ ဆေးထည့်ပြီးသည်နှင့် ပတ်

www.burmeseclassic.com

www.burmeseclassic.com



တီးဖြူဖြူလေးနှင့် စည်းနှောင်လျက်ရှိ၏။

"ကိုထွန်းအုံ"

"ဗျာ"

"ဒီကိစ္စ ဆိုင်ရာအကြောင်းကြားမှဖြစ်မယ်လေ . . တော်ကြာ ဒါထက်ပိုဆိုးလာရင် ခက်နေဦးမယ်"

"ဟာ . . မ . . မလုပ်ပါနဲ့ ထားရယ်"

"အို . . ဘယ်လိုဖြစ်လို့တုန်း တော်ကြာ ကျွန်မတို့ဘက်ပါ အမှုပတ်လာရင် အခက်ရှင့်"

"စိတ်ချပါ မထားရယ် . . ကျွန်တော်လူကောင်းပါ၊ မထားတို့ကို မထိခိုက်စေရပါဘူး"

"အို . . ရှင့်ကို ကျွန်မက လူဆိုးလို့ပြောတာ မဟုတ်ဘူးလေ၊ ရှင့်နောက်က လိုက်လာတဲ့လူတွေကိစ္စက ရှိသေးတယ် မဟုတ်လား"

"ဟ . . မ . . မတိုင်ရဲဘူးဗျ . . မထား၊ သူတို့ဟာ ကျွန်တော့်ကို သဲကြီးမဲကြီးရှာနေတာဗျ"

"ဟင်"

"ဟုတ်တယ် မထား . . အမှန်တော့ သူတို့ဟာ ကျွန်တော့်ကို အသေရရ အရှင်ရရလိုချင်နေတာဗျ"

"ဟုတ်လား . . နေပါဦး ကိုထွန်းအုံ၊ အဲဒီလူတွေနဲ့ ရှင်ဘယ်လို တွေ့တာလဲ"





သူ့စကားကြောင့် ထွန်းအုံတစ်ယောက် တွေခနဲဖြစ်သွား၏။

"ပြောပါဦး ရှင်"

"ဟို . . အဲ . . ကျွန်တော် . . ."

"ဘာလဲ ရှင်ပြောဖို့ ခက်နေသလား"

"ဒီ . . ဒီလိုပါ မထား . . ကျွန်တော်က ရေပြာအင်းမြို့ကပါ"

"အော် . . ရေပြာအင်းကကိုး"

"ဟုတ် . . ဟုတ်ပါတယ် ကျွန်တော် နေတဲ့အိမ်ကြီးကို သူတို့လူစုရောက်လာပြီး ကျွန်တော်တို့မိသားစုကို ရက်ရက်စက်စက်ဒုက္ခပေးသွားတယ်လေ၊ ပြီးတော့ ကျွန်တော့်ကိုလဲ အတင်းကြိုးတွေနဲ့တုတ်ပြီး ခေါ်လာတာ အဲဒါ လမ်းမှာ သူတို့ လစ်တုန်း ထွက်ပြေးရင်း ဒီကိုရောက်လာတာပါပဲ . . မထားရယ်"

"အို . . ဒါဆို ရှင့်မိဘတွေ . . ."

"ဟုတ်တယ် မထား ဖေဖေကလည်း အိမ်မှာမရှိဘူး၊ မေမေရယ် ညီမလေးဒေဝီရယ်ပဲ ကျန်ခဲ့တာ သူတို့လဲ ဘယ်အခြေနေတွေ ဖြစ်ကုန်ပြီလဲ မသိဘူး အား . . ကျွတ် . . ကျွတ်"

"မထနဲ့လေ"

"မဖြစ်ဘူး မထား ကျွန်တော် မေမေဆို့ဆီကို ပြန်သွားမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို . . ရှင့်ဒဏ်ရာကြီးက ကျက်သေးတာမှ မဟုတ်တာ"

"ရ . . ရပါတယ်ဗျာ .. ကျွန်တော် ဒီမှာ တစ်ရက်နှစ်ရက်နေပြီးတာနဲ့ ပြန်ပါရစေ"

"အို . . ဒုက္ခပါပဲ"

ထွန်းအုံ့အသွင်က ချက်ချင်းထသွားတော့မည့်ပုံပင်။ ထားမှာ သူ့ကိုကြည့်ပြီး ဘာပြောလို့ ပြောရမှန်းမသိဖြစ်နေ၏။

"အား . . ကျွန်တော် . . ကျွန်တော်သွား . . ."

"နေပါဦး ကိုထွန်းအုံ့ရယ် . . ရှင့်ဒဏ်ရာကျက်တာနဲ့ သွားပေါ့"

"ရ . . ရပါတယ်ဗျာ"

"အို . . ဘယ်ကရရမှာလဲ၊ ကဲပါ . . လှဲနေပါဦး"

ထားဖွတ်ပြောတော့မှာ ထွန်းအုံ့တစ်ယောက် ကုတင်ပေါ်ပြန်၍ လှဲအိပ်သွား၏။

"ဒီကိစ္စကို ဖြည်းဖြည်းခြင်းလုပ်မှ ဖြစ်မှာပေါ့ ကိုထွန်းအုံ့ရယ်"

"ဟာ . . ဖြည်းလို့မရဘူးမထား၊ သူတို့က မေမေနဲ့ ညီမလေးကို ဘာတွေလုပ်ခဲ့ပြီလဲ မသိဘူးဗျ"

"နေပါဦး ဘာကြောင့် ခုလိုလုပ်တာလဲ ကိုထွန်းအုံ့"

"ဟင်"





သူ့အမေးစကားကို ထွန်းအုံ့ကြောင်စီစီဖြစ်နေ၏။ တအောင့်အကြာတွင် ထွန်းအုံ့သည် သက္ကလပ်ကုတ်အင်္ကျီအောက်ခံအိတ်ထဲမှ အလူမီနီယမ်ဗူးလေးတစ်ဗူးကို ဆွဲထုတ်လိုက်၏။

အရှည်ကား သုံးလက်မသာသာ ရှိ၏။ အဖုံးအဖွင့်အပိတ်နှင့်လုပ်ထားသော အလူမီနီယမ်သေတ္တာအသေးစားလေး။

ထွန်းအုံ့သည် ယင်းသေတ္တာလေးကို ဆွဲထုတ်လိုက်ပြီး ဝေဝေထားဆီသို့ လှမ်းပေးလိုက်၏။

"အို . . အဲဒါ ဘာလုပ်ဖို့လဲ"

"ယူထားလိုက်ပါ မထား . . သူတို့လိုချင်တာ အဲဒီပစ္စည်းပါပဲ"

"ဟင်"

"ဟုတ်ပါတယ် မထား . . ကျွန်တော် မထားဆီမှာပဲ ထားခဲ့ချင်တယ်၊ ဖြစ်နိုင်ရင် လုံခြုံတဲ့နေရာမှာ သိမ်းထားပေးပါနော် . . တစ်ချိန်ချိန်မှာ ကျွန်တော်လာယူပါမယ်"

"အို . . ဖြစ် . . ပါ့မလား"

"ဖြစ်ပါတယ် မထား . . ဒီကိစ္စ ဘယ်သူမှတော့ မသိစေချင်ဘူး"

"ဒါဆို ရှင်ဘယ်တော့ ပြန်လာယူမှာလဲ"

"မကြာစေရပါဘူး မထား . . ကျွန်တော် ဒီကပြန်သွားပြီးတာနဲ့ တစ်ပတ်နှစ်ပတ်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . ဒါဆို ကျွန်မသိမ်းထားပါ့မယ်"

"ကျေးဇူးပါပဲဗျာ . . မထားဟာ ကျွန်တော့်ရဲ့အသက်သခင်ကျေးဇူးရှင်ပါဗျာ . . ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး"

"ရပါတယ်ရှင် . . ကိုင်း . . ဒါဆို လဲ ရှင် ခဏအိပ်လိုက်ဦး ကျွန်မလုပ်စရာရှိတာတွေ လုပ်ရဦးမယ်"

"ဟုတ် . . ဟုတ်ကဲ့"

ထား သူ့ကိုပြောဆိုပြီးသည်နှင့် အခန်းထဲမှထွက်ခဲ့ကာ အိမ်ကြီးအပေါ်သို့တက်ခဲ့၏။ သူ့အိပ်ခန်းထဲရောက်သည်နှင့် လက်ထဲက အလူမီနီယမ်သေတ္တာလေးကို သူ့ကုတင်အောက်ဘက်ရှိ အံဝှက်နေရာလေးထဲသို့ ထိုးသွင်းထားလိုက်၏။

စိတ်ထဲမှာတော့ အလူမီနီယမ်သေတ္တာကလေးကို ဖွင့်ကြည့်ချင်တာ အမှန်၊ အထဲမှာ ဘာပစ္စည်းများရှိနေလဲ၊ အဖိုးတန်စိန်ရွှေရတနာတွေလား။

သို့တည်းမဟုတ် ဘာတွေလဲ၊ တစ်ယောက်ထဲ စဉ်းစားခန်းဝင်နေမိ၏။ အမှန်တော့ သူ ထွန်းအံ့ဆိုသူကို မျက်စိမှိတ်ယုံစားလိုက်ခြင်းဖြစ်သည်။

တကယ်တော့ ထွန်းအံ့ဆိုသူက ရိုးရဲ့လား၊ ယခု သူသိမ်းထားသော သေတ္တာလေးထဲက ပစ္စည်းတွေကရော အမှန်တကယ် သူ့ပစ္စည်းတွေမှ ဟုတ်ပါ့မလား၊ ပြီးတော့ ထွန်းအံ့ပြောခဲ့တဲ့ အဖြစ်အပျက်တွေကရော အမှန်တွေပဲလား . . သူ့ကိုလုပ်ကြံပြီး





ဓားတ်လမ်းလုပ်သွားတာလား။

တစ်ယောက်ထဲ မေးခွန်းတွေနဲ့ချာချာလည်နေမိ၏။ မျက်စိထဲတွင် ထွန်းအံ့၏အသွင် ပေါ်လာ၏။ ဥပမိရုပ်ကယောကျ်ားပီသလှတာတော့ အမှန်ပင်။ အရွယ်ကလည်း သူနှင့်မတိမ်းမယိမ်း။

မဟာနဖူးကျယ်ကျယ် . . နှာတံပေါ်ပေါ်

မျက်လုံးတောက်တောက် .. မေရိုးလေးထောင့်ရှိသူမို့ အလုပ်တစ်ခုကို ပြတ်ပြတ်သားသားလုပ်မည့် အသွင်အပြင်ပေါ်လွင်နေ၏။ အရပ်အမောင်းကလည်း ငါးပေရှစ်လက်မလောက်ရှိနိုင်၏။

ပြောပုံဆိုပုံကလည်း တည်တည်ကြည်ကြည်ရှိလှပြီး သူ့အကြည့်တွေကို ထား သံသယမရှိ၊ ယုံစားမိတာအမှန်ပင်။

ထားအတွေးထဲမှာတော့ လူတစ်ယောက်ရဲ့ မနောက်မျက်လုံးအကြည့်နှင့် သိကောင်းသိနိုင်သည်ဟု ယုံစားထား၏။

ယခုလည်း ထွန်းအံ့အကြည့်တွေကို ရိုးရိုးရှင်းရှင်းမျက်လုံးအစုံကလည်း တောက်ပနေ၏။ ထိုသို့သောအကြည့်များကြောင့် ထား သူ့ကိုရိုးသားသူတစ်ယောက်လို ယုံစားခဲ့၏ ဒါကြောင့်လည်း သူ့ကိုယုံယုံကြည်ကြည်နှင့် အိမ်ပေါ်ခေါ်ခဲ့လေသည်။

ဒါပေသည့် သူမေးသမျှကို ထွန်းအံ့စေ့စေ့စပ်စပ် ပြောပြနိုင်



www.burmeseclassic.com

www.burmeseclassic.com



မခြေချင်၍လည်း ဖြစ်ကောင်းဖြစ်ပေမည်။ သူ့ကိုတော့ ထွန်းအုံ ကယုံစားနေသည်ပုံပင်။ ဒါကြောင့်လည်း သူရဲ့အသက်တမျှ အရေးကြီးလှတဲ့အလူမီနီယမ်သေတ္တာလေးကို သိမ်းခိုင်းခဲ့ခြင်း ဖြစ်သည်။

ဝေဝေထားတစ်ယောက် ထွန်းအုံအကြောင်းကို စဉ်းစား ရင်း ကုတင်ပေါ်မှင် ခွေကွလဲ့အိပ်လိုက်ရာ မျက်ခနဲအိပ်ပျော်သွား လေ၏။ ထိုအချိန်တွင် မအိပ်နိုင်သူက ထွန်းအုံ . . .။

ဝေဝေထား ထွက်သွားပြီးကတည်းက မျက်လုံးအစုံကို ဖွင့်ပြီး အတွေးနယ်ချဲ့နေမိ၏။ ရုတ်တရက်အပြောင်းအလဲ မြန်ဆန်လွန်းလှသော အခြေအနေတွေကို သူနားမလည်နိုင် တော့။ ယခုလည်း ပြေးရင်းလွှားရင်းနှင့် နှင်းရိပ်မြိုင်သို့ရောက် လာရသည်ကို သူ့ကိုယ်သူပင် အံ့သြနေမိ၏။

အဖြစ်အပျက်တွေက ငြိမ်သက်သွားသော်လည်း ခုထိ မြင်ယောင်နေဆဲ။ အခင်းဖြစ်ပွားသည့်ညကို သူမမေ့နိုင်။

ထိုစဉ်က အိမ်ကြီးအပေါ်ထပ်ရှိ စာကြည့်ခန်းထဲတွင် တစ်ယောက်ထဲ စာကိုသဲကြီးမဲကြီးဖတ်နေသည့်အချိန်အခါ ဖြစ်၏။ သူက အငယ်တန်းအင်ဂျင်နီယာတစ်ဦး။ သူ့တာဝန်ယူ ဆောက်လုပ်နေရသည်မှာ လေယာဉ်ပျံအင်ဂျင်စက်တွေပင်ဖြစ် သည်။

ယင်းပညာကို အနောက်နိုင်ငံ၌ သုံးနှစ်ကျော်မျှ သင်ယူ





ခဲ့ရ၏။ ယခုလည်း နိုင်ငံခြားက ပြန်လာသည်နှင့် ပြင်ဆင်တည် ဆောက်ရေးတာဝန်ကို ယူထားရသည်မို့ အင်ဂျင်စက်ကို ကွန် ပျူတာကွန်ထရိုးတစ်လုံး တပ်ဆင်ရန်အတွက် လိုအပ်သည့် တည်ဆောက်ပုံများကို စာအုပ်ထဲပြန်လည်ဖတ်ရှု မွှေရှာနေခြင်း ဖြစ်၏။

ထိုအချိန်တွင် သူနေထိုင်သည့် အိမ်ကြီးအပေါ်တွင် မေမေနဲ့ ညီမလေးဒေဝီသာ ရှိ၏။ ဖေဖေ ဦးမြတ်စံမှာ သူ့လိုပဲ အင်ဂျင်နီယာကြီးတစ်ဦးဖြစ်ပြီး အငြိမ်းစားယူထားသူလည်း ဖြစ်၏။

ဖေဖေ ဦးမြတ်စံသည် အငြိမ်းစားယူထားသော်လည်း အငြိမ်နေသူမဟုတ်၊ ဖေဖေက ကွန်ပျူတာတည်ဆောက်ပုံကို အလွန်အမင်းစိတ်ဝင်စားသူဖြစ်၏။

ဒါကြောင့်လည်း ဖေဖေ့အခန်းထဲတွင် ကွန်ပျူတာစက် တွေ တောင်ပုံယာပုံဖြစ်နေ၏။ အားအားရှိ ကွန်ပျူတာတစ်လုံး ကိုဖွင့်ကာ ဟိုဟိုဒီဒီကလိနေတတ်၏။

ဒါပေသည့် လွန်ခဲ့သောငါးရက်ခန့်က ရန်ကုန်ဘက်သို့ စက်ကိရိယာပစ္စည်း ဝယ်ယူရန်ဆိုပြီး ဆင်းသွား၏။ ဖေဖေမရှိ သောအချိန်တွင် မေမေက ညီမလေးနဲ့အတူ တစ်ခန်းထဲအိပ် စက်ခဲ့၏။

ထိုအချိန်တွင် အိမ်ကြီးအရှေ့သို့ ထိုးဆိုက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကားသံကိုကြားလိုက်ရသည်။ ထို့ကြောင့် စာကြည့်ခန်းထဲမှ ထွက်မည်အပြုတွင် အော်သံဟစ်သံတွေက ကြားလိုက်ရ၏။

ရုတ်တရက်မို့ သူဘာလုပ်လို့လုပ်ရမှန်းမသိ၊ သတိဝင်လာသည်နှင့် အသံလာရာသို့ပြေးခဲ့၏။ အသံက မေမေ့ငိုသံ၊ ညီမလေးခမျာ မေမေ့ဘေးနားတွင် ကုတ်ကုတ်ကလေး ထိုင်နေ၏။ ထွန်းအုံ့သည် အခန်းဝ ဘေးတံခါးကြားမှ လှမ်းကြည့်လိုက်၏။ မျက်နှာဖုံးစွပ်ထားသောသော လူငါးဦး၊ လက်ထဲတွင်လည်း လှသတ်လက်နက်တွေ ကိုင်ထား၏။

စကားသံတွေကို နားထောင်ကြည့်တော့ မေမေတို့ဆီက ဝါစ်စုံတစ်ခုကို တောင်းနေသည့်ပုံပင်။ သေသေချာချာ နားထောင်ကြည့်တော့ ဖေဖေ သူ့ကိုသိမ်းခိုင်းထားသည့် ပစ္စည်းဆိုတာ နားလည်လာ၏။

ထိုအခါ စာကြည့်ခန်းဘက်သို့ အမြန်ပြေးခဲ့ပြီး ဖေဖေ သိမ်းခိုင်းသည့်ပစ္စည်းကို စားပွဲအံဝှက်ထဲမှ ဆွဲထုတ်၍ သူဝတ်ထားသည့်ကုတ်အကျီအောက်ခံအိတ်ထဲ ထည့်လိုက်၏။

ထိုအချိန်တွင် အခန်းထဲသို့ မျက်နှာဖုံးစွပ်သုံးဦးရောက်လာ၏။ လက်ထဲတွင်လည်း နက်ပြောင်လက်နေသော သေနတ်တွေကို အသင့်ချိန်ထား၏။

သူတုတ်တုတ်မလှုပ်ရဲ။ ထိုစဉ် မျက်နှာဖုံးစွပ်နှစ်ဦးက သူ့ကိုအတင်းကြိုးတွေနှင့် တုပ်နှောင်ပြီး အောက်ထပ်သို့အတင်း





ခေါ်ဆောင်လာ၏။ မေမေတို့အော်သံတွေကလည်း ဆူညံနေ၏။ ထွန်းအုံ့တစ်ကိုယ်လုံး ထူပူနေ၏။ ထိုအချိန်တွင် သေနတ်သံ သုံးချက်ကြားလိုက်ရ၏။

စိတ်ထဲတွင် အလွန်အမင်း ပူပန်မိသောကြောင့် အတင်းတွန်းထိုး ရုန်းကန်မိ၏။ ထိုစဉ် မျက်နှာဖုံးစွပ်တစ်ဦးက လက်ထဲကသေနတ်နှင့် မျက်နှာကိုဖြတ်ရိုက်လိုက်သဖြင့် ခွေခနဲ လဲကျသွားခဲ့၏။ သူဘာမှ မသိတော့။

နောက်ဆုံး သူသတိရလာသောအခါ တောလမ်းထဲကို ရောက်နေမှန်း သတိထားမိလာ၏။ ထိုအချိန်တွင် သူ့ကိုစောင့်ကြပ်နေသော လူနှစ်ဦးမှာ အရက်မူးမူးနှင့်အိပ်ပျော်နေသည်ကို တွေ့ရ၏။

ထို့ကြောင့် တုပ်နှောင်ထားသော ကြိုးတွေကို မရရအောင်ဖြည်ကာ တောလမ်းအတိုင်းပြေးထွက်ခဲ့၏။ ထိုသို့ ကိုယ်လွတ်ရုန်းပြေးခဲ့စဉ် အစောင့်တွေသိသွားခဲ့ပေရာ သူ့နောက်မှ ထပ်ချပ်မကွာလိုက်လာခဲ့၏။

နောက်ဆုံး သူနှင့်ဝေးလှ ဝါးနှစ်ရိုက်သာသာသို့ အရောက်တွင် လျင်မြန်စွာထွက်ပြေးရန် ကြံသော်လည်း နောက်ကပစ်လိုက်သည့်ခားကို မရှောင်သာ။

ရှူးခနဲဝင်လာသည့် ခားသွားကြောင့် သူရှေ့သို့ငိုက်ခနဲ ကျသွားလေရာ တောင်ဆင်းလမ်းအတိုင်း တလိမ့်လိမ့်ပြုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားပေ၏။ လမ်းတစ်လျှောက် ချုံပင်၊ ဆူးပင်၊ နွယ်ပင်တွေက များလှသဖြင့် သူ့ကိုရုတ်တရက် မမြင်နိုင်။

တစ်ကိုယ်လုံးနာကျင်နေသော်လည်း အသက်လုပြေးနေရသည့်အချိန်အခါမို့ ခန္ဓာကိုယ်က ဒဏ်ရာကို ဂရုမစိုက်နိုင်။ အတင်းရုန်းကန်တိုးခွေ့ရင်း ချုံပင်နွယ်ပင်တွေကြားမှဖြတ်ခါ အလွတ်ရုန်း၍ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။

ယခုတော့ နောက်ကလိုက်လာသည့်လူစု သူ့ကိုမျက်ခြေပြတ်သွားပြီမို့ စိတ်ထဲတွင် ဟင်းချနိုင်ခဲ့ခြေပြီ။ သို့ပေသည့် သူ ရေပြာအင်းကို မပြန်လို့မဖြစ်၊ မေမေနဲ့ညီမလေးအခြေအနေကို သူသိချင်နေ၏။

ကျောကဒဏ်ရာကို စမ်းသပ်ကြည့်လိုက်၏။ ပတ်တီးစည်းထားသဖြင့် အနည်းငယ်သက်သာနေသလိုပင်။ ထိုအခါ ကုတင်ပေါ်မှ အားယူထလိုက်၏။ တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေ၏။ မတတ်နိုင်။ ရေပြာအင်းကို အမြန်ပြန်မှ တစ်နာရီတောင် အချိန်ဆွဲလို့မဖြစ်တော့။

ထို့ကြောင့် ကုတင်ပေါ်မှ ဆင်းလိုက်သည်နှင့် ကုတ်အင်္ကျီကို အမြန်လဲဝတ်လိုက်၏။

"အား . . ကျွတ် .. ကျွတ်"

ဒဏ်ရာက အကင်းမသေသေး၊ အားတင်းပြီး အခန်းထဲက ထွက်လိုက်၏။ အခန်းအပြင်တွင် အရိပ်အယောင်တောင်





မမြင်ရ။ ဝေဝေထားတို့ကို အသိပေးလို့မဖြစ်၊ တော်ကြာ သူတို့လူစုက အတင်းတားမြစ်နေမှာ စိုးလှ၏။

ထို့ကြောင့် အောက်ထပ်သို့ ခြေသံမကြားအောင် ဆင်းခဲ့ပြီး နောက်ဖေးတံခါးပေါက်မှနေ၍ အပြင်သို့ထွက်ခဲ့၏။

အိမ်အရှေ့ဘက်တွင် ပြောသံဆိုသံတွေကို ကြားနေရသဖြင့် အိမ်ကြီးဘေးရှိ ပန်းရိတ်ချုံကြားမှနေ၍ ခြံအပြင်သို့ အမြန်ထွက်ခဲ့၏။ အပြင်ရောက်တော့ ကားလမ်းပေါ်တွင် လူသူရှင်းလင်းနေသဖြင့် ခပ်သွက်သွက်လျှောက်ခဲ့၏။ စိတ်ထဲတွင် မိခင်နှင့်ညီမလေးတို့အပေါ် စိုးရိမ်သောကပိုနေမိ၏။

နောက်ဆုံး တက္ကစီတစ်စီးကို အတင်းတားပြီး ရေပြာအင်းဘက်သို့ထွက်ခဲ့လေတော့သည်။

＊＊＊＊＊＊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"အို . . ဘယ်ရောက်သွားပါလိမ့် . . ဦးလေးဘသော် ဦးလေးဘသော်"

"ဟေ . . လာပြီ မိထားရေ"

ထားခေါ်သံကြောင့် ဦးဘသော်တစ်ယောက် အိမ်ပေါ်သို့အပြေးတက်လာ၏။

"ဘာ . . ဘာလဲ သမီး"

"ဟို . . ဟို . . သူ . . သူမရှိတော့ဘူး"

"ဟင်"





ဦးဘသော်သည် ကုတင်ဘက်ကို လှမ်းကြည့်လိုက်၏။

"ဟင် . . မောင်ထွန်းအုံ မရှိတော့ပါလား"

"ဟုတ်တယ် . . ဦးလေး . . ဟို . . ဦးလေးများ မြင်မိသလားလို့ပါ"

"ဟာ . . ဦးလေး ခြံထဲမှာ အပင်တွေရှင်းနေတာ မိထားရဲ့ . . အင်း . . ခြံထဲကို ဆင်းလာတာလဲ မမြင်ပါဘူး"

"ဟုတ်လား . . ဒါဆို ရှာပါဦး ဦးလေးရယ် . . . သူ့မှာ ဒဏ်ရာကြီးနဲ့"

"ဟုတ်ပကွယ် . . တော်တော်ခက်တဲ့ သူငယ်ပဲ၊ ကဲ . . ဦးလေး ရှာလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် သူတို့လူစု တစ်အိမ်လုံး၊ တစ်ခြံလုံး ပြောင်းဆန်နေအောင် ဖွေရှာသော်လည်း ထွန်းအုံ၏အရိပ်အယောင်ပင် မမြင်ရ။

"ဒုက္ခပါပဲ ဘယ်များသွားပါလိမ့်"

"ထားထင်တာကတော့ သူထွက်သွားပြီထင်တယ်"

"ဘယ်ကိုလဲ မိထားရယ်"

"ရေပြာအင်းကိုလေ . အဲဒီမှာ သူ့အမေနဲ့ညီမလေး ကျန်ခဲ့တယ် သူသွားမယ်တကဲကဲ လုပ်နေတာ ဦးလေးရဲ့၊ ဟုတ်ပါတယ် သူထွက်သွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ခက်တဲ့ သူငယ်ပဲ . . ဦးလေးတို့ကို နည်းနည်းဝါးပါးအသိပေးဖို့ ကောင်းတာပေါ့ကွယ်"

"နေပါစေ . . ဦးလေး . . သူတစ်နေ့ပြန်လာပါလိမ့်မယ်"

ထား အမောစို့သွား၏။ လာတော့လည်း ခဏလေး၊ ပြန်တော့လည်း အသိတောင်မပေးတဲ့လူ၊ လျှို့ဝှက်လွန်းလှတဲ့လူခုလည်း ဒဏ်ရာကြီးနဲ့ ထွက်သွားခဲ့ပြီ။

စိတ်ထဲမှာတော့ ပူပန်မိတာ အမှန်ပင်။ တားလို့မရတော့တာမို့ ထားရင်မောယုံကလွဲလို့ ဘာမှမတတ်နိုင်။

နောက်ဆုံးတော့ အိမ်ကြီးပေါ်သို့ ခေါင်းငိုက်စိုက်နှင့် ပြန်တက်ခဲ့လေ၏။

"တီ . . တီ .. တီ"

"ဟင်"

ကားဟွန်းသံကြောင့် သူလှည့်ကြည့်လိုက်၏။ အပြာရောင်ဆလွန်းကားကလေးတစ်စီး ခြံထဲကွေ့ဝင်လာတာတွေ့လိုက်ရ၏။

"ကိုကိုနိုင်ပါလား"

ကားလေးက စင်ဝင်အောက် ဝေါခနဲထိုးရပ်ခါ တံခါးဖွင့်ပြီး လူချောလူလှတစ်ဦး ဆင်းလာ၏။

အရစ်က ငါးပေခြောက်လက်မ ၊ ဆံပင်က ကတုံးဆံ





တောက်ဆံပင်၊ နှာတံချွန်ချွန်၊ မေးစေ့ချွန်ချွန်၊ မျက်လုံးပြူးပြူးနှင့်လူတစ်ယောက် သို့တည်းမဟုတ် . . .

ဝေဝေထားကို မြို့ထားမတတ် ချစ်နေရသော နိုင်မိုး။ သူ့ကိုမြင်သည်နှင့် သုံးဆယ့်နှစ်ချောင်းသော သွားတွေကိုပေါ်အောင် ပြုံးပြလိုက်၏။

"ထား"

"လာ . . ကိုနိုင်"

"သတိရတာနဲ့ ထွက်လာတာ ထား"

"ဟုတ်လား"

"လာလေ"

"ဟုတ် . . ဟုတ်ကဲ့"

နိုင်မိုးသည် ဝေဝေထားကို ရွှန်းရွှန်းစားစားလှမ်းကြည့်ရင်း ပခုံးချင်းယှဉ်၍ အိမ်ကြီးပေါ်သို့တက်ခဲ့လေ၏။ ဧည့်ခန်းထဲထိုင်မိကြသည်နှင့် နိုင်မိုးထံမှ စကားသံတွေ ရွှန်းရွှန်းဝေလာ၏။

"ဘယ်လိုလဲ ထားရယ် . . ကိုယ့်ကိုတောင် ဖုန်းမဆက်ဘူး . . ဘာဖြစ်လို့လဲ ပြောပါဦး ထား"

"ဘာတွေပြောနေတာလဲ ကိုနိုင်မိုး . . ထားမှာ ထားဘဝနဲ့တောင် အနိုင်နိုင်ဘဲ ကိုနိုင်မိုးရဲ့"

"ဟင် . . ဘယ်လိုပြောလိုက်တာလဲ ထားရယ် . . ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ထားဟာ ဟို . . မိဘတွေသဘောတူထားတဲ့ လူတွေမဟုတ်လား ထားရယ်”

“အို . . ဒါတွေထည့်ပြောစရာ မလိုပါဘူး ကိုနိုင်မိုး၊ အားအားရှိ မဏ္ဍပ်တိုင်တက်ပြနေတာ ကြာရင် ထား မြင်ပြင်းကပ်လာမှာနော်”

“ဟင် . . ဒုက္ခပါပဲ”

ထားရဲ့မာန်မဲသံကြောင့် နိုင်မိုးတစ်ယောက် ပါးစပ်ပိတ်သွား၏။ အမှန်မတော့ ထားကိုသူက မြို့မတတ်ချစ်ခဲ့ရသူဖြစ်လေရာ ထားစကားကို ငြင်းပယ်လို့မရ။

တစ်ချိန်က ထားနဲ့သူက တက္ကသိုလ်အတူတက်ခဲ့ကြ၏။ အတန်းကလည်း တစ်တန်းတည်း။ ထားရဲ့တည်ငြိမ်မှု၊ ငြိမ်းအေးမှုကို နိုင်မိုးမြတ်နိုး၏။

ထား၏အလှက ဖူးစပန်းကြာငုံအလားပင်။ မဟာနဖူးပြည့်ပြည့်တင်းတင်းကလေး၊ နှာတံလုံးလုံး ချွန်ချွန်ကလေး၊ နှုတ်ခမ်း အိတွဲတွဲလေး၊ ဖောင်းဖောင်းအိအိ ပါးအစုံလေးတွေက မြင်သူတကာကို စွဲမက်စေ၏။

မျက်လုံးအစုံကလည်း သောက်ရှူးကြယ်စင်အလား။ ပြီးတော့ ထားရဲ့စကားသံတွေက ကြားရသူတိုင်း ရင်ကိုအေးချမ်းစေ၏။

ဒါကြောင့်လည်း နိုင်မိုးသဲကြီးမဲကြီး ဖြစ်ခဲ့၏။ မတွေ့





ရမနေနိုင်အောင် ဖြစ်ခဲ့၏။ နောက်ဆုံး ထားအနားကို မရရအောင် ချဉ်းကပ်ခဲ့၏။ ထားအကြောင်းကို စုံစမ်းခဲ့၏။ ထိုအခါ ထားဖခင် ဦးသက်ဦးခိုင်နှင့် သူ့ဖခင်ဦးစိုးမိုးတို့က မိတ်ဆွေအရင်းအချာတွေဖြစ်နေသည်ကို သိခဲ့ရသည်။

ထိုအခါ ဖခင်ဦးစိုးမိုးကို တတွတ်တွတ်ပြောဆိုခဲ့၏။ ကြာတော့ ဖခင်ဖြစ်သူမှာလည်း နားညည်းမခံနိုင်တော့၊ ထို့ကြောင့်လည်း ထားဖခင် ဦးသက်ဦးခိုင်ကို နားဖောက်ခဲ့ရ၏။

အမှန်တော့ နိုင်မိုးတို့ဘက်ကလည်း ငွေကြေးဥစ္စာ ပြည့်ပြည့်စုံစုံရှိလှပြီး ဦးစိုးမိုးမှာ ကုမ္ပဏီဒါရိုက်တာကြီးတစ်ဦးဖြစ်ပေရာ ဦးသက်ဦးခိုင်တစ်ယောက် သမီးဖြစ်သူနဲ့ နိုင်မိုးကို သဘောတူခဲ့ရလေ၏။

ထိုစဉ်က နိုင်မိုးတစ်ယောက် ထားဖက်က စေ့စပ်ရန်သဘောတူညီလိုက်ပြီဆို၍ ကျွမ်းထိုးမတတ်ဝမ်းသာအားရဖြစ်နေ၏။ သူငယ်ချင်းတွေကို ကြွားရတာ အမော။

နိုင်မိုးသူငယ်ချင်းတွေကလည်း လူကောင်းသူကောင်းနည်းလှ၏။ လူရှုပ်လူပွေတွေ များလှ၏။ ထားကတော့ နိုင်မိုးကို တစ်စက်ကလေးမှ မေတ္တာရှိခဲ့သူမဟုတ်။ ဖခင်စိတ်ချမ်းသာဖို့အတွက်သာ ခေါင်းညိတ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း သူလာလည်း ခပ်တည်တည် ခပ်တင်းတင်းနေထိုင်ခဲ့သဖြင့် နိုင်မိုးတစ်ယောက် တော်တော်လေးကို

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဖြစ်နေလေ၏။ သို့ပေသည့် ထားဆန္ဒကို မလွန်ဆန်ရဲပေ။ ထားမုန်းသွားမှာကို နိုင်မိုး သေမတတ် ကြောက်ခဲ့၏။

ထားအိမ်ကို သူချောင်းပေါက်မတတ် ရောက်ခဲ့ရသည်။ ထားသွားရာ နောက်ကတကောက်ကောက် လိုက်ခဲ့ရသည်။ ထားလိုချင်တာ မှန်သမျှကို သူဖြည့်စွမ်းချင်၏။ ထားမျက်နှာကလေးငြိုနေမှာကို သူတအားကြောက်ခဲ့၏။ ယခုလည်း ထားစကားတွေက သူစိမ်းဆန်လွန်းလှသဖြင့် နိုင်မိုးကြေကြေကွဲကွဲခံစားနေရ၏။ ထား၏ မျက်နှာကလေးကို ငေးရင်း ရေငုံနှုတ်ပိတ်နေမိ၏။

“ဘယ်က လှည့်လာတာလဲ ကိုနိုင်မိုး”

“ထားဆီကို လာလည်တာပေါ့ . . ထားရယ်၊ ကျွန်တော် ထားကို မြိုထားမတတ် ချစ်ရသူပါ၊ ဒီတော့ ကျွန်တော် ထားကို မမြင်ရရင် မနေတတ်ဘူးဗျာ”

“အို . . ဒီစကားတွေပဲ ထပ်တလဲလဲပြောနေပါလား”

“ပြောပါရစေ ထား . . ကျွန်တော့်ဘဝရဲ့ ကမ္ဘာဟာ ထားပါပဲ . . ထားမရှိရင် ကမ္ဘာမရှိသလိုပါပဲဗျာ”

“ကဲ . . ပါ ဒါတွေပြောမနေပါနဲ့တော့ . . ထား . . ကိုနိုင်မိုးအတွက် စားစရာတွေ သွားယူလိုက်ဦးမယ်”

“ရပါတယ် ထားရယ်”

“အို . . အားမနာပါနဲ့”





ထားတစ်ယောက် စကားလုလှသုံးပြီး နိုင်မိုးအား ရှောင်ထွက်ခဲ့၏။ နောက်ဖေးဘက်ရောက်သည်နှင့် အိမ်ဖော် မဦးမေကို နိုင်မိုးစားဖို့ ပြင်ဆင်ခိုင်းလိုက်၏။

အမှန်တော့ ထား နိုင်မိုးနှင့်မျက်နှာချင်းဆိုင်ပြီး စကားမပြောချင်။ နိုင်မိုးက မျက်နှာရှူး၊ စကားတွေကိုလည်း ပေါက်ပေါက်ရှာရှာပြောတတ်သူမို့ ထားမနေတတ်။ ဒါကြောင့်လည်း ရှောင်ထွက်ခဲ့ခြင်းဖြစ်သည်။ နောက်ဖေးခန်းထဲတွင် ထားတစ်ယောက် ထိုင်ပြီးလုပ်စရာရှိတာ လုပ်နေခဲ့သည်။ တအောင့်ကြာတော့ မဦးမေပြန်ရောက်လာပြီး ကိုနိုင်မိုးမေးနေကြောင်း ပြုံးစိစိနှင့် ပြောလာ၏။ မတွေ့ရင်ပြန်မှာမဟုတ်တာ တွေးမိတာမို့ ထား အိမ်ရှေ့ခန်းထွက်ခဲ့ရ၏။

“ဘယ်သွားနေရတာလဲ ထားရယ် . . ထား ကျွန်တော့်ကို စကားမပြောချင်ဘူးလား”

× × × × × ×

“ပြောပါဦး ထားရယ် . . ကျွန်တော် ဘာအမှားလုပ်မိလို့လဲ ထားရယ်”

“အို . . ကိုနိုင်မိုး ပြောစရာရှိတာကို ပြောပါ၊ ဘာကိစ္စပြောစရာရှိသေးလဲ မရှိရင် ထားမှာ လုပ်စရာတွေ ရှိသေးလို့ပါ ကိုနိုင်မိုး”

“ဟင် . . သူစိမ်းဆန်လိုက်တာ ထားရယ်၊ ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



လာတာ တစ်ခြားမဟုတ်ဘူး ထား"

"ဘာလဲ ဟင်"

"မနက်ဖြန် ကိုယ့်မွေးနေ့လေ .. အဲဒါ ထားကို ဟိုတယ်ခေါ်ပြီး ဖွယ်ဖွယ်ရာရာကျွေးမွေးချင်လို့ပါ"

"အို . . ထား မလိုက်နိုင်ဘူး ကိုနိုင်မိုး"

"ဗျာ .. ဘယ်လိုပြောလိုက်တာလဲ ထားရယ်"

"ဟုတ်တယ် ကိုနိုင်မိုး . . ထားဟာ အညာလွယ်တဲ့သူ မဟုတ်ဘူး"

"သိပါတယ် ထားရယ် . . ကိုယ် ထားကိုလာဖိတ်တာ လူကြီးလူကောင်း သားသမီးဆန်ဆန် လာဖိတ်တာပါ ထား၊ ထွေ့ခြေပျက်လောက်မယ့် အလုပ်ကို ကျွန်တော် ဘာမှမလုပ်ပါဘူးထား . . ကျွန်တော် ကတိရဲရဲကြီးပေးပါတယ်ဗျာ . . ကျွန်တော့်မွေးနေ့ပွဲကိုတော့ မငြင်းလိုက်ပါနဲ့ ထားရယ် . . နော်"

"အို . . ပြောရခက်ပါလား"

"မငြင်းပါနဲ့ ထားရယ် .. ထားငြင်းလိုက်ရင် ကိုယ် သေလိမ့်မယ်"

"ဒုက္ခပါပဲ . . ပြောလေကဲလေပါလား"

"ခွင့်လွှတ်ပါ ထားရယ် . . ဒီတစ်ခါပါပဲ"

"ကဲပါလေ . . ဒါဆို ဘယ်အချိန်လာခေါ်မှာလဲ ပြော"

"ဟာ . . ဝမ်းသာလိုက်တာဗျာ . . ဟို . . မနက်ဆယ်



နာရီလောက်ပါ ထား"

"ကောင်းပြီလေ . . ထားစောင့်နေမယ်၊ ကတိတော့ တည်ပါစေနော်"

"စိတ်ချပါ ထားရယ် . . ကဲ .. ဒါဆို ကိုယ်ပြန်ဦးမယ် ထား"

"ဟုတ်ကဲ့"

နိုင်မိုးတစ်ယောက် သူလိုချင်သည့်အဖြေရသွားသည်။ မျက်နှာပေါ်ကို ပျားရည်အိုးမှောက်ကျသလိုပင်။ ဝမ်းသာအားရ ပြုံးစစနှင့် သူ့ကိုနှုတ်ဆက်ခါ ပြန်သွားလေ၏။ ထားကတော့ နိုင်မိုးပြန်သွားမှပဲ ဟင်းချနိုင်ခဲ့၏။

ထားရင်ထဲမှာ နိုင်မိုးမရှိ။ ထားဘဝက ယောကျ်ားလေးတွေနဲ့ လက်ပွန်းတတီးနေခဲ့သူ မဟုတ်သဖြင့် နိုင်မိုးနှင့်ဆက်ဆံရသည်ကိုပင် ထိတ်လန့်နေခဲ့၏။

ထား အချစ်ဆိုတာကို နားမလည်။ သူများတွေပြောသလို ရင်ဖိုတတ်တို့၊ ရင်ခုန်တတ်တို့ ဆိုတာတွေကို ထား တစ်ခါမှ မခံစားခဲ့ဖူးဘူး။ နိုင်မိုးက ထားကို ချစ်တယ်ပြောသော်လည်း ရင်တွေမခုန်ခဲ့။ ကြည်နူးခြင်းကိုလည်း မခံစားခဲ့။ စိတ်ထဲတွင် ကြောက်ရွံ့နေတာတစ်ခုပဲ ရှိခဲ့၏။

* သို့ပေသည့် တလောက လာသွားတဲ့ ထွန်းအံ့ဆိုသော လူစိမ်း . . .





www.burmeseclassic.com

www.burmeseclassic.com



ထားတွေ့တွေ့ချင်း ဘာကြောင့် ရင်တွေခုန်နေရပါလိမ့်။ ထွန်းအုံ့အကြည့်၊ ထွန်းအုံ့အပြောတွေကို ထား ခုထိ ကြားယောင် မြင်ယောင်နေဆဲ။ ထားရင်ကို ထွန်းအုံ့အရိပ်တွေက စိုးမိုးထားသလိုပင်။

တဒင်္ဂတွေ့ကြုံလိုက်ရပေမယ့် ဘာကြောင့် ထား မျက်လုံးထဲက မထွက်ခဲ့သလဲဆိုတာ မတွေးတတ်တော့။ ဒါကို အချစ်လို့ခေါ်သလား။

တစ်ယောက်တည်း မေးခွန်းတွေ ထုတ်ရင်း အဖြေပျောက်နေမိ၏။ ခုချိန်ဆို ထွန်းအုံ့ ဘယ်တွေရောက်လို့ ဘာတွေဖြစ်နေပြီလဲဆိုတာ ဇဝေဇဝါတွေးနေမိ၏။ သူပေးထားခဲ့တဲ့ အလျှုမြိနီယံသေတ္တာလေးက သူ့ကုတင်အောက်ရှိ အံဝှက်ကလေးထဲတွင် ငြိမ်သက်စွာလဲလျောင်းနေ၏။

ထိုအရာကလေးရှိသည်ကိုပင် ထွန်းအုံ့၏အရိပ်တစ်ခုလို ထားထင်မိ၏။ တစ်ပါးသူတွေကြားရင် ထားကို အညာလွယ်တယ် ဘာတယ်များပြောကြမလား မသိဘူး။

ဒါပေမယ့် သူနဲ့ထွန်းအုံ့က ဘာမှဖြစ်ခဲ့တာ မဟုတ်သေး။ အဲဒီအတွေးကို တွေးမိတော့ ထားတစ်ယောက်ထဲ ရှက်ကိုးရှက်ကန်း ဖြစ်နေမိတာ အမှန်ပင်။

သူ့ဘဝထဲရောက်လာပုံကလည်း ပဟေဠိဆန်လွန်းလှ၏။ လာတော့လည်း ကောင်းသောလာခြင်းမဟုတ်။ ဓားဒဏ်ရာ သွေးစက်လက်နဲ့ ရောက်လာတဲ့လူတစ်ဦး။ နောက်ကြောင်းလည်း သိခဲ့တာမဟုတ်။ လူဆိုးလား လူကောင်းလားဆိုတာတောင်မခွဲခြားတတ်ပေ။

ထွန်းအုံ့ အပြောအရတော့ ရေပြာအင်းကတဲ့။ ဟုတ်ရဲ့လားဆိုတာတောင် မတွေးမိ။ သူပြောသမျှ ဘာကြောင့် ထား ယုံစားမိသည်ကို ကိုယ့်ကိုကိုယ်ပင် တွေးလို့မရ။

ဒါ ဘယ်လိုခေါ်မလဲ . . ဖမ်းစားမှုလို့ပြောနိုင်မလား။ ဒီလိုဆိုရင် ထား ထွန်းအုံ့ရဲ့ဖမ်းစားခြင်းကို ခံလိုက်ရပြီလား။ တစ်ယောက်တည်းတွေးရင်း မရေမရာအရိပ်တွေကြား မျှော်မိတာအမှန်ပင်။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ရေပြာအင်းကိုပြန်ရောက်ကတည်းက ထွန်းအုံ လူလုံးထွက်မပြရဲ။ ရန်သူက သူနှင့်လက်တစ်ကမ်းမှာ ရှိနိုင်သည်ဟု တွက်မိ၏။

ဒါကြောင့်လည်း လျှို့လျှို့ဝှက်ဝှက်နှင့် သွားလာနေရ၏။ ခုလည်း မြို့ကိုပြန်ရောက်သည်နှင့် အိမ်ကိုတန်းမပြန်ရဲ။ မတော်လို့ ရန်သူတွေနဲ့ တိုးနေရင်အခက်။ ဒါကြောင့် သူငယ်ချင်းဖြစ်သူ နေပိုင်အိမ်သို့ တိတ်တဆိတ်ရောက်ရှိခဲ့၏။

နေပိုင်က ထွန်းအုံကိုမြင်တော့ တအံ့တဩဖြစ်နေ၏။





"ဟင် . . ထွန်း . . ထွန်းအုံ"

"ဟုတ်တယ် သူငယ်ချင်း ငါ ထွန်းအုံလေ . . ဘာတွေဖြစ်နေတာလဲကွ"

"ဟာ . . မင်း . . မင်းကို ငါကသေပြီမှတ်တာ"

"ဟင် . . ဘာဖြစ်လို့လဲကွ"

"ဟာ . . မင်းကို လူဆိုးတွေဖမ်းခေါ်သွားတယ်မဟုတ်လား"

"ဟုတ်တယ် နေပိုင် . . ငါ . . ခုလည်း သူတို့လက်ကလွတ်အောင် ပြေးခဲ့ရတာကွ"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် နေပိုင် . . ငါ ကံကောင်းတယ်လို့ပဲ ပြောရမှာပေါ့ကွာ"

"ဟာ . . ဒါဆို ဟို . . မင်း . . မင်းအိမ်ကို ပြန်ရောက်သေးလား"

"ဟင့်အင်း . . မရောက်ဘူး နေပိုင် . . ငါ . . အဲဒီကို မသွားရဲဘူးကွ"

"ဟာ . . ဒါဆို မင်း . . မင်း အမေအကြောင်းကို မသိဘူးပေါ့"

"ဟင် . . အမေတို့ ဘာ . . ဘာဖြစ်လို့လဲ နေပိုင် . . ပြော . . ပြောစမ်းပါကွာ . . ငါစိတ်တွေပူလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအုံ့တစ်ယောက် သူ့ရှေ့တွင် ငူငူကြီးထိုင်နေသော နေပိုင်ကို အတင်းလှုပ်ပြီးမေးလိုက်၏။ နေပိုင်အသွင်က ရှေ့ဆက်ပြောချင်ပုံမရ။

"ပြော . . ပြောစမ်းပါ နေပိုင်ရာ . . အမေတို့ဘာ . . ဘာတွေဖြစ်ကုန်ပြီလဲ"

"ငါစိတ်မကောင်းဘူး ထွန်းအုံ့ .. ငါမပြောရက်ဘူး"

"ဟင် . . ဘာ . . ဘာဖြစ်လို့လဲကွ . . မြန်မြန် ပြောစမ်းပါ နေပိုင်ရာ"

"အေး . . မင်းအမေရော . . မင်းညီမလေး ဒေဝီပါ ဟိုကောင်တွေ လက်ချက်နဲ့သေကုန်ပြီကွ"

"ဘာ"

"ထွန်း . . ထွန်းအုံ့ သတိထားပါကွာ"

"ငါ . . ငါမယုံဘူး .. မင်း . . မင်း တကယ်ပြောတာလား နေပိုင်"

"ဟုတ် . . ဟုတ်တယ် ထွန်းအုံ့"

"ဟင်"

နေပိုင်စကားတွေကြောင့် ထွန်းအုံ့တစ်ယောက် ထိုင်ရာက ရုတ်တရက်ထရပ်လိုက်၏။ တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားသလိုပင်။ ပါးစပ်အဟောင်းသားနှင့် သူဘာဆက်လုပ်ရမှန်းမသိ။





အမေရော ညီမလေးပါ အသတ်ခံလိုက်ရပြီဆိုတဲ့စကားကြောင့် အကြီးအကျယ်ချောက်ချားသွားခဲ့၏။ သူမယုံနိုင်။ ဘယ်နည်းနဲ့မှ မယုံနိုင်။

ထို့ကြောင့် နေပိုင်ပခုံးကို အတင်းလှုပ်ပြီး မေးလိုက်ပြန်သည်။

"မင်း . . မင်း ပြောတာတွေ တကယ်လား နေပိုင်"

"ဟုတ်တယ် . . ထွန်းအုံ့ . . အဲဒီအမှုက တစ်မြို့လုံး ဟိုလေးတကျော်ကျော်ဖြစ်နေပြီ ထွန်းအုံ့၊ ပြီးတော့ မင်းကိုလည်း လူဆိုးတွေဖမ်းခေါ်သွားတာဆိုတော့ တစ်မြို့လုံးက မင်းသေသွားပြီပဲ အောင့်မေ့နေကြတယ်၊ မင်း အလောင်းကို ဟိုနေရာမှတွေ့ သလိုလို ဒီနေရာမှာတွေ့သလိုလို ဖြစ်နေကြတာကွ၊ ရဲဘက်ကလည်း အဲဒီကိစ္စလိုက်နေတယ်"

"ဟင် . . ဘုရား . . ဘုရား"

ထွန်းအုံ့ မျက်လုံးမျက်ဆန်ပြူးဖြစ်သွား၏။ ဘယ်လိုမှ မယုံနိုင်သော အကြောင်းအရာတွေကို သူယုံရမှာ ခက်နေ၏။

နေပိုင်စကားတွေက သူ့ရင်ထဲက သံသယတွေကို ဖြိုချဖျက်ဆီးသွားသလိုပင်။ ထွန်းအုံ့ ငူငူကြီးရပ်နေမိ၏။

"ဟေ့ကောင် ထွန်းအုံ့ . . ထိုင် . . ထိုင်ပါဦးကွာ . . စိတ်ကို အေးအေးနဲ့ တိုင်ပင်မှဖြစ်မှာကွ"

"ဟာ . . ငါ . . ငါ မထိုင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး ကွာ . . တို့နှစ်ယောက် သေသေချာချာပြောဆိုကြရအောင်ကွာ . . ကဲ . . ထိုင်ပါဦး"

"ဒုက္ခပါပဲကွာ"

ထွန်းအုံ့တစ်ယောက် မထိုင်ချင်ထိုင်ချင်နဲ့ ခုံပေါ်ဝင်ထိုင်လိုက်ရ၏။ ထို့နောက် နေပိုင်ကို သေသေချာချာကြည့်ရင်း မေးလိုက်၏။

"ပြော .. ပြောစမ်းပါဦး နေပိုင်ရာ . . အမေတို့ဘယ်လိုဖြစ်တာလဲကွာ"

"ဒီလို ထွန်းအုံ့ . . ငါလဲ သတင်းကြားကြားခြင်း မင်းတို့အိမ်ရောက်လာတာပဲ၊ အဲဒီမှာ မင်းတို့အမေရော မင်းညီမ ဒေဝီရော သေနတ်ဒဏ်ရာနဲ့ သွေးအိုင်ထဲမှာ အသက်ပျောက်နေတာကွာ"

"ဘုရား . . ဘုရား . . ဘယ်လိုဖြစ်ကုန်ကြတာလဲ"

"အေး . . ငါလဲ မြင်ကွင်းကြောင့် အတော့်ကိုစိတ်မချမ်းမသာဖြစ်ခဲ့ရတယ်ကွာ၊ ဒါနဲ့ မင်းကို တစ်အိမ်လုံးလှည့်ပတ်ရှာတော့ ခြေရာလက်ရာတွေအရ လူတစ်စု ဝင်လာတယ်လို့ ရဲအဖွဲ့က ခြေရာခံမိတယ်ကွာ၊ ပြီးတော့ မင်းကိုပါ ဖမ်းခေါ်သွားနိုင်တယ်လို့ မှတ်ချက်ချခဲ့တယ်လေ၊ ဒါကြောင့် စခန်းမှူးအောင်ဒင်ကိုယ်တိုင် ဒီအမှုကို လိုက်နေတာကွ"

"ဟင် . . ငါဘာပြောရမှန်း မသိတော့ဘူး နေပိုင်ရာ၊





ခုအဖြစ်အပျက်တွေဟာ အိပ်မက်မက်နေသလားတောင် ထင်မိတယ်ကွာ"

"ငါလဲ စိတ်မကောင်းပါဘူး ထွန်းအုံ့ရာ . . တော်တော်လူမဆန်တဲ့လုပ်ရပ်ပဲ သူငယ်ချင်း"

"ဒါ . . ဒါဆို ငါတို့အိမ်ကြီးရော"

"ချိတ်ပိတ်ထားတယ် ထွန်းအုံ့"

"ဟင် . . ဒါဆို ငါ့အဖေ ပြန်မလာသေးဘူးပေါ့"

"ဟုတ်တယ် ထွန်းအုံ့ . . မင်းအဖေကိုလည်း ဘယ်လိုဆက်သွယ်ရမှန်း မသိဘူးဖြစ်နေတာကွ"

"ဟင် . . ဒုက္ခပါပဲကွာ"

"ငါစိတ်မကောင်းပါဘူး ထွန်းအုံ့ရာ . . ကဲ အခု မင်းဘာလုပ်ချင်သလဲ ပြောစမ်း ထွန်းအုံ့"

"ငါ . . ငါဘာလုပ်ရမှန်းတောင် မသိတော့ဘူးကွာ၊ ဟိုငါ . . အိမ်ကို ပြန်လို့မကောင်းဘူးကွ"

"ဟုတ်တယ် . . ထွန်းအုံ့၊ မင်းပေါ်ပေါ်ထင်ထင်နေလို့မဖြစ်သေးဘူးကွ . . ဒါဆို ဒီလိုလုပ်ကွာ"

"ဘယ်လိုလုပ်ရမှာလဲ"

"စခန်းမှူးအောင်ဒင်နဲ့ တွေ့လိုက်ပါလား"

"အေး . . အဲဒါ ကောင်းတယ်ကွ . . ဒါဆို ငါသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . နေပါဦးကွာ .. ငါကိုယ်တိုင် လိုက်ပို့ပါ့မယ်၊ ကဲ . . ခဏစောင့် ကားထုတ်လိုက်ဦးမယ်"

"မြန်မြန်လုပ်ကွာ"

"အေးပါကွ"

နေပိုင်တစ်ယောက် အိပ်ခန်းထဲဝင်ကာ အဝတ်အစား ကပျာကယာလဲလိုက်၏။ ပြီးသည်နှင့် အိမ်ဘေးရှိ ဂိုဒေါင်ထဲမှ အက်စီးကားကလေးကို ထုတ်ပြီး မောင်းထွက်လာ၏။

"ကဲ . . တက်လေ . . ထွန်းအံ့"

"အေး . . အေး"

နှစ်ဦးသား ပြောပြောဆိုဆိုနှင့် ရေပြာအင်းစခန်းမှူး အောင်ဒင်နေထိုင်သည့် အိမ်ကလေးသို့ထွက်လာခဲ့၏။ အိမ်က မြို့ပြင်တောင်ကုန်းအထက်တွင် တည်ရှိပြီး ဘန်ဂလိုပုံလေး ဆောက်ထား၏။ ခြံကလေးဝင်းကလေးနှင့်မို့ မြင်ကွင်းက ကြည်နူးစရာပင်။

ကားကိုခြံထဲကွေ့ဝင်ခဲ့ပြီး ဘန်ဂလိုရှေ့တွင်ရပ်ခါ တံခါးဖွင့်ပြီးဆင်းလိုက်ကြ၏။ သူတို့နှစ်ဦး ကားပေါ်က ဆင်းသည်နှင့် ဘန်ဂလိုထဲမှ ထောင်ထောင်မောင်းမောင်းနှင့်လူကြီးတစ်ဦး ထွက်လာ၏။ ဆံပင်က ကတုံးဆံတောက်ဆံပင်၊ ရဲယူနီဖောင်းကို အပြင်ထုတ်ဝတ်ထား၏။ နေပိုင်က သူ့အနားသို့လျှောက်ပြီး မေးလိုက်၏။





"အစ်ကိုက . . ကိုအောင်ဒင်လား"

"ဟင် . . ဟုတ်ပါတယ် ကိစ္စရှိလို့လား"

"ဟုတ်ကဲ့ . . အစ်ကိုနဲ့စကားပြောချင်လို့ပါ"

"အော် . . ဒါဆို အိမ်ပေါ်တက်ကြလေ"

"ဟုတ်ကဲ့"

ရဲမှူးအောင်ဒင်က နေပိုင်နောက်မှ ခေါင်းငိုက်စိုက်နှင့် လိုက်လာသော ထွန်းအံ့ကိုတစ်ချက်လှမ်းကြည့်ပြီး အိမ်ပေါ် တက်သွားလေ၏။ သူတို့လူစု အခန်းထဲထိုင်လိုက်သည်နှင့် ရဲမှူးအောင်ဒင်ထံမှ စကားသံထွက်လာ၏။

"ဟင် . . မင်း . . မင်း မောင်ထွန်းအံ့မဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ် အစ်ကို"

"အော် .. ဘယ်လိုဖြစ်တာလဲ မောင်ထွန်းအံ့"

"မပြောချင်တော့ပါဘူး အစ်ကိုရာ . . ကျွန်တော့်ကိုယ် ကျွန်တော် အိပ်မက်မက်နေတယ် ထင်တာ"

"အင်း . . မင်းတို့အဖြစ်က ကြောက်စရာကောင်းလိုက်တာကွာ . . ကဲ . . ပြောပါဦး မင်းက ဘယ်လိုလုပ်ပြီး ဒီကိုပြန်ရောက်လာတာလဲ"

"ဒီ . . ဒီလိုပါ အစ်ကို"

ထွန်းအံ့တစ်ယောက် သူကြုံခဲ့ရသည့်အဖြစ်အပျက်တွေကို အသေးစိတ်ပြောပြလိုက်၏။ စခန်းမှူးအောင်ဒင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နေပိုင်တို့နှစ်ဦးမှာ ထွန်းအံ့စကားတွေကြောင့် အံ့သြနေကြ၏။

ထွန်းအံ့ကတော့ သူကြုံခဲ့ရသမျှ အသေးစိတ်ပြောပြခဲ့သော်လည်း အလူမိနီယမ်သေတ္တာလေးကိစ္စကိုတော့ ထည့်သွင်းမပြောကြားခဲ့ပေ။

"အင်း . . မောင်ရင် ကြုံခဲ့ရတဲ့ကိစ္စကလည်း မသေကောင်းမပျောက်ကောင်း ပါလားကွာ"

"ဟုတ်တယ် အစ်ကိုရာ . . ကျွန်တော်တို့ မိသားစုလည်း ဘယ်ဘ၁ ဝင်ငွေကြွေးလဲ မသိပါဘူးဗျာ . . ဒီကိစ္စ ကျွန်တော်ဘာဆက်လုပ်ရမှန်း မသိဘူးဖြစ်နေတယ် အစ်ကိုရာ၊ ကျွန်တော့်ကို ကူညီပါဦး"

"အင်း . . ဒီကိစ္စ အတော့်ကို အသိရခက်တဲ့ကိစ္စကွ၊ မင်း အိမ်ကိုတော့ မပြန်နဲ့ဦး"

"ဟုတ် . . ဟုတ်ကဲ့ . . ဟို . . ကျွန်တော် . . ."

"ဟာ . . ထွန်းအံ့ကလည်း ငါတို့အိမ်မှာနေပေါ့ကွ"

"ဟုတ်တယ် . . အဲဒါ အကောင်းဆုံးပဲ"

နေပိုင်က ဝင်ပြောလာသဖြင့် စခန်းမှူးအောင်ဒင်က နေပိုင့်အကြံကို သဘောကျသွား၏။

"ဟုတ်တယ် ညီလေး . . ဖြစ်နိုင်ရင် မင်းကိစ္စကို ဘယ်သူမှ မသိစေချင်သေးဘူး၊ ခုလဲ အစ်ကိုတို့ အမှုအခြေနေကို လိုက်ပြီးစုံစမ်းနေဆဲပဲကွ . . ဒါထက် ငါ့ညီကို အစ်ကိုမေးပါရစေဦး"

"မေးပါ အစ်ကို"

"ဒီလို ညီလေး . . မင်းတို့မိဘတွေမှာ တစ်ချိန်က ဘယ်လိုအရှုပ်အရှင်းများ ရှိခဲ့သလဲကွ . . ဥပမာ – မင်းအဖေရဲ့လုပ်ငန်းကိစ္စတွေပေါ့ကွာ"

ရဲမှူးအောင်ဒင်၏အမေးကြောင့် ထွန်းအံ့ ခပ်တွေတွေဖြစ်သွား၏။ ဖခင်ဖြစ်သူ ဦးမြတ်စံက ရိုးရိုးကုတ်ကုတ်နေတတ်သူဖြစ်၏။ အားအားရှိ ကွန်ပျူတာစင်ဘေးတွင် အချိန်ဖြုန်းနေတတ်သူဖြစ်၏။ မိသားစုနဲ့လည်း တစ်နေ့နေ့နေလို့ စကားတစ်ခွန်းပြောသူမဟုတ်။ ဘာတွေလုပ်နေသလဲတောင် ထွန်းအံ့မသိ။

ပြီးတော့ အဖေက လူမှုဆက်ဆံရေးလည်း အားနည်းလှသူဖြစ်၏။ ရပ်ကွက်ထဲတွင်လည်း သူနှင့်ဆက်ဆံတဲ့သူ မရှိ။ အဖေနေပုံထိုင်ပုံက သီးသန့်ဆန်လွန်းလှ၏။

သို့ကြောင့်လည်း ထွန်းအံ့စိတ်ထဲ အဖေ့အပေါ် သံသယမဖြစ်မိ။

"အင်း . . ကျွန်တော့်အဖေ ဦးမြတ်စံဟာ ရိုးရိုးအေးအေးနေတတ်တဲ့လူပါ အစ်ကို၊ အပေါင်းအသင်း မိတ်ဆွေလည်း နည်းတယ် အစ်ကို၊ ပြီးတော့ ကျွန်တော်တို့နဲ့လည်း သိပ်စကားပြောတာမဟုတ်ဘူး အစ်ကိုရဲ့၊ နောက်ပြီး ဖေဖေက အရှုပ်အရှင်းလဲ







www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မဖြစ်ဘူး"

"ဟုတ်လား . . ဒါဆို ခု ရန်ကုန်ကို ဆင်းသွားတာ ဘာကြောင့်ပြန်မလာရတာလဲ"

"အဲ . . ဟုတ်တယ် . . ကျွန်တော်လဲ အဲဒါစဉ်းစားလို့မရဘူး အစ်ကိုရယ် . . ဖေဖေဒီအကြောင်းတွေသိမှာ မဟုတ်ဘူးဗျ"

"နေပါဦး သူ ဘယ်ကိုသွားမယ် ပြောသွားလဲကွ"

"ဟို . . အဲ . . နေပါဦး အစ်ကိုရဲ့"

ထွန်းအံ့ ဖခင်ဖြစ်သူ ကိစ္စကို စဉ်းစားလိုက်၏။ ဖေဖေဟာ တစ်ယူသန်ဖြစ်ပြီး လူတစ်ယောက်နဲ့မိတ်ဆွေဖြစ်သွားပြီဆိုလျှင်လည်း အဲဒီမိတ်ဆွေနဲ့ပဲ ကမ္ဘာလုပ်တတ်၏။

တစ်ခုရှိသည်မှာ သူ့ဖခင်က သူ့အား အလူမီနီယံသေတ္တာကလေးတစ်ခုကို သိမ်းဆည်းခိုင်းခဲ့ခြင်းဖြစ်၏။

အထဲတွင် ဘာပါမှန်းလည်း မသိ၊ သိမ်းထားပါဆို၍ သာသိမ်းထားလိုက်ရခြင်းဖြစ်သည်။ သို့ပေသည့် သူတို့အိမ်ပေါ်ကို ရုတ်တရက်ရောက်လာသော မျက်နှာဖုံးစွပ်နှင့်လူတွေက အဖေသိမ်းဆည်းခိုင်းခဲ့သော သေတ္တာလေးကို လိုချင်ကြသည်။

ဘာကြောင့်ဆိုတာ မသိသော်လည်း သေရေးရှင်ရေးတမျှ အရေးကြီးပုံရကြောင်း ယူဆမိ၏။ ဒါကြောင့်လည်း ဘယ်သူမှ မသိအောင် လျှို့ဝှက်စွာသိမ်းဆည်းခဲ့ရခြင်းဖြစ်သည်။





ဒီကိစ္စ ရဲမှူးအောင်ဒင်အား အသိပေးလို့ မဖြစ်။ ပြီးတော့ သူ့အတွက် အဖက်ဖက်က အန္တရာယ်ရိပ်တွေ ဝင်လာမှာစိုးသဖြင့် ထိန်ချန်ထားလိုက်၏။

"ပြောပါဦးကွာ . . ဘာတွေများ ဒီလောက်တွေးနေတာလဲ"

"အော် . . ဟုတ် . . ဟုတ်ကဲ့ . . ကျွန်တော့်စိတ်ထင် ရန်ကုန်က စမိုင်းအီလက်ထရောနစ်ကုမ္ပဏီကို သွားတယ်ပဲထင်တယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ဖေဖေ့သူငယ်ချင်း ဦးဖေအောင် ရှိတယ်လေ"

"ဟုတ်လား . . အင်း ပြဿနာကတော့ အတော့်ကို စဉ်းစားရကျပ်တာပဲကွာ . . ငါတို့လည်း အတတ်နိုင်ဆုံးကြိုးစားဖော်ထုတ်ပါ့မယ် .. စိတ်ချပါ မောင်ထွန်းအံ့"

"ဟုတ်ကဲ့ အစ်ကို . . ဒါဆို ကျွန်တော် ဖေဖေရှိတဲ့ ရန်ကုန်ကို ခဏလိုက်သွားချင်တယ်၊ အဲဒါ သွားရမလား၊ ပြီးတော့ ဖေဖေ့ကိုလည်း ဒီအကြောင်းတွေ ပြောပြချင်လို့ပါ အစ်ကို"

"ကောင်းသားပဲ . . မကြာတော့ မကြာစေချင်ဘူး"

"စိတ်ချပါ အစ်ကို . . ကဲ . . ဒါဆို ကျွန်တော်တို့ကို သွားခွင့်ပြုပါ"

"အေးအေး"

သူတို့နှစ်ဦး ပြောပြောဆိုဆိုနှင့် ရဲမှူးအောင်ဒင်အိမ်မှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြ၏။ နေပိုင်ကတော့ သူ့အိမ်မှာပဲ အေးအေးလူလူနေစေချင်၏။ ဒါကြောင့်လည်း လမ်းလျှောက်ရင်း နေပိုင်က တတွတ်တွတ်ပြောလာ၏။

"ထွန်းအုံ"

"ဘာလဲကွ"

"ဘာဖြစ်လို့ ရန်ကုန်သွားမှာလဲကွာ . . ငါနဲ့အတူ အိမ်မှာ အေးအေးဆေးဆေး နေပေါ့ကွာ"

"ဟာ . . ဟိုမှာ ဖေဖေ ရှိသေးတယ်ကွ၊ ပြီးတော့ ဖေဖေ့အခြေအနေက ဘာသတင်းမှ မရသေးဘူးဆိုတော့ ငါ အရမ်းစိုးရိမ်တယ်ကွာ၊ ဒါကြောင့် ရန်ကုန်သွားမယ် ပြောတာပါ"

"အေးလေ . . ဒါဆို ဘယ်တော့သွားမှာလဲ"

"မနက်ဖြန် မနက်စောစော သွားမယ် သူငယ်ချင်း"

"ဟာ . . မြန်လှချည်လားကွ"

"မမြန်လို့မဖြစ်ဘူး သူငယ်ချင်းရဲ့ ကိစ္စက အရမ်းအရေးကြီးနေပြီလေ"

"ဒါဆိုလဲ သွားပေါ့ကွာ၊ ပြန်လာရင် ငါ့အိမ်မှာပဲ နေနော်"

"စိတ်ချပါကွာ"

ပြောပြောဆိုဆိုနှင့် လမ်းလျှောက်ခဲ့ကြရာ မကြာခင် နေပိုင်တို့အိမ်သို့ ပြန်လည်ရောက်ရှိလာ၏။

အချိန်ကာလမှာ ညကြီးပိုင်းအချိန်ကာလသို့ ရောက်





လာပြီဖြစ်၍ နေပိုင်တစ်ယောက် စောစောစီးစီး အိပ်ရာဝင်သွား၏။ ထွန်းအုံကတော့ မအိပ်နိုင်သေး။ မျက်လုံးထဲတွင် မိခင်နှင့် ညီမငယ်ဖြစ်သူတို့၏ အနိဋ္ဌာရုံမြင်ကွင်းများကို မြင်ယောင်နေမိလေ၏။

နောက်တစ်နေ့နံနက်မိုးလင်းသည်နှင့် ထွန်းအုံတစ်ယောက် ကြုံရာကားနှင့် ရန်ကုန်ဘက်သို့ ထွက်ခဲ့လေ၏။

ရန်ကုန်ဘက် မရောက်တာကြာပြီဆိုတော့လည်း မြင်ကွင်းက အသစ်အဆန်းဖြစ်နေ၏။ မိုးထိုးမတတ်မြင့်မား မတ်စောက်လှသော တိုက်တာအဆောက်အအုံတွေကလည်း ထိုးထိုးထောင်ထောင်ရှိနေ၏။

မြို့ဝင်လမ်းမကြီးတွေကလည်း ဖြူးဖြောင့်ရှည်လျားလွန်းလှသလို လျှပ်စစ်မီးထွန်းညှိထားသည်မှာလည်း နတ်ဘုံနတ်နန်းတမျှပင်။ လူတွေကလည်း လမ်းမပေါ်တွင် နေ့နေ့ညည ဥဒဟိုသွားလာနေကြသည့်ပုံပင်။

ကားလမ်းပေါ်တွင် ဖြူနီဝါပြာကားရောင်စုံတွေကလည်း တဝေါဝေါတဝူးဝူးနှင့် ဖြတ်သန်းနေ၏။ အလွန်ပင်ခေတ်မီခန့်ညားလှသော မြို့ကြီးကို ထွန်းအုံတစ်ယောက် ရောက်ရှိသွားသလိုပင် ခံစားရ၏။

မြို့ထဲရောက်သည်နှင့် ခေတ်မီတည်းခိုခန်းတစ်ခန်းတွင် ဝင်ရောက်တည်းခိုလိုက်၏။ အချိန်အခါကလည်း ညပိုင်းအချိန်



www.burmeseclassic.com

www.burmeseclassic.com



အခါမို့ ဖခင်ကြီးထံသို့ မနက်မှသွားမည်ဟု ဆုံးဖြတ်လိုက်ပြီး စောစောအိပ်ရာဝင်ခဲ့၏။ ခရီးကလည်းပန်းလှသည်မို့ ခေါင်းချသည်နှင့် တရှူးရှူးအိပ်ပျော်သွားခဲ့၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် စမိုင်းအီလက်ထရောနစ် ကုမ္ပဏီရှိရာသို့ တက္ကစီတစ်စီးငှားပြီးလာခဲ့၏။ ဥဒဟိုသွားလာနေကြသော ကားတွေလူတွေကြား သူ့ကိုယ်သူ ပုရွက်ဆိတ်ကလေးတစ်ကောင်လို ခံစားမိ၏။

ကုမ္ပဏီရှေ့ရောက်သည်နှင့် ကားပေါ်မှဆင်းခဲ့ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ မြို့လည်ကောင်မို့ ပလက်ဖောင်းတွင် လူတွေရှုပ်ထွေးနေ၏။

ဈေးသည်များရဲ့ အော်သံ၊ ဟစ်သံတွေကလည်း ပလက်ဖောင်းပေါ်တွင် ပေါက်ကွဲဆူညံနေ၏။ ကုမ္ပဏီအဆောက်အအုံက နှစ်ထပ်တိုက်အဆောက်အအုံ။

ဂိတ်ဝတွင် ရပ်နေသော လူတွေကိုမေးကာ အဆောက်အအုံအပေါ်ထပ်သို့တက်ခဲ့၏။ အပေါ်ရောက်သည်နှင့် ဦးဖေမောင်အမည်ရေးထားသော ဆိုင်းဘုတ်ကလေးကို အခန်းဝတွင် တွေ့လိုက်ရသဖြင့် ဆင်နားရွက်တံခါးကို တွန်းဖွင့်၍ဝင်ခဲ့၏။

စားပွဲပေါ်တွင် ပါဝါထူထူမျက်မှန်ကြီးတပ်ခါ အလုပ်ရှုပ်နေသော လူကြီးတစ်ဦး။ အရွယ်မှာ ငါးဆယ်ကျော်ခန့်ရှိပြီး ခေါင်းတစ်ခုလုံး ငွေရောင်သန်းနေ၏။ သူ့ခြေသံကြားရသဖြင့်





မော့ကြည့်လိုက်၏။

"ဘာကိစ္စလဲကွ"

"ကျွန်တော်က ဦးမြတ်စံရဲ့သား ထွန်းအုံ့ပါ ဦးလေး"

"အော် . . ဦးမြတ်စံရဲ့သားကို . . ထိုင်ပါ မောင်ထွန်းအုံ့ ထိုင်ပါ"

"ဟုတ်ကဲ့"

သူ စားပွဲရှေ့လွတ်နေသော ခုံတွင် ဝင်၍ထိုင်လိုက်၏။ ဦးဖေမောင်သည် သူ့ကိုတစ်ချက်လှမ်း၍ အကဲခတ်ရင်းမေးလိုက်၏။

"ကဲ . . ဆိုပါဦး . . ဦးဘာများကူညီရမလဲ မောင်ထွန်းအုံ့ရဲ့"

"ဒီ . . ဒီလိုပါ ဦးလေး"

"ပြော"

"ဟို . . ကျွန်တော် ဖေဖေဦးမြတ်စံ ဒီမှာရှိသလားလို့ပါဦးရယ် . . အဲဒါ အရေးကြီးတဲ့ကိစ္စရှိလို့ ကျွန်တော်လိုက်လာတာပါ"

"ဟေ"

သူ့စကားကြောင့် ဦးဖေမောင် ပါးစပ်အဟောင်းသားဖြစ်သွား၏။

"နေ . . နေပါဦး မောင်ထွန်းအုံ့ရဲ့ . . မင်းဖခင် ဦးမြတ်



www.burmeseclassic.com

www.burmeseclassic.com



စံတစ်ယောက် ပြန်သွားတာ သုံးလေးရက်ရှိပြီလေ''

"ဗျာ"

ထွန်းအုံ ဦးဖေမောင်၏စကားကြောင့် ကြောင်စီစီ ဖြစ်သွား၏။

"ဘာ . . ဘာဖြစ်လို့လဲ မောင်ထွန်းအုံ၊ အိမ်ပြန်မရောက် သေးဘူးလားကွယ့်''

"ဟုတ် . . ဟုတ်ပါတယ် ဦး၊ အိမ်ကို ခုထိပြန်မလာ သေးဘူး''

"ဟင် . . ဒါဆို ဘယ်လိုဖြစ်လို့တုန်း''

"ဒီလို . . ဦးရဲ့''

ထွန်းအုံသည် ရေပြာအင်းတွင် ကြုံခဲ့ရသော အဖြစ်အပျက်ကို အကျဉ်းချုံးပြီး ဦးမြတ်စံအား ပြောပြလိုက်လေသည်။

"အလို . . အတော်ကြောက်စရာကောင်းလှတဲ့ ဖြစ်ရပ် တွေပါလား မောင်ရယ်''

"ဟုတ်တယ် ဦးလေး . . ဒါကြောင့် မေဖေဆီ ကျွန် တော် လိုက်လာတာပေါ့ဗျာ''

"ဟင် . . ဒုက္ခပါပဲ၊ မင်း ဖေဖေ ပြန်သွားတာတော့ သေချာတယ်ကွယ့်''

"ဘာတွေပြောသွားလို့လဲ ဦး''

"ဒီလို လူလေးရဲ့ . . မပြန်ခင်တစ်ရက် ဦးဆီလာသေး





တယ်ကွယ့် . . သူ ရေပြာအင်းကို ပြန်ဦးမယ်၊ သူလိုချင်တဲ့ ပစ္စည်းကို နောက်တစ်ခေါက်မှသာ ဝယ်မယ်ပြောသွားတာကွယ့်''

"ဟုတ်လား . . ဒါထက် ဖေဖေ ရန်ကုန်ရောက်ရင် ဘယ်မှာတည်းသလဲ ဦးလေး၊ အဲဒီလိပ်စာ ဦးဆီမှာများ ရှိမလား လို့''

"ဟာ . . ဦးလေးလိုက်ပို့မှာပေါ့ကွယ်၊ မင်းဖေဖေဟာ ဦးသူငယ်ချင်းရဲ့ ဟိုတယ်မှာတည်းတာကွယ့်''

"အော် . . ဒါဆို အဲဒီ ဟိုတယ်ကိုသွားမေးရင် ကောင်း မလား မသိဘူး''

"ဆန္ဒရှိရင်တော့ ဦးလိုက်ပို့ပါ့မယ်ကွယ် . . တကယ် တော့ မင်းဖေဖေနဲ့ဦးလေးတို့က ငယ်သူငယ်ချင်းတွေလေ''

"ဟုတ်ပါတယ် ဦးလေး၊ ဒါကြောင့်လဲ ဦးလေးများ ဖေဖေ့အကြောင်းကို သိမလားလို့ စုံစမ်းတာပါ''

"အင်း . . မင်းအဖေက လူတော်လူကောင်းတစ်ယောက် ကွယ့် . . ဒါပေမယ့် အနေအထိုင်အပြောအဆိုကအစ အရမ်း ကျစ်လစ်တဲ့လူကွ''

"ဖေဖေ ဘာတွေလုပ်နေသလဲ ဦး''

"အေး .. အဲဒါ ဦးကိုယ်တိုင်လဲ မသိဘူး မောင်ထွန်းအုံ၊ သူလာတုန်းကလည်း ကွန်ပျူတာအစိတ်အပိုင်းတွေ လျှော့ ဝယ်နေတာကွ၊ ပြီးတော့ ဦးနဲ့လည်း စကားတောင် သေသေချာ



www.burmeseclassic.com

www.burmeseclassic.com



ချာ မပြောရပါဘူးကွယ်၊ တစ်ခုရှိတာ . . .”

“ဘာများလဲ ဦး”

“မင်းဖေဖေဟာ ဦးမိတ်ဆွေ ကိုကျိုးအောင်နဲ့ ရန်ကုန်လာတုန်း တတွဲတွဲဖြစ်နေတာကွ”

“ဗျာ. . အဲဒီ ကိုကျိုးအောင်ဆိုတာ . . .”

“အေး . . ဒီလူက လူရှုပ်လူပွေ၊ ဦးက မင်းဖေဖေကို တောင် သတိပေးဖူးတယ်”

“ဟင် . . အဲဒီလူဟာ ဘယ်လိုရှုပ်တာလဲ ဦးလေး”

“ဒီလိုကွယ့် . . အဲဒီကိုကျိုးအောင်ဟာ တစ်ချိန်က ဟောင်ကောင်က ကုမ္ပဏီတွေနဲ့အဆက်မိပြီး ကွန်ပျူတာအရောင်းအဝယ် အလုပ်တွေလုပ်ခဲ့တာကွ၊ အဲဒီအခါမှာ ဟောင်ကောင်သူဌေးကို သစ္စာမဲ့ခဲ့တဲ့လုပ်ရပ်တွေနဲ့ ဒုက္ခပေးခဲ့တယ်လေ၊ စက်ကိရိယာအမျိုးမျိုးကိုလည်း ပုံမှားရိုက်ပြီး အလဲအလှယ်လုပ်ခဲ့တာကွ၊ ဒါကြောင့် သူဌေးဆီက သိန်းတစ်ရာနီးပါးလောက် အပျောက်ရိုက်လိုက်ဖူးတယ်၊ ဒါကြောင့်လည်း ကိုကျိုးအောင်ဟာ အဲဒီကေ့စ်နဲ့ ထောင်ထဲမှာ ငါးနှစ်လောက်နေခဲ့ဖူးတယ်ကွ”

“ဟင် . .ဟုတ်လား . .ဒါဆို”

“အေး . . ဦးလေးတို့က မင်းအဖေကို သတိပေးခဲ့တာတော့ အမှန်ကွယ့် အဲဒါ မင်းအဖေဟာ သူနဲ့လုပ်စရာ ကိစ္စလေးတစ်ခုရှိနေလို့ပါတဲ့၊ အဲဒီကိစ္စပြီးတာနဲ့ အဆက်အသွယ်ဖြတ်





လိုက်ပါ့မယ်လို့တော့ ပြောဖူးတယ်ကွ”

“ဟုတ်လား ဦး . . အဲ . . ဒီ . . ဦးကျိုးအောင်ဆိုတာ ဘယ်မှာနေသလဲ ဦး”

“ဒီလူက အနေအထိုင်ကအစ လျှို့ဝှက်တဲ့လူကွယ့် . . ဒါပေမယ့် သူ့နှစ်မ မနန်းတင်ကိုတော့ ဦးသိတယ်ကွယ့်”

“ဒါဆို အဲဒီဒေါ်နန်းတင်ကို မေးရင် ဦးကျိုးအောင်နေတဲ့အိမ်ကို သိမှာပေါ့နော် . . ဦးလေး”

“အေး . . အဲဒီလို မေးရမလို ဖြစ်နေပြီကွယ့်၊ အင်း မနန်းတင်ကလဲ ကိုကျိုးအောင်နဲ့တော့ သိပ်တည့်လှတာ မဟုတ်ဘူးကွယ့်”

“အော်”

“နေပါဦး မောင်ထွန်းအံ့၊ မင်းဖေဖေ ရေပြာအင်း ပြန်မရောက်တာဟာ တကယ်အမှန်ပဲလား ကွယ့်”

“ဟုတ်ပါတယ် ဦးလေး . . ကျွန်တော်ထွက်လာတဲ့အထိတော့ ဖေဖေ့သတင်း ဘာမှမကြားရသေးဘူး ဦးရဲ့၊ ပြီးတော့ အိမ်ကိုလဲ ဆိုင်ရာက ချိတ်ပိတ်ထားတယ်လေ”

“အင်း . . ဒုက္ခပါပဲ၊ ဒါဆို မင်း အခုဘာလုပ်ချင်သလဲ ပြော. . မင်းလုပ်ချင်တာမှန်သမျှ ဦးကူညီမယ်”

“အို . . ရပါတယ် ဦးလေး၊ ကျွန်တော် ဦးလေးမိတ်ဆွေ ဖိုတယ်ပိုင်ရှင်ဆီ သွားလိုက်ပါ့မယ်၊ ကျွန်တော့်ကို မပိစာက



www.burmeseclassic.com

www.burmeseclassic.com



လေးသာ မစပါ ဦးလေး”

“ဟာ . . ရပါတယ်ကွယ် . . ငါ့တပည့်လေးစိန်ကို ထည့်လိုက်ပါ့မယ်ကွယ့် . . သူက ဦးမိတ်ဆွေဟိုတယ်ပိုင်ရှင် ဦးဘိုးသာနဲ့ အတော်အဆင်ပြေတာကွယ့် . . ဦးမိတ်ဆွေကို ကူညီပါလိမ့်မယ်ကွယ်”

“ဒါဆို ကျွန်တော် အဲဒီကို လိုက်သွားဦးမယ် ဦးလေး”

“နေဦး မောင်ထွန်းအုံ . . လေးစိန်ကိုခေါ်လိုက်ဦးမယ်၊ သူ့ကို မနန်းတင်တို့ဆီပါ ခေါ်သွားပေါ့၊ ပြီးတော့ ရန်ကုန်ရောက်တုန်း သွားစရာရှိလဲ အဲဒီလေးစိန်နဲ့သွားပါ၊ သူက ပျော်ပျော် နေတတ်သလို အပေါင်းအသင်းလဲ ဆံ့တယ်ကွယ့်”

“ဒါဆို ကောင်းတာပေါ့ ဦးရယ်”

“ကဲ . . နေဦး”

ဦးဖေမောင်သည် လူခေါ်ဘဲလ်လေးနှိပ်ခါ လေးစိန်ဆို သူကိုခေါ်လိုက်၏။

အချိန်အနည်းငယ်အကြာတွင် လေးစိန် ရောက်လာ၏။ အရပ်က ငါးပေတောင်မပြည့်ချင်၊ ထိပ်ပြောင်ပြောင်၊ နှာခေါင်း ချွန်ချွန်၊ မေးစေ့သွယ်သွယ်၊ ဝတ်စားထားပုံကလည်း ဂိုက်ဆိုက် ကောင်းလှ၏။

မျက်နှာက မချိုမချဉ်၊ ဦးဖေမောင်က သူ့ကိုကြည့်ပြီး ထွန်းအုံနှင့် မိတ်ဆက်ပေးလိုက်၏။





“ကဲ .. မင်းလုပ်ရမယ့်အလုပ်ကတော့ ဟောဒီ မောင် ထွန်းအုံ ရန်ကုန်ရောက်တုန်း သွားချင်တဲ့နေရာမှန်သမျှ ခေါ်သွား မင်းလိုက်ပို့ဖို့ပဲ”

“စိတ်ချပါ အာစရိ . . ထရေးဒါးတို့ ယုဇနဂါဒင်းတို့ နယူးတာဝါတို့ကိုပါ လိုက်ပို့ပါ့မယ်”

“ဟာ . . မင်းသွားချင်တဲ့နေရာကို လျှောက်မပြောနဲ့ လေးစိန် . . ညှိသည်ကိုမေးမြန်းပြီးမှသွား . . ခုလဲ ကိုဘိုးသာ တို့ဟိုတယ်ကို လိုက်ပို့လိုက်ပါ”

“ရပါတယ် အာစရိ . . ကဲ . . သွားကြရအောင် ကိုထွန်းအုံ”

“ဟုတ်ကဲ့ . . ကျွန်တော် သွားပါဦးမယ် ဦးလေး”

“အေးပါကွယ် . . အကူအညီလိုလည်း ပြောပေါ့ကွယ်၊ အစစအရာရာ ဦးဆီမှာ အကူအညီတောင်းနိုင်ပါတယ်”

“ကျေးဇူးတင်ပါတယ် ဦးလေး”

ပြောပြောဆိုဆိုနှင့် ဦးဖေမောင်ကို နှုတ်ဆက်ခါ ကုမ္ပဏီ ထဲမှဆင်းခဲ့ကြလေ၏။ လေးစိန်ကတော့ အမြဲတမ်း မချိုမချဉ် ဖြစ်နေတတ်သူ။ ကုမ္ပဏီအပြင်ရောက်သည်နှင့် လေသံတွန့်ဆုတ် တွန့်ဆုတ်နှင့်မေးလိုက်၏။

“ကဲ . . သရီးစတားကိုသွားမှာဆိုတော့ ဧကန္တ ကိုထွန်း အုံ လှတ်သမီးလေးတွေ မြင်ချင်လို့ထင်တယ် . . ဟဲဟဲ မြင်ရပါ



www.burmeseclassic.com

www.burmeseclassic.com



စေ့မယ်ဗျာ. . ချောသမှ မိုးပေါ်ကနတ်သမီးလေးတွေတောင် လက်မြှောက်ရမယ် မော်ဒယ်ပလုတ်တုတ်လေးတွေ ရှိတယ်ဗျ"

"ဟာ . . ဘာတွေပြောနေတာလဲ ကိုလေးစိန်ရဲ့ . . နေပါဦး ဘာလဲဗျ. . . မော်ဒယ်ပလုတ်တုတ်ဆိုတာ"

"အော်. . ကိုထွန်းအုံကလဲ အပဲ့၊ ဆယ့်ခြောက်နှစ်မကျူးတကျူး ခပ်လူးလူးလေးတွေပေါ့ဗျာ . . အကြိုအပို့လေးတွေလေ . . ကျုပ်တော့ အဲဒီဟိုတယ်ကြီးတွေရောက်ရင် အဲဒီမော်ဒယ်ပလုတ်တုတ်လေးတွေ ကြည့်ကြည့်ပြီးခံစားရတယ်ဗျာ"

"ဘာတွေ ခံစားနေရလို့လဲဗျ"

"အော် . . အမေပေါ့ဗျာ . . အမေပေါ့"

"ဟင် . . ခင်ဗျားအမေ ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲဗျာ . . ကျွန်တော့်ကို ဘာလို့ စောစောမွေးထုတ်လိုက်သလဲ မသိပါဘူး၊ အမှန်ဆို အဲဒီပလုတ်တုတ်လေးတွေနဲ့သာ သက်တူရွယ်တူမွေးခဲ့ရင် ဟဲ ဟဲ ဇာတ်လမ်းလုပ်လို့ ရမှာဗျ"

"အောင်မယ်လေးဗျာ . . ကိုလေးစိန်က တော်တော်ကိုစိတ်ကူးယဉ်တဲ့လူပါလားဗျာ . . ကဲပါဗျာ . . ကျွန်တော် သွားမှာက ခင်ဗျားထင်တာ တစ်ခုမှမဟုတ်ပါဘူးဗျာ"

"ဟင် . . ဒါဆို ဘာကိစ္စလဲဗျ"

"ဟို ကျ သိရမှာပေါ့ဗျာ . . ကဲ တက္ကစီငှားရအောင်ဗျာ"





"ရပါတယ်ဗျာ"

လေးစိန်သည် သူတို့ရှေ့သို့ဖြတ်မောင်းလာသော ဆူပါရှုဖ်တက္ကစီကားလေးတစ်စင်းကို လှမ်းတားလိုက်ပြီး နှစ်ဦးသားကားပေါ်တက်ခဲ့ကြ၏။

အပေါ်ရောက်သည်နှင့် ကားကလေးက လမ်းမကြီးအတိုင်း လျှောခနဲအပြေးထွက်သွား၏။

"နေပါဦး ကိုလေးစိန် . . ဦးဘိုးသာဟိုတယ်က ဘာဟိုတယ်လဲဗျ"

"သရီးစတားလေးဗျာ . . ကမာရွတ်ဘက်မှာ နာမည်ကြီးပေါ့ဗျာ . . အဲယားကွန်းတို့ တီဗီတို့၊ ဖက်စ်တွေ တယ်လီဖုန်းတွေကအစ ခေတ်မီကိရိယာတွေ တပ်ထားထားတဲ့ဟိုတယ်ကြီးဗျာ"

"အော် . . ဒါဆို အဲဒီဟိုတယ်သွားပြီးရင် ဒေါ်နန်းတင်တို့အိမ်ကို သွားရအောင်နော်"

"ဟာ . . သွားရမှာပေါ့ဗျာ . . အဲဒီမှာ ကျွန်တော်မျက်စိကျနေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်ဗျ"

"ဟင် . . ခင်ဗျားကလည်း မိန်းကလေးတွေအကြောင်းအတော့်ကိုပြောတဲ့လူပါလား . . . ဘာလဲ ကိုလေးစိန်က လူပျိုကြီးလား"

"ဟုတ်ပါ့ဗျာ . . ရေတစ်စက်မှာမရောတဲ့ အမှန်အကန်



www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးပါဗျာ"

"အော် . . ဒါကြောင့်ကိုး"

"ဒီလိုပေါ့ ကိုထွန်းအုံ့ရယ် . . အသက်တွေရလာတော့လဲ ဆေးပေးမီးယူက လိုလာပြီလေ"

"ဟား . . ဟား . . ဟား ခင်ဗျားကတော့ ကြံဖန်ပြောတတ်တဲ့လူပဲ"

"ဟော . . ပြောရင်းဆိုရင်း ကမာရွတ်ထဲရောက်လာပြီကွ"

"ဟုတ်လား"

"ဟိုရှေ့က ဟိုတယ်ကြီးပဲဗျော့"

"ဟုတ်လား"

သူတို့နှစ်ဦးအချီအချပြောဆိုနေကြစဉ် သရီးစတားဟိုတယ်ရှေ့သို့ ရောက်ရှိလာလေရာ ကားတံခါးဖွင့်ပြီး ဟိုတယ်ထဲ ဝင်ခဲ့လေ၏။ ကိုလေးစိန်ပြောသည့်အတိုင်းပင် ဂိတ်ဝတွင် ကြို ဆိုနေကြသော ဟိုတယ်မယ်လေးတွေက ထိရက်စရာပင်မရှိ။ အပြုံးကလေးတွေကလည်း ဝင်လာသူကို စိတ်အေးချမ်းသွားစေမည့်အပြုံး။

အသံက လေးတွေကလည်း ကြိုးကြာသံအလားပင်။ လေးစိန်ကတော့ မျက်စိကျွတ်မတတ်၊ ပြောလိုက်တဲ့စကားတွေ ကလည်း ပတ်တုတ်ထားရမတတ်၊ ပြီးတော့ သူရဲ့ခေါ်နေတဲ့





သွားကို အစွမ်းကိုထုတ်ရင်း ပြုံးဖြီးဖြီးနှင့်လုပ်နေ၏။

ထွန်းအုံ့မနည်းသတိပေးမှပဲ ဟိုတယ်အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ အဆောက်အဦးက ခြောက်ထပ်အဆောက်အဦး။ အခန်းထဲသို့ ဝင်လိုက်သည်နှင့် ရုပ်ရည်သန့်ပြန့်လှသော လူကြီးတစ်ဦးကို တွေ့လိုက်၏။

လက်ထဲတွင် နယူးစ်ဝိခ် စာအုပ်တစ်အုပ် ဖတ်ရှုနေ၏။ သူတို့ကိုမြင်တော့ လက်ထဲကစာအုပ် ကိုချလိုက်၏။

"ဟော . . မောင်လေးစိန်ပါလားကွယ့်"

"ဟုတ်တယ် ဦးလေး"

"ထိုင်ကြလေကွယ် . . ကိုဖေမောင်လွှတ်လိုက်တာလား"

"ဟုတ်တယ် ဦးလေး"

ပြောပြောဆိုဆိုနှင့် နှစ်ဦးသားဝင်၍ ထိုင်လိုက်ကြ၏။ အခန်းက ခေတ်မီလွန်းလှသည်ဟု ဆိုရပေမည်။ ရေခဲသေတ္တာကြီးများ၊ တီဗီကြီးများ၊ အဲယားကွန်းစက်ကြီးများက ဟိန်းနေ၏။

ဦးဘိုးသာက ထွန်းအုံ့ကိုတစ်ချက်လှမ်းကြည့်ရင်း ပြောလိုက်၏။ ထိုအခါ လေးစိန်က အာဝဇ္ဇန်းရွှင်ရွှင်နှင့် ထွန်းအုံ့ကိုစွ ကိုရှင်းပြလိုက်လေ၏။

ထိုအခါ ဦးဘိုးသာက ထွန်းအုံ့ဘက်လှည့်ပြီး ပြုံးစနှင့် မေးလိုက်၏။

"ကဲ .. ဆိုပါဦး မောင်ထွန်းအုံ့ . . ဦးလေး ဘာကူညီရ



www.burmeseclassic.com

www.burmeseclassic.com



မလဲပြောပါ"

"ဒီ . . ဒီလိုပါ ဦးလေး . . ဒီမှာ ကျွန်တော့်ဖေဖေ ဦးမြတ်စံ တည်းသွားတယ် မဟုတ်လား အဲဒါ . . ."

"ဟင် . . မောင်ရင်က ကိုမြတ်စံသားလား"

"ဟုတ်ပါတယ် ဦးလေး"

"ဒါဆို အတော်ပဲဟေ့"

"ဟင် . . ဘာ . . ဘာဖြစ်လို့လဲ ဦးလေး"

ထွန်းအံ့မျက်လုံးအပြူးသားနှင့် မေးလိုက်၏။ ဦးဘိုးသာ အသွင်က အထိတ်တလန့်။

"ပြော . . ပြောပါဦး ဦးလေး"

"ဒီ . . . ဒီ လိုကွယ့် . . မင်းဖခင်ဦးမြတ်စံဟာ ရန်ကုန်ရောက်ရင် ဦးတို့ဆီမှာပဲ တည်းတတ်တယ်လေ"

"ဟုတ် . . ဟုတ်ကဲ့"

"အဲဒါ ခုတစ်ခေါက်တော့ အတော့်ကိုထူးဆန်းတယ်ဟေ့"

"ဗျာ .. ဘာဖြစ်လို့လဲ ဦးလေး"

"ဒီလိုကွယ့် . . သူတည်းနေကျအခန်းပဲ ဦးကပေးထားတာပါ၊ အဲဒါ မပြောမဆိုနဲ့ ဟိုတယ်က အချိန်မတော်ကြီး ပြန်သွားတယ်ကွယ့်"

"ဗျာ"





"အေး . . နောက်ပြီး ဘာပစ္စည်းမှလဲ မယူဘူး မောင်ထွန်းအံ့ရဲ့"

"ဟင် . . ဘယ်လိုဖြစ်လို့ပါလိမ့်"

"အဲဒါ ပြောတာပေါ့ကွယ့် . . ဒီလူလုပ်ပုံက ပဟေဋ္ဌိဆန်လွန်းလို့ဟေ့ . . အဲဒါ သူ့အခန်းကို ခုထိပိတ်ထားရတယ်ကွယ့်"

"ဟင် . . ဒါ . . ဒါဆို ကျွန်တော်ဝင်ကြည့်လို့ ရမလား ဦးလေး"

"ရပါတယ် မောင်ထွန်းအံ့ရာ၊ နေဦးကွယ့် . . ဒီကိစ္စကို အစအဆုံးသိတဲ့လူ ဦးလေးခေါ်ပေးမယ်"

"ဟုတ်ကဲ့ ဦးလေး"

ဦးဘိုးသာသည် နံဘေးတွင်ချထားသော ဆယ်လူလာအပြူလေးကို ယူကာ အောက်ထပ်ကိုဖုံးဆက်လိုက်၏။

တအောင့်အကြာတွင် အခန်းထဲသို့ ထောင်ထောင်မောင်းမောင်းနှင့်အမျိုးသားကြီးတစ်ဦး ဝင်လာ၏။ အရွယ်က ဆေးဆယ်ကျော်၊ ငါးဆယ်နီးပါး။

"အဲဒါ ဦးတို့ဟိုတယ်က လုံခြုံရေးအကြီးအကဲပဲ နာမည် ကိုလင်းထက်တဲ့"

"အော် . . ဟုတ်ကဲ့"

"ကဲ . . ကိုလင်းထက်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ အာစရိ"

"သူ့ကို ဦးမြတ်စံကိစ္စ ပြောပြလိုက်ပါကွာ"

"အော် . . အခန်းနံပါတ် ၁၂၄ ကလား အာစရိ"

"ဟုတ်တယ်"

ကိုလင်းထက်သည် ထိုင်ခုံအားတွင် ဝင်၍ထိုင်လိုက်လေ၏။

"ဒီလို ကိုထွန်းအံ့ . . ခင်ဗျားဖခင် ဦးမြတ်စံဟာ အဲဒီနေ့က ညကြီးမင်းကြီး ရေးကြီးသုတ်ပျာနဲ့ အခန်းထဲက ထွက်လာတယ်ဗျ"

"ဟင် . . ဟုတ်လား"

"ဟုတ်ပ . . သူနဲ့အတူ နှာယောင်ကောက်ကောက် မျက်စိတစ်ဖက်မကောင်းတဲ့ လူတစ်ယောက်လဲ ထွက်လာတယ်"

"ဟင်"

"အေး . . အဲဒီလူနဲ့ ဟိုတယ်ပေါ်က သုတ်သုတ် သုတ်သုတ်ဆင်းသွားတာပဲ၊ နေဦးဗျ . . သူတို့စီးသွားတဲ့ကားတောင် ကျွန်တော်မှတ်မိတယ်"

"ဟင် . . ပြောပါဦး"

"ကားက မာစီဒီးအနက်ဗျ . . ဝကာ / .......... ဗျ"

"ဟုတ်လား . . ဟို . . ကိုလင်းထက်က ဘယ်သွားမလဲ မမေးဘူးလား"





"ဟာ . . မေးလို့မကောင်းဘူးဗျ . . ကျွန်တော်ကြောင့် အနှောင့်အယှက်ဖြစ်သွားမှာစိုးတာနဲ့ မမေးခဲ့ဘူးကိုထွန်းအံ့"

"ဟုတ်လား"

"အဲ . . အဲဒီလို ထွက်သွားပြီးကတည်းက ခုထိပေါ်မလာတာပဲ၊ ကျွန်တော်တို့ လာပြန်နိုးနိုးနဲ့စောင့်နေတာဗျာ"

"ဒါဆို ဖေဖေ့အခန်းထဲ ဝင်ကြည့်လို့ရမလားဟင်"

"ရပါတယ်ဗျာ"

"ကဲ . . ဒါဆို လိုက်ပြလိုက်ဗျာ . . ကိုလင်းထက်"

"ဟုတ်ကဲ့ အာစရိ . . ကဲ . . သွားကြရအောင်ဗျာ"

"ဟုတ်ကဲ့"

သူတို့နှစ်ဦး ကိုလင်းထက်အကူအညီနှင့် ဦးမြတ်စံ တည်းခိုသွားသောအခန်းရှေ့သို့ ရောက်ရှိလာကြ၏။

"ကဲ .. ခင်ဗျားစိတ်ကြိုက်ဝင်ကြည့်ပေတော့ ပြီးမှပဲ ကျွန်တော့်ကို ခေါ်လိုက်"

"ဟုတ်ကဲ့ . . ကျေးဇူးပဲ ကိုမင်းထိ"

"ရပါတယ်ဗျာ"

လင်းထက်သည် အခန်းတံခါးကိုဖွင့်ပေးလိုက်ပြီး သူတို့အနားမှထွက်သွား၏။ ထွန်းအံ့ ဖခင်ကြီးတည်းသွားသော အခန်းထဲဝင်လိုက်သည်နှင့် ဖခင်ကြီးအငွေ့အသက်ကို ရှူမိသလိုပင်။

စားပွဲပေါ်တွင် အပိုင်းပိုင်းအစိတ်စိတ်ဖြတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာတစ်လုံးကို တွေ့လိုက်ရ၏။ ထွန်းအံ့သည် ထိုင်ခုံတစ်ခုံပေါ်တွင် ဝင်၍ထိုင်လိုက်၏။ ဆေးလိပ်တို စီးကရက်တိုတွေကလည်း ကြမ်းပြင်ပေါ်မှာ စကျဲနေ၏။

စိတ်ထဲတွင် စီးကရက်တိုကိုကြည့်ပြီး သံသယဖြစ်သွား၏။ ဖခင်ဦးမြတ်စံက ဆေးပေါ့လိပ်သမား၊ စီးကရက်ကိုတစ်ချက်ကလေးမှ သောက်တတ်သူမဟုတ်။

ကြမ်းပြင်ပေါ်ကျနေသော စီးကရက်တိုကိုကောက်ကြည့်လိုက်ရာ မာဘိုရိုစီးကရက်ဖြစ်နေတာ တွေ့လိုက်ရ၏။ စိတ်ထဲတွင် ယင်းစီးကရက်သောက်သွားသူမှာ ဦးဘိုးသာပြောသည့် နှာခေါင်းကောက်ကောက်နှင့်လူ ဖြစ်နိုင်သည်ကို တွေ့မိ၏။ ထို့နောက် တည်ဆောက်လက်စ ကွန်ပျူတာနားကပ်ပြီး အသေးစိတ်ကြည့်လိုက်၏။

"ဟင် . . ဆားကော့စ်အံထဲမှာ ဆားကော့ပြားလဲ မရှိပါလား"

ကွန်ပျူတာဘေး စားပွဲပေါ်တွင် ဒိုင်ရာရီစာအုပ်ကလေးတစ်အုပ်ဖွင့်လျက်သား တွေ့လိုက်ရသဖြင့် ဖတ်ကြည့်လိုက်၏။

မှတ်တမ်းထဲတွင် ကွန်ပျူတာအစိတ်အပိုင်းများ၏ ထူးခြားချက်၊ ပြောင်းလဲချက်၊ ပြင်ဆင်ချက်၊ လွဲမှားချက်များကို ရေးမှတ်ထားတော တွေ့ရ၏။

"ဟုဿာသယ"ဆိုသော စာလုံးကို စာမျက်နှာတစ်ဝက်





လောက်တွင် တွေ့ရ၏။ ဟုဿာသယဆိုတာဘာလဲ သူစဉ်းစားအဖြေထုတ်လို့မရ။ စာထဲတွင် ဟုဿာသယ တစ်ပါးသူလက်ထဲ ဝါသွားမှာပဲ စိုးရိမ်ကြောင်း ရေးထား၏။

ထိုစာသားကြောင့် ထွန်းအံ့ခေါင်းနောက်သွား၏။ စာမျက်နှာတစ်နေရာတွင် ဦးဂျိန်းစ်တေလာနှင့် ဦးယုဝေဟု ရေးထား၏။

ထိုလူနှစ်ဦး၏အမည်ကို သူရေရွတ်မိ၏။ ဖေဖေအသိထဲမှာတော့ ထိုလူနှစ်ဦးကိုမကြားဖူးတာ အမှန်ပင်။

ဘယ်က လူတွေလဲလို့ စဉ်းစားနေမိ၏။ ထိုစဉ် ကုတင်ပေါ်တွင် ကြောင်စီစီထိုင်နေသော လေးစိန်က သတိပေးလာ၏။

"ကိုထွန်းအံ့"

× × × × × ×

"ကိုထွန်းအံ့ ဘာတွေစဉ်းစားနေတာလဲ ဗျ"

"အော် . . ဆောရီးဗျာ .. ကျွန်တော်အတွေးလွန်သွားလို့ပါ"

"အောင်မယ်လေး . . မင်းသားကလဲ ကြံဖန်စိတ်ကူးယဉ်တတ်သကိုး"

"ဟာ . . ကိုလေးစိန်ကလဲ လုပ်ပြီ . .ကဲ . . ကဲ သွားကြမယ်"

"ဟင် . . ပြီးပြီလား၊ ဒီပစ္စည်းတွေ မယူတော့ဘူးလား"

www.burmeseclassic.com



"မယူတော့ဘူးဗျာ . . နောက်မှပဲယူတော့မယ်၊ လော လောဆယ် ဒိုင်ယာရီပဲ ယူသွားမယ်"

"ဟင် . ဘာယ်လိုပါလိမ့်"

"ကဲ . . သွားကြမယ်"

သူတို့နှစ်ဦးသည် အခန်းအပြင်သို့ထွက်ခဲ့ကြပြီး ဟိုတယ်ပိုင်ရှင်ဦးဘိုးသာနှင့် လုံခြုံရေးတာဝန်ခံ ဦးလင်းထက်တို့ကို နှုတ်ဆက်ခါ ဟိုတယ်မှပြန်ခဲ့ကြလေတော့သည်။

ႏ♦ႏ♦ႏ♦ႏ♦ႏ♦ႏ



အခန်း(၄)

ထွန်းအုံ့တစ်ယောက် သူတည်းခိုသည့်ဟိုတယ်တွင် နှစ်ရက်ခန့်ကြာသွား၏။ စိတ်ထဲတွင် ဖခင်ကြီး၏အကြောင်းကို ဆယာနသိချင်နေ၏။

သို့ပေသည့် ဒီကိစ္စကို သူတစ်ယောက်ထဲ စဉ်းစားလို့ ဉာဏ်မမီနိုင်။ ထိုအခါ ရန်ကုန်တွင်နေထိုင်သည့် အမေ့မောင် ဝမ်းကွဲ ဦးလေးကျော်လှိုင်ကို သတိရလာ၏။

ဦးလေးကျော်လှိုင်က အုပ်ချုပ်ရေးပိုင်းမှ လူကြီးတစ်ဦး ဦးတော့ အစစအရာရာတွင် သိရှိနားလည်သူလည်း ဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းလည်း ဆုံလှသူလေးဖြစ်၏။

ထို့ကြောင့်လည်း ဦးလေးကျော်လှိုင်နေထိုင်ရာ ကြည့်မြင်တိုင်ဘက်သို့ ထွက်ခဲ့လေ၏။ အချိန်အခါမှာ နေ့လည်နေ့ခင်းအချိန်အခါ ဖြစ်သည်။

ယခုလိုအခါမျိုးတွင် ရေပြာအင်းမှာ ရှိနေရင်တော့ အိမ်ထဲက အိမ်ပြင်ထွက်လို့ရမှာမဟုတ်။ နေရောင်ကျဲတောက်တောက်အောက်မှ လျှောက်ရသည်ကို သူစိတ်ပျက်မိတာ အမှန်။

ယခုလည်း မသွားမဖြစ်လို့သာ သွားရသည်။ နေအပူရှိန်က တရှိန်ရှိန်တောက်လောင်နေသဖြင့် တက္ကစီငှားကာ ကြည့်မြင်တိုင်ဘက်သို့ ထွက်ခဲ့လေ၏။

အိမ်ရှေ့ရောက်တော့ ဦးလေးကျော်လှိုင်ကို အိမ်မှာအခန့်သားတွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွား၏။

"ဟော..ဦးလေးရှိနေတာကိုး ..တော်ပါသေးရဲ့ဗျာ"

"ဟင် ..မောင်ထွန်းအုံပါလား ..လာလာဟေ့"

ဦးကျော်လှိုင်သည် သူ့ကိုဖက်လဲတကင်းနှင့် ခေါ်ကာ စည့်ခန်းထဲထိုင်ခိုင်းလိုက်၏။

"အလည်သက်သက်ပဲလား မောင်ထွန်းအုံ"

"မဟုတ်ဘူး ဦးလေး ..ကျွန်တော့်မှာ ကိစ္စလေးရှိနေလို့ပါ"

"ဟုတ်လား ..ဒါဆို ဒီမှာတည်းလေ"





"ရတယ် ဦးလေး ..ကျွန်တော် ဟိုတယ်မှာပဲ တည်းတယ်"

"အော် ..မင်းကလဲကွာ ..ဦလေးဆီမှာတည်းပေါ့"

"ရပါတယ် ဦးလေးရဲ့ ..ကျွန်တော်ဒီကိုလာတာ မေမေ့ကိစ္စကြောင့်လာတာပါ"

"ဟုတ်လား ..ကဲထိုင်ဦး မြခင်ရေ ..ဟောဒီမှာ မောင်ထွန်းအုံရောက်နေပြီဟေ့"

ဦးကျော်လှိုင်သည် ဇနီးသည်ကိုလှမ်းပြောလိုက်ရာ ဘအောင့်အကြာတွင် စားသောက်သောက်ဖွယ်များနှင့် ရောက်ရှိလာ။

ထွန်းအုံမှာ သူ့အဖြစ်အပျက်ကို ပြောပြသင့်မသင့်ကို စဉ်းစားနေ၏။ ထိုစဉ် ဦးကျော်လှိုင်က ထွန်းအုံကိုကြည့်ပြီး မေးလိုက်၏။

"ဆိုပါဦး မောင်ထွန်းအုံရဲ့ ..မင်းတို့အမေ ဘာဖြစ်လို့လဲကွ"

"ဒီလို ဦးလေးရဲ့ . . . "

ထွန်းအုံသည် ရေပြာအင်းမှပြဿနာရော ဖခင်ပျောက်ဆုံးနေမှုကိုပါ ပြောပြလိုက်၏။ သူ့စကားကြားရတော့ ဦးလေးကျော်လှိုင်တစ်ယောက် ပါးစပ်အဟောင်းသား။

"ဟင် ..ဟို ..မမ ..မမရော တူမလေးပါ လှိုင်ကြိုင်



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရတယ် ဟုတ်လား . . ဟုတ်ရဲ့လား မောင်ထွန်းအံ့ရယ်"

"ဟုတ်တယ် ဦးလေး . . မေမေရော . . ညီမလေးပါ ဆုံးပြီ"

"ဟင် .. ဘုရား . . ဘုရား ငါတော့ နားရှိလို့သာ ကြား လိုက်ရတယ်၊ မယုံနိုင်စရာပါလား မောင်ထွန်းအံ့ရဲ့"

"ဟုတ်တယ် ဦးလေး . . ကျွန်တော်လဲ ဦးလေးစိတ်မ ကောင်းဖြစ်မှာ စိုးလို့ပါ"

"အင်း . . ဒုက္ခ . . ဒုက္ခ . . မမတို့လင်မယားဟာ သူတော်ကောင်းတွေပါ မောင်ထွန်းအံ့ရယ် . . ငါ့စိတ်ထင်ပြော ရရင် ငါ့ယောက်ဖ ကိုမြတ်စံဟာ တော်တော်ကိုရိုးသားအေး ဆေးတဲ့လူကြီးပါကွယ် . . ခုတော့ ဘယ်လိုဖြစ်ကုန်ကြသလဲ မသိဘူး"

"ဟုတ်တယ် . . ခုလည်း ဖေဖေဒီမှာရှိလိမ့်မယ်အထင် နဲ့ လိုက်လာတာ၊ ဒီလဲရောက်ရော ဖေဖေက သူတည်းတဲ့ဟိုတယ် အခန်းမှာ မရှိဘူး၊ ပိုဆန်းတာ ဖေဖေဟာ အဲဒီဟိုတယ်အခန်းက ထွက်သွားတာ ဘာပစ္စည်းမှ မယူသွားဘူး ဦးလေးရဲ့"

"ဟင် . . ထူးဆန်းလှချည်လား"

"အဲဒါကြောင့် ပြောတာပေါ့ ဦးလေးရယ် . . တစ်ခုခု တော့ တစ်ခုခုပဲ၊ ဒါပေမယ့် အဲဒီတစ်ခုခုဟာ ဘာလဲဆိုတာ ခုထိ ကျွန်တော်စဉ်းစားလို့ မရဘူးဖြစ်နေတယ် ဦးလေးရယ်၊ ကျွန် တော်တော့ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ပါဘူးဗျာ"

"အင်း . . မင်းတို့မိသားစု ပြဿနာက အတော့်ကို ပဟေဠိဆန်လွန်းတာပဲကိုး . . နေပါဦး အဲဒီကိစ္စကို စခန်းတွေ ဘာတွေ အကြောင်းမကြားဘူးလားကွ"

"ကြားပါတယ် ဦးလေး . . ဒါပေမယ့် မေမေတို့အမှု ကိစ္စကို ခုထိခြေရာခံလို့ မရသေးဘူး၊ ဘာကြောင့် ဘာအတွက် ဘယ်သူသတ်သလဲဆိုတာကအစ ဖော်ထုတ်လို့မရသေးဘူး ဦးလေးရဲ့"

"ဟင် . . ဒါ . . ဒါဆို မင်းတောင်အသက်အန္တရာယ် ရှိနေတယ်လို့ တွေးမိတယ် မောင်ထွန်းအံ့"

"ဟုတ်တယ် ဦးလေး .. ကျွန်တော့်ကို ဒီကိုမလာခင်မှာ ဖြစ်ပွားခဲ့တဲ့ ပြဿနာတွေကြားမှာ အဲဒီမျက်နှာဖုံးစွပ်တွေဟာ ကျွန်တော့်ကိုတောင် အတင်းဖမ်းချုပ်ပြီးခေါ်ထုတ်ခဲ့တာ ဦးလေးရဲ့"

"ဟော"

သူ့စကားကြောင့် ဦးလေးဖြစ်သူမှာ မျက်လုံးအပြူးသား ဖြစ်သွား၏။

"မင်း . . မင်း .. ဒါဆို ငါနဲ့ပဲနေပါလားကွယ်"

"ရပါတယ် ဦးလေး . . ကျွန်တော် ဒီကိုထွက်လာတာ ဦးလေးနဲ့တိုင်ပင်ချင်လို့ပါ၊ ဦးလေးက အသိမိတ်ဆွေပေါတော့





ဆု မိုးဆယ်ပန်းစာပေ ဆု

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို ဖော်ထုတ်ပေးမယ့်လူများ ရှိမလားလို့ပါ''

''ဟာ . . မပူနဲ့ မောင်ထွန်းအံ့ရေ . . ဒီကိစ္စကို ဦးလေး အတတ်နိုင်ဆုံး ကူညီမယ်၊ ငါ့အစ်မနဲ့ တူမလေးကိုသတ်သွားတဲ့တရားခံကို မရ ရအောင်ဖော်ထုတ်ရမယ်ကွ''

''ကျေးဇူးပါပဲ ဦးလေးရာ . . ဦးလေးဆီရောက်မှပဲ ကျွန်တော်အားတွေရှိလာတယ်''

ထွန်းအံ့တစ်ယောက် ဦးလေးတော်သူ၏စကားကြောင့် အားတက်သရောဖြစ်လာ၏။

''နေဦး . . မောင်ထွန်းအံ့ရဲ့ . . ဦးမိတ်ဆွေတစ်ယောက်တော့ရှိတယ်၊ သူက ထောက်လှမ်းရေးအေးဂျင့်မှာ လုပ်နေတာကွယ့် . . ဒီကိစ္စ သူတို့ကိုပြောပြရင် အထိုက်အလျောက်တော့ အကျိုးရှိမှာပဲကွ''

''ကောင်းလိုက်တာ ဦးလေးရယ်၊ နာမည်ဘယ်သူလဲ''

''ကိုဘရှင်တဲ့ကွ . . ဒါပေမယ့် သူ့ကို လူတကာက နှုတ်ခမ်းမွေးစုတ်တိစုတ်ဖတ်ထားတတ်တာမို့ မွေးကြီး . . မွေးကြီးနဲ့ခေါ်တာကွယ့် . . အဲဒီလူက လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က ပြီးတော့ သူတို့လူစု ဖော်ထုတ်သမျှ အကုန်မိတာချည်းပဲ၊ တကယ့်ပြဿနာတွေဆို သူတို့အုပ်စုကိုင်တွယ်လိုက်ရင် ချက်ချင်း အဖြေပေါ်တာပဲဟေ့''

''ဟင် . . ဒါဆို ပြောကြည့်ပါလား ဦးလေးရယ်''





''စိတ်ချပါ ငါ့တူရယ် . . ဒီကိစ္စ ငါ့မှာတာဝန်ရှိပါတယ်၊ ပြီးတော့ မင်းတို့ကိစ္စက အတော့်ကိုထူးလဲထူးဆန်းသလို လျှို့လဲလျှို့ဝှက်တယ်ကွ၊ ဒီတော့ ဉာဏ်ရည်ကောင်းကောင်းလူတွေနဲ့တွေ့မှ ဒီပြဿနာကိုဖြေရှင်းနိုင်မှာ''

''ဟုတ်တယ် . . ဦးလေး . . ကျွန်တော်လဲ ဒီလူနဲ့တွေ့ရင် ပြောစရာတွေလဲ ရှိတယ် ဦးလေး . . ဘယ်တော့လောက်တွေ့ရမှာလဲဟင်''

''မပူပါနဲ့ကွာ . . စားသောက်ပြီး ညနေပိုင်းလောက်ကို သူတို့ဆီသွားကြတာပေါ့''

''ဟုတ် . . ဟုတ်ကဲ့''

''ကဲ . . ဒါဆို ရေမိုးချိုးပြီး အေးအေးလူလူနေပေတော့၊ တို့တူဝရီး စားသောက်ပြီးတာနဲ့ သွားကြမယ်''

''ဟုတ်ကဲ့ ဦးလေး . . ခုလို ကူညီတာပဲ ကျေးဇူးအရမ်းတင်တယ် ဦးလေးရာ''

''ရပါတယ်ကွာ . . ငါ့အစ်မကိစ္စပဲ ကဲ ကဲ . . ထ . . ထ ရေမိုးချိုးဖို့လုပ်''

''ဟုတ်ကဲ့ ဦးလေး''

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထခဲ့ကြပြီး ရေချိုးခန်းထဲဝင်ကာ ရေမိုးချိုးအဝတ်အစားလဲလိုက်၏။ ထို့နောက် ထမင်းဝိုင်းတွင် သူတို့တူဝရီးနှစ်ဦး မျက်နှာချင်းစုံပြီး စားသောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဦးလေးမိန်းမ ဒေါ်မြခင်၏လက်ရာက အတော်ပင် ခံတွင်းတွေ့လှ၏။ ဟင်းကိုဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားပြီး အတို့အမြုပ်ကအစ စုံလင်လှ၏။

ထွန်းအံ့တစ်ယောက် ယင်းသို့ဖွယ်ဖွယ်ရာရာ စားသောက်ရပြန်တော့လဲ အမေ့ကိုသတိရလာ၏။ ဒါကြောင့်လည်း စားနေတဲ့ထမင်းပင် မဝင်ချင်တော့။

ဦးလေးကျော်လှိုင်က ထမင်းထပ်ယူဖို့ အတင်းပြောနေသော်လည်း ထွန်းအံ့ဆက်မစားချင်တော့။ ထို့ကြောင့်လည်း လက်ဆေးပြီးသည်နှင့် ထိုင်ရာမှထလိုက်ပြီး အိမ်ရှေ့ခန်းသို့ ထွက်ခဲ့လေ၏။

တအောင့်ကြာတော့ ဦးလေးကျော်လှိုင် အခန်းထဲရောက်လာ၏။

"ဘယ်လိုဖြစ်တာလဲ မောင်ထွန်းအံ့ စားလို့မကောင်းဘူးလားကွယ့်"

"ကောင်းပါတယ် ဦးလေးရယ် . . ဒေါ်လေးဖွယ်ဖွယ်ရာရာလက်ရာမြင်ပြန်တော့လဲ အမေ့ကို သတိရလာလို့ပါ"

"အော် . . မောင်ထွန်းအံ့ရယ်"

ဦးလေးတော်သူမှာ ထွန်းအံ့စကားကြောင့် စိတ်မကောင်းဖြစ်သွား၏။

"ဦးလေးလဲ စိတ်မကောင်းပါဘူး မောင်ထွန်းအံ့ရယ်။





ဒီကိစ္စဟာ လက်သည်မပေါ်မချင်း ခံစားနေရမယ့်ကိစ္စပါကွာ၊ ဘာမှ မပူနဲ့ဟေ့ . . တအောင့်နေရင် တို့တူဝရီးနှစ်ယောက် သွားကြတာပေါ့"

"ဟုတ်ကဲ့ ဦးလေး"

ထွန်းအံ့တစ်ယောက် အိမ်ရှေ့ဧည့်ခန်းခုံပေါ်တွင်ထိုင်ရင်း မိခင်ဖခင်တို့၏အကြောင်းကို ပြန်လည်သတိရနေမိ၏။

မေမေက သူ့မောင် ဦးလေးကျော်လှိုင်ကို အရမ်းတွယ်တာ၏။ အမြဲတမ်းဦးလေးနာမည် ထည့်ထည့်ပြောတတ်၏။

မေမေတို့အိမ်ထောင်ကျခါစက ဦးလေးကျော်လှိုင်တစ်ယောက် လူပျိုဘဝနှင့် မေမေတို့ဆီမှာနေခဲ့ဖူးသည်ဟု သိခဲ့ရ၏။

သူမွေးပြီး သုံးနှစ်သားအရွယ် ဦးလေးကျော်လှိုင် ရန်ကုန်သူနှင့်အိမ်ထောင်ကျကာ မေမေတို့နှင့် ခွဲခွာသွားခဲ့၏။

မေမေကတော့ အမြဲတမ်းသတိတရရ၊ စားစရာကောင်းကောင်းချက်ရင်တောင် ဦးလေးကျော်လှိုင်ကို သတိရခဲ့၏။

အဲဒီလောက် အတွယ်တာကြီးလှသော မိခင်ကြီး။ စိတ်သဘောထားကလည်း နူးညံ့လွန်းလှ၏။ အပြောအဆိုကအစ ယဉ်ကြိမ်အေးဆေးလွန်းလှသော မေမေ။

ညီမလေး ဒေဝီကလည်း မေမေ့နည်းတူပင်။ သိပ်အေးအေးတဲ့ညီမလေး၊ စကားအပြောအဆိုလဲ နည်းလှ၏။ အားအားရှိ စာကြည့်ခန်းထဲဝင်ကာ စာအုပ်တစ်အုပ်နှင့် ဈာန်ဝင်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်၏။ အဲဒီလောက် အေးဆေးတည်ငြိမ်လှသော မိခင်နှင့် ညီမလေးတို့နှစ်ဦး မသမာသူတွေ ဘာကြောင့်သတ်ဖြတ်သွား ရသလဲဆိုတာ စဉ်းစားလို့မှရနိုင်တော့။

အံတကြိတ်ကြိတ်နှင့် ခံစားနေရခဲ့ရသည်။ သူဘယ်မျှ ကြာအောင် အတွေးရိုပ်လွင့်မျောမိနေသည်မသိ ဦးလေးကျော် လှိုင်တစ်ယောက် အဝတ်အစားသစ်လဲကာ အပြင်ထွက်လာမှ သတိဝင်လာ၏။

"သွားကြမယ်ဟေ့ . . မောင်ထွန်းအံ့"

"အော် . . ဟုတ်ကဲ့"

"ကဲ . . ဒါဆို ထ . . ထ"

ထွန်းအံ့တစ်ယောက် ထိုင်ရာမှ လေးဖင့်စွာထလိုက်၏။

"ဟော . . ပြန်တော့ မလို့လားကွယ့်"

"မပြန်သေးပါဘူး ဒေါ်ဒေါ်၊ ဦးလေးနဲ့အတူ မြို့ထဲဘက် လိုက်မလို့ပါ"

"အော် . .ဟုတ်လား . . ဒီမှာ မအိပ်ဘူးလားကွယ့်"

"နေပါစေ ဒေါ်ဒေါ် .. နောက်မှပဲ တည်းတော့မယ်"

"အို . . မင်းက သူစိမ်းတွေကျနေတာပဲကွယ်"

"မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ် နောက်ကျမှပဲ ကျွန်တော် အေးအေးဆေးဆေး လာပါ့မယ်၊ ကဲ . .ကျွန်တော် သွားဦးမယ် ဒေါ်ဒေါ်"





"အေးကွယ်"

ထွန်းအံ့ ဦးလေးကျော်လှိုင်၏ဖနိုးသည်ကို နှုတ်ဆက်ခါ အိမ်ပေါ်မှဆင်းခဲ့၏။ ထိုစဉ် ဦးလေးကျော်လှိုင်တစ်ယောက် ကိုဒေါင်သွင်းထားသော ဆူပါရှဖ်အနီရောင်လေးကိုထုတ်ခါ အိမ်ရှေ့သို့မောင်းလာ၏။

"လာဟေ့ . . မောင်ထွန်းအံ့"

"ဟုတ်ကဲ့ ဦးလေး"

"ကဲ . . တက် . . တက်"

ထွန်းအံ့ ကားတံခါးဖွင့်ပြီး အထဲဝင်ထိုင်လိုက်၏။

"ကဲ . . သွားကြမယ်"

"ဟုတ်ကဲ့ ဦးလေး"

"မင်းအဒေါ်ကတော့ မင်းကိုနေစေချင်တယ်ကွာ . . သူက အိမ်မှာ မတည်းတာကို မကျေမနပ်ဖြစ်နေတာကွ"

"အော် . . နောက်မှပဲ လာတော့မယ် ဦးလေးရာ၊ ခုတော့ ကိစ္စက ဦးလေးမြင်တဲ့အတိုင်းပဲ"

"ရပါတယ်ကွာ . . ကဲ . . သွားကြမယ်"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် စက်နိုးကာ ထွက်ခဲ့ကြလေတော့၏။ ထွန်းအံ့ကတော့ ကားပေါ်လိုက်ပါလာရသော်လည်း စိတ်က အတိတ်အရိပ်တွေကြား နစ်မြုပ်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟော . . ဦးကျော်လှိုင်ပါလား"

"ဟုတ်ပ . . မွေးကြီးရေ . . အရေးတကြီး မောင်ရင့်ဆီ ရောက်လာတာကွ"

"ဟင် . . ဟုတ်လား . . ကဲ . . ထိုင်ကြပါဦး"

တူဝရီးနှစ်ယောက် ဧည့်ခန်းထဲရှိဆိုဖာပေါ်တွင် ဝင်၍ ထိုင်လိုက်ကြ၏။

ထွန်းအံ့သည် ဧည့်ခန်းထဲတွင် ထိုင်နေသော မွေးကြီးတို့ လူစုကို လှမ်းကြည့်လိုက်၏။ ထိုစဉ် မွေးကြီးက စဝ်ရန်နိုင်နှင့်





စိုင်းနွတ်တို့နှစ်ဦးကို မိတ်ဆက်ပေးလိုက်၏။

"ဆိုပါဦး ဦးကျော်လှိုင် ဘာကိစ္စများလဲ"

"အော် . . ဒီလိုပါ မွေးကြီး"

ဦးကျော်လှိုင်သည် သူ့တူထွန်းအံ့ကို မွေးကြီးတို့လူစုနှင့် မိတ်ဆက်ပေးလိုက်ပြီး အဖြစ်အပျက်အကြောင်းအရာတို့ကို ထွန်းအံ့က အသေးစိတ်ပြောပြလိုက်၏။

စဝ်ရန်နိုင်သည် ထွန်းအံ့စကားကို နားထောင်ရင်း မွေးကြီးဘက်လှည့်၍ ပြောလိုက်၏။

"မွေးကြီး"

"ဘာလဲ စဝ်"

"ဒီကိစ္စဟာ အတော့်ကိုစိတ်ဝင်စားစရာ ကောင်းတာပဲ ဗျ"

"ဟုတ်ပကွာ . . ဒါထက် ကိုထွန်းအံ့"

"ဗျာ"

"မောင်ရင့်အနေနဲ့ ကြုံခဲ့တဲ့အဖြစ်အပျက်ကို မချွင်းမချန် ပြောဆိုဖို့တော့ လိုမယ်နော်"

"စိတ်ချပါ ခင်ဗျာ . . ကျွန်တော့်မှာ တိုင်ပင်စရာ အားကိုးစရာလူမရှိလို့ ဟောဒီဦးလေးဆီ အရောက်လာရင်း အစ်ကိုကြီးတို့ဆီလိုက်လာတာပါ"

"ဒါဆို ပြောစရာရှိတာ ပြောပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအုံမှာ မွေးကြီးစကားကြောင့် ပြောရန်ထိန်ချန်ထားသည့်ကိစ္စတွေကို ထုတ်ပြောရန်သင့်မသင့် ချင့်ချိန်နေ၏။

ထိုအချိန်တွင် ဦးကျော်လှိုင်မှာ ထွန်းအုံကို ထားကာ မြို့ထဲရှိ မိတ်ဆွေတစ်ဦးထံ ထွက်သွားလေ၏။

ထွန်းအုံသည် ဖခင်ကြီး၏ ထူးဆန်းသော အဖြစ်အပျက်များ၊ မိခင်နှင့်ညီမတို့ကို မျက်နှာဖုံးစွပ်လူစုက မသတ်ဖြတ်မီ သူတို့လိုချင်သော ပစ္စည်းများတောင်းခံနေသည့်ကိစ္စနှင့် ပစ္စည်းလေးကို သူလျှို့ဝှက်ထားသည့်ကိစ္စကိုပါ ပြောပြလိုက်၏။

သုံးယောက်စလုံး ထွန်းအုံ၏ စကားထဲတွင် နစ်မျောနေကြ၏။ စကားဆုံးသွားသောအခါ စဝ်ရန်နိုင်အတွက် စဉ်းစားစရာတွေ ဖြစ်လာ၏။

အမှန်တော့ ထွန်းအုံရောက်လာသည့် ကာလတွင် သူတို့သုံးဦးမှာ 'နဂါးစိမ်း' စစ်ဆင်ရေးကို မဟာဗျူဟာ၊ နည်းဗျူဟာများ ချလျက် ဖော်ထုတ်နေချိန်ဖြစ်၏။

'နဂါးစိမ်း' စစ်ဆင်ရေးဆိုသည်မှာလည်း တစ်ခြားမဟုတ်၊ ယခုတလော လျှို့ဝှက်ပိရိလှသော ဒုစရိုက်အဖွဲ့တစ်ဖွဲ့က ဒုစရိုက်မှုတွေကို ခြေလှမ်းစိတ်စိတ်နှင့် လှုပ်ရှားလျက်ရှိ၏။

ယခုအချိန်အထိ သူတို့လက်ချက်နှင့် လူရှစ်ဦးသေဆုံးခဲ့ရပြီဖြစ်သည်။ သတ်ဖြတ်သွားကြပုံမှာလည်း ပိရိလွန်းလှသဖြင့် ခြေရာလက်ရာ သဲလွန်စပင် ရှာမတွေ့။





ပြီးတော့ သေဆုံးသူအများစုမှာ စက်မှုပညာရှင်ကြီးတွေ ဖြစ်နေကြသည်။ ဥပမာအားဖြင့် နောက်ဆုံးအသတ်ဖြတ်ခံလိုက်ရသည့် ဦးသိရိနိုင်ဆိုလျှင် ကြီးမားသော ကွန်ပျူတာစီမံကိန်းများကို တည်ဆောက်နေသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၏။ ဒုစရိုက်အဖွဲ့အစည်းက ဦးသိရိနိုင်၏ဇနီးသည် မသီဂီဝေကို ဦးဆုံး ပြန်ပေးဆွဲသွား၏။

ထိုစဉ်က ဦးသိရိနိုင်မှာ လုပ်ငန်းကိစ္စများထဲတွင် နစ်မြုပ်နေရသူဖြစ်ပေရာ ဇနီးသည်သတင်းကြောင့် အကြီးအကျယ် ဇိတ်လန့်ချောက်ချားသွားခဲ့၏။

ထိုအခါ လုပ်ငန်းအားလုံး ပစ်ချပြီး ဘချုပ်တို့ဆီရောက်လာ၏။ အသွင်အပြင်ကလည်း မျက်စိမျက်နှာပျက်။ ဘချုပ်က ထိုကိစ္စကို စဝ်ရန်နိုင်တို့လူစုကို တာဝန်ပေးခဲ့၏။

ထိုအခါ ဦးသိရိနိုင်နှင့် နှစ်ယောက်ချင်းတွေ့ပြီး အကြောင်းစုံမေးခဲ့၏။ ထိုအခါ ဒုစရိုက်ဂိုဏ်းအဖွဲ့က သူ့ကို ကွန်ပျူတာ စစ်စတမ်တစ်ခု တည်ဆောက်ခိုင်း၏။

ထိုကိစ္စကို ဦးသိရိနိုင်က ခေါင်းခါခဲ့၏။ သူတို့တည်ဆောက်ခိုင်းနေသော ကွန်ပျူတာစက်က လူ့ဘောင်လောကကို ဖျက်စီးစေနိုင်သည်ဟု ဦးသိရိနိုင် နားလည်မိ၏။

ဒါကြောင့်လည်း ဘယ်လိုမှ မလုပ်နိုင်ကြောင်း ငြင်းပယ်ခဲ့၏။ ထိုသောအခါ ဦးဆုံး သူ့ဇနီးသည် မသီဂီဝေကို ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခံလိုက်ရခြင်းဖြစ်သည်။ ခုနစ်ရက်အတွင်း ဦးသီရိနိုင်ထံမှ ပြန်စာကို စောင့်ခဲ့၏။ ဦးသီရိနိုင်ကလည်း ခေါင်းမာလွန်းလှသူဝင်။ သူဘယ်လိုမှ သဘောမတူနိုင်။

ဒါကြောင့်လည်း စဝ်ရန်နိုင်တို့ထံရောက်ရှိလာခြင်းဖြစ်သည်။ ထိုအခါ စဝ်ရန်နိုင်တို့အဖွဲ့ နယ်မြေလုံခြုံရေးတွေနှင့် ပူးပေါင်းကာ ဦးသီရိနိုင်၏ပြဿနာကို ချေမှုန်းရန်ပြင်ဆင်ခဲ့၏။

အဖက်ဖက်မှ လုံခြုံရေးကို ပြင်ဆင်ခဲ့၏။ ထို့ပြင် သီဂီဝေရှိနိုင်မည့်နေရာကို မြေလှန်ရှာခဲ့ကြသည်။ သို့သော် တစ်ဖက်ဒုစရိုက်အဖွဲ့အစည်းက သိုသိပ်လွန်းလှ၏။

ဘယ်လိုမှ ရှာလို့မရကြ။ ထိုအချိန်တွင် ဦးသီရိနိုင်၏ လုံခြုံရေးအတွက် မွေးကြီးနှင့် စိုင်းနွတ်တို့ အနီးကပ်လုံခြုံရေးတာဝန်ပေးခဲ့၏။

မွေးကြီးတို့နှစ်ဦးကလည်း အသွင်သဏ္ဌာန်ဖျက်ပြီး ဦးသီရိနိုင်နောက်မှ တကောက်ကောက်လိုက်ခဲ့သည်။ တစ်ချိန်တွင် မန်မိုရီရာယ်ဟိုတယ်၏ ခြောက်ထပ်မြောက်တွင် ကုမ္ပဏီဖွင့်ပွဲတစ်ခု ကျင်းပခဲ့၏။

ကုမ္ပဏီက အီလက်ထရောနစ်ကုမ္ပဏီ ဒါရိုက်တာ ဘသက်ခိုင်က ဦးသီရိနိုင်ကို ဖိတ်ခဲ့၏။ ဒါကြောင့်လည်း ဦးသီရိနိုင်တစ်ယောက် မန်မိုရီရာယ်ဟိုတယ်သို့ မာစီးဒီးအနက်ကြီးနှင့် ရောက်လာပြီး ဟိုတယ်ပေါ်သို့ တက်သွား၏။





သူရောက်လာပြီး ဆယ်မိနစ်ခန့်အကြာတွင် စဝ်ရန်နိုင်နှင့်မွေးကြီးတို့ နှစ်ဦး ဟိုတယ်အောက်သို့ ရောက်ရှိလာ၏။ ထိုအချိန်တွင် ဒုစရိုက်အဖွဲ့မှ စဝ်ရန်နိုင်ကို ဆက်သွယ်လာ၏။

အသံဖျက်ထားသဖြင့် ဘယ်သူမှန်းမသိ၊ ခန့်မှန်းခြေအရ ခုနစ်မိုင်ပတ်ဝန်းကျင်အတွင်း ရှိနိုင်၏။ ထို့ကြောင့်လည်း ချက်ချင်းလုံခြုံရေးအဖွဲ့တွေကို သတိပေးခဲ့ပြီး တပ်ဖြန့်လှုပ်ရှားခဲ့၏။ သူတို့လူစု ဟိုတယ်အောက်တွင် အရိပ်အခြေအနေကြည့်နေစဉ် ဟိုတယ်အရေးပေါ် အချက်ပေးသံတွေ မြည်ဟီးလာ၏။

အသံကြောင့် စဝ်ရန်နိုင်တို့လူစု ဓာတ်လှေကားနှင့် အပေါ်ထပ်ရှိ ဦးသီရိနိုင်တို့ လူစုကိုရှာဖွေရန် တက်လာကြ၏။

ထိုစဉ် လူတွေက ဝရုန်းသုန်းကားနှင့် ထွက်ပြေးနေတာကိုတွေ့လိုက်ရသလို အော်သံဟစ်သံတွေပါကြားလိုက်ရ၏။

စဝ်ရန်နိုင်သည် လူတွေကြားမှ ဖြတ်ပြေးကာ ဖွင့်ပွဲကျင်းပသည့် ခန်းမထဲကို အမြန်ဝင်ခဲ့၏။ သူအထဲရောက်သွားတော့ သွေးအိုင်ထဲတွင် လူတစ်ယောက် လဲကျသေဆုံးနေတာကို တွေ့ခဲ့ရသည်။

ထိုသူက တစ်ခြားမဟုတ်၊ အနီးကပ်လုံခြုံရေးပေးနေရသော အီလက်ထရွန်းနစ်ပညာရှင်ကြီး ဦးသီရိနိုင်ပင်ဖြစ်သည်။

သူနောက်ကျသွားခဲ့ခြေပြီ။ စိတ်ပျက်လက်ပျက်နှင့် အလောင်းဘေးနား ဒူးထောက်ထိုင်ကာ ဒဏ်ရာကိုစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ကျည်ဆံက နောက်စေ့ကိုဖောက်ပြီး ဝင်လာသည့်ကျည်ဆံ။

မြင်ကွင်းက မကြည့်ရက်စရာပင်။ လူတွေအားလုံး ဦးသိရိနိုင်ကို ကြည့်ပြီး ကြောက်လန့်တကြား အော်ဟစ်ခါ ထွက်ပြေးကုန်ကြသည်။

စဝ်ရန်နိုင်သည် ဒဏ်ရာကိုစစ်ဆေးပြီးသည်နှင့် ကျည်ဆံလာရာလမ်းကို အကဲခတ်လိုက်၏။ ထိုအခါ ကျည်ဆံလာရာလမ်းက တစ်ခြားကမဟုတ်၊ အပြင်ဘက်မှ ဖြတ်သန်းထိုးဖောက်လာသော လက်ဖြောင့်သမားတစ်ဦး၏ ကျည်ဆံမှန်း စဝ်ရန်နိုင် ရိပ်မိသွား၏။

ထိုအခါ ဟိုတယ်ပြူတင်းပေါက်မှ နေ၍ အပြင်ဘက်ကို စစ်သုံးမှန်ဘီလူးနှင့် ကြည့်လိုက်၏။

မန်မိုရီရာယ်ဟိုတယ်ကြီး၏ တစ်ဖက်မျက်နှာချင်းဆိုင်တွင် မိုးထိုးမတတ်မြင့်မားလှသော အဆောက်အအုံတွေ ရှိနေ၏။ ကျည်ဆံဝင်လာသည့် ပြူတင်းပေါက်နှင့် တွက်ချက်ပြီး ကျည်ဆံလာလမ်းကို သေသေချာချာ စစ်ဆေးကြည့်တော့ ကြီးမားသော စတိုးဆိုင်ကြီးတစ်ဆိုင်ထဲမှာဆိုတာ သူရိပ်မိသွား၏။

ထို့ကြောင့်လည်း မန်မိုရီရာယ်ဟိုတယ်ပေါ်မှ အမြန်ဆင်းခဲ့ပြီး ကားလမ်းတစ်ဖက်ရှိ အဆောက်အအုံပေါ်သို့





အပြေးတက်ခဲ့၏။ သူ ဓာတ်လှေကားနှင့် အမြန်တက်ခဲ့ပြီး စတိုးမတ်ကတ် ထဲဝင်ခဲ့၏။ စတိုးက ပစ္စည်းပစ္စယစုံလင်လှ၏။ ဟင်းချက်စရာ ကအစ တီဗီ၊ ရေခဲသေတ္တာ၊ လေအေးစက် အဆုံးရှိ၏။

စဝ်ရန်နိုင်သည် ပစ္စည်းပစ္စယများထားသည့် နေရာဖက်သို့လျှောက်ခဲ့ပြီး ကျည်ဆံလာလမ်းကို ရှာလိုက်၏။ တစ်နေရာအရောက် ထိုတစ်နေရာဆိုသည်မှာ အခြားမဟုတ်၊ ကလေးကစားစရာ သေနတ်များ တင်ထားသည့်နေရာ။

သေနတ်တွေက ရုတ်တရက်ကြည့်လျှင် တကယ့်သေနတ်တွေအလားပင်။ မောင်းတို၊ မောင်းရှည်အမျိုးစုံရှိ၏။ တလက်လက်တောက်ပနေ၏။ စတီး၊ သတ္တု၊ ဒန် စသည်ဖြင့် အမျိုးစုံသော သတ္တုနှင့်လုပ်ထားသော သေနတ်တွေကို စင်ပေါ်မှာ အမျိုးမျိုးထောင်ထားတာ တွေ့လိုက်ရ၏။

စဝ်ရန်နိုင်သည် ထိုစင်နှင့်ပြူတင်းပေါက်အနီးဆုံးနေရာသို့ လျှောက်ခဲ့ပြီး ခြေစုံရပ်၍ စစ်ဆေးလိုက်၏။

သေနတ်က ဆိုက်လင်ဆာပါသည်၊ အဝေးကြည့်မှန်ဘီလူးလည်းပါသည်။ ထိုအခါ ကားလမ်းတစ်ဖက်ရှိ မန်မိုရီရာယ်ဟိုတယ်၏ ခြောက်ထပ်မြောက်မှ ပြူတင်းဝကို တန်းခနဲ မြင်နေရပေ၏။

ထိုအချက်အလက်ကို မြင်လိုက်သည်နှင့် စဝ်ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွား၏။ လူသတ်သမားဟာ ဒီနေရာကနေ ဦးသီရိနိုင်ကို လုပ်ကြံတာသွားတာဖြစ်မည်ဟု တစ်ထစ်ချ ဆုံးဖြတ်နိုင်ခဲ့၏။

ထိုအခါ သဲလွန်စ၊ ခြေရာလက်ရာကို ရှာခဲ့၏။ စင်ပေါ် စင်အောက်မကျန်အောင် မွှေနှောက်ခဲ့၏။

မာဘိုရိုစီးကရက်အတိုလေးတစ်လိပ်မှလွဲလို့ ဘာမှမတွေ့။ ထိုအခါ အရောင်းကောင်တာရှိ အမျိုးသမီးငယ်လေးတွေဆီ မေးမြန်းခဲ့၏။

အမျိုးသမီးချောချောလေးတစ်ဦးက ကလေးကစားစရာ သေနတ်တစ်လက်ကို မကြာမီအချိန်က ရောင်းချလိုက်ရကြောင်း ရှင်းပြခဲ့၏။

တန်ဖိုးက သောင်းခြောက်ထောင်၊ အဝေးကြည့်မှန်ဘီလူးပါသော စနိုက်ပါသေနတ်၊ ဝယ်သူနာမည်ကိုမေးတော့ ဘယ်လိုမှ မဖြေတတ်။

သို့ပေသည့် အရောင်းစာရေးမလေးက ဝယ်သူ၏ခါးကြားတွင် ထိုးထားသော ဆယ်လူလာဖုန်းနံပါတ်လေးကို သတိထားမိကြောင်း ပြောလာ၏။

စဝ်ရန်နိုင်တစ်ယောက် ဖုန်းနံပါတ်ကိုမှတ်ပြီး ဖုန်းပိုင်ရှင်နောက်သို့ လိုက်ခဲ့၏။ သေနတ်ဝယ်သွားသူရဲ့အိမ်ကို ရောက်တော့ ခဲလေသသမျှ သဲရေကျခဲ့ရသည်။





ထိုသူနာမည်က အောင်ဇော်ထွန်း၊ အသက်နှစ်ဆယ်ဝင်မကျော်သေး။ မိဘနှစ်ပါးက အစွမ်းကုန်အလိုလိုက်ထားသဖြင့် ငွေကိုရေလို ဖြုန်းနေသူ။

ပြီး သူ့ရုပ်လက္ခဏာက ဘိန်းဖြူစွဲနေသည့်ပုံပင်။ သူ ရောက်ရှိသွားချိန်တွင် အောင်ဇော်မိုးမှာ ဘိန်းမူးမူးနှင့် ဝယ်လာသည့် သေနတ်ကြီးကို တကိုင်ကိုင်လုပ်နေတာ တွေ့လိုက်ရ၏။

မေးတော့လည်း ရူးသလိုလို ပေါသလိုလိုပြန်ဖြေခဲ့သဖြင့် အဆုံးမတော့ စဝ်ရန်နိုင်တစ်ယောက် လက်လျှော့ပြီး ပြန်ခဲ့ရသည်။

ထိုအချိန်မှစပြီး စဝ်ရန်နိုင်တစ်ယောက် မကျေမလည်ဖြစ်ခဲ့ရ၏။ ယခုဆိုလျှင် ဦးသီရိနိုင်အပါအဝင် ရှစ်ယောက်မြောက်ရှိခဲ့ပြီဖြစ်သည်။ ဦးသီရိနိုင်၏ဇနီးသည် မသီဂီဝေမှာလည်း ဘယ်သောင်ဘယ်ကမ်း ဆိုက်နေပြီမသိ။

ပြီးတော့ အသတ်ခံရသည့်လူတွေကလည်း အီလက်ထရွန်းနစ်၊ ကွန်ပျူတာပညာရှင်တွေ ဖြစ်ပေရာ ဒုစရိုက်အဖွဲ့၏ ရည်ရွယ်ချက်ကို စဝ်ရန်နိုင်ရိပ်မိလာ၏။

ကွန်ပျူတာလုပ်ငန်းနှင့် ပတ်သက်ပြီး တစ်ခုခု ကျူးလွန်ဖို့အတွက်၊ စက်ကွင်းသုံး သို့မဟုတ် ယန္တရားတစ်ခုတည်ဆောက်နေကြောင်း တွေးမိလာ၏။

ယင်းသို့ တည်ဆောက်ရာတွင် အီလက်ထရွန်းနစ်



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တွေကို ဖမ်းဆီးပြီး ခိုင်းစေနေကြောင်း စဉ်းစားမိလာ၏။ သို့ပေသည့် ယင်းဒုစရိုက်အဖွဲ့၏ ခြေရာကို ဘယ်လိုမှရှာဖွေလို့ မရသေး။

ခုလည်း အလားတူ အမှုတစ်ခုပေါ်ပေါက်လာပြန်ခြေပြီဖြစ်သည်။ အမှုသွားအမှုလာအရတော့ သေဆုံးသွားသည့် ဦးမြတ်စံ၏ဇနီးနှင့် သမီးငယ်ကိစ္စကို အာရုံမဖြစ်မိ။ သူ စိတ်ဝင်စားမိတာက ဦးမြတ်စံ ပျောက်ဆုံးနေမှုနှင့် ထွန်းအံ့လက်ထဲတွင်ရှိနေသော ကွန်ပျူတာသားကောင်လေးတစ်ခုကြောင့်ပင်။

ဘာကြောင့် မျက်နှာဖုံးစွပ်အဖွဲ့က အလိုရှိနေကြသလဲ။ ယင်းဆားကော့စ်လေးက သူတို့လုပ်ငန်းတစ်ခုလုံး၏ သော့ချက်လား . . . စဝ်ရန်နိုင်တစ်ပိုင်ခြင်း တွေးလိုက်၏။

အချိန်အနည်းငယ်အကြာတွင် ထွန်းအံ့ထံမှာ ဦးမြတ်စံ၏ဒိုင်ယာရီကိုယူပြီး တစ်မျက်နှာချင်း လှန်လှောကြည့်လိုက်၏။

ကွန်ပျူတာအစိတ်အပိုင်းတွေကို ရေးမှတ်ထားသည်ကို တွေ့လိုက်ရ၏။ အထူးခြားဆုံးက တ္တဿာသယဆိုသော စာလုံးပင်။ ဘယ်လိုက ဘယ်လို ဒီစာလုံးကို ဒိုင်ယာရီထဲရေးထားရပါလိမ့်၊ ယင်းစာလုံးသည် လျှို့ဝှက်စာလုံးလား။

သူ အထပ်ထပ်စဉ်းစား၏။ ဒိုင်ယာရီကို အပြန်ပြန်အလှန်လှန်ဖတ်ရှု၏။ ထိုစဉ် ထွန်းအံ့၏စကားသံထွက်လာ၏။

"အစ်ကို"





"ဘာလဲ ညီလေး"

"အဲဒီ ဖေဖေ့ဒိုင်ယာရီထဲမှာ ဂျိန်းစ်တေလာနဲ့ ဦးယုဝေဆိုတာ တွေ့လား"

"ဘာဖြစ်လို့လဲ ကိုထွန်းအံ့"

"အဲဒီလူနှစ်ယောက်ကို ကျွန်တော်တစ်ခါမှ မကြားဖူးဘူးဗျ၊ ဒီလူတွေဟာ ဖေဖေနဲ့ဘယ်လို အဆက်အသွယ်ရှိနေကြသလဲ မသိဘူး"

"သေချာလား ကိုထွန်းအံ့"

"ဟုတ်ပါတယ် အစ်ကို"

"နေပါဦးကွ . . ကိုထွန်းအံ့ဖခင် ဦးမြတ်စံတစ်ယောက်ဆိုတယ်ကပျောက်ဆုံးသွားပုံကို ပြောပါဦး"

"ဒီလိုပါ အစ်ကို . . ."

ထွန်းအံ့သည် ဦးဘိုးသာပြောပြခဲ့သည့်အကြောင်းအရာများကို အသေးစိတ်ပြောပြလိုက်၏။

"သေချာရဲ့လား ကိုထွန်းအံ့"

"သေချာပါတယ်ဗျာ . . အဲဒီမှာ ဖေဖေဆီရောက်လာတဲ့ နှာယောင်ကောက်ကောက်၊ မျက်စိတစ်ဖက် မကောင်းတဲ့လူစီးလာတဲ့ကားက ဖြက / .......... တဲ့ မာစီးဒီးအနက်ကြီးကိုရဲ့"

"ဟုတ်လား . . ဒီလောက်သိရရင် လိုက်ပြီးစုံစမ်းဖို့



www.burmeseclassic.com

www.burmeseclassic.com



မခဲယဉ်းပါဘူး"

"ကဲ . . ဒါဆို ခဏပြန်အနားယူပါဦး . . တစ်ခုတော့ ရှိတယ် ကိုထွန်းအံ့"

"ဘာလဲ အစ်ကို"

"သတိထားရမှာက ကိုယ့်ကိုကိုယ် အမြဲတမ်းသတိဝိရိယ ရှိရှိနဲ့ သွားလာဖို့ပဲ"

"စိတ်ချပါ အစ်ကို"

"ဖြစ်နိုင်ရင် ဒီက ဖုန်းနံပါတ်ယူထား၊ အရေးအကြောင်း ရှိရင် ဖုန်းသာဆက်"

"ဟုတ်ကဲ့အစ်ကို"

"ကဲ . . ဒါဆို ခင်ဗျားပြန်နိုင်ပြီ"

"ကျေးဇူးပါပဲ အစ်ကို"

သူတို့ပြောဆိုနေကြစဉ် ဦးကျော်လှိုင်ပြန်လည် ရောက်ရှိလာ၏။

"ဘယ်လိုလဲ မွေးကြီး . . ကျုပ်တူဆီက အချက်အလက်တွေအားလုံး မေးမြန်းပြီးပြီလား"

"မေးပြီးပါပြီ . . ဦးကျော်လှိုင်၊ စိတ်မပူပါနဲ့ဗျာ . . ဒီအမှုကို ဟောဒီက ကျွန်တော့်သူငယ်ချင်း အေးဂျင့်စဝ်ရန်နိုင် ကိုယ်တိုင် စိတ်ဝင်စားနေပြီဆိုရင် မကြာခင် အဲဒီပြဿနာပြေလည်သွားပါလိမ့်မယ်"





"ဟာ . . မွေးကြီးကတော့ လုပ်ပြီ"

"ဟာ . . မှန်တာပြောတာပဲ . . စဝ်ရာ၊ မင်းပါ စိတ်ဝင်စားပြီဆိုရင် ဒီအမှုကို ကျိန်းသေဖော်ထုတ်နိုင်မှာပါ မပူပါနဲ့ ဦးကျော်လှိုင်ရေ . . ကျွန်တော်နဲ့တွေ့တာ သိကြားမင်းနဲ့တွေ့တယ်လို့ပဲမှတ်"

"လုပ်ချလိုက်ပြီဟော့"

"ဟား . . ဟား . . ဟား"

"ကဲ . . ကဲ . . ကျုပ်တို့ပြန်ဦးမယ်ဗျို့"

"ပြန်တော့မလို့လားဗျ"

"ဘာလုပ်မလို့တုန်း မွေးကြီး . . ထမင်းကျွေးမလို့လားဗျ"

"ဟဲ . . ဟဲ . . ရပါတယ်ဗျာ"

"အလကားပြောတာပါဗျာ . . ခုလို ကူညီတာပဲ ကျေးဇူးတင်လှပါပြီ . . ကဲ . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ဦးကျော်လှိုင်တို့ တူဝရီးနှစ်ယောက် သူတို့လူစုကို နှုတ်ဆက်ခါ ထွက်သွားကြ၏။

"ဘယ်လိုလဲ သိကြားမင်း . . နဂါးစိမ်းပြဿနာကို အဖြေရဖို့ နီးပြီလားဗျာ"

"ဟင် . . နေ . . နေပါဦး စဝ်ရဲ့ . . မင်းက ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . . စောစောက ဦးကျော်လှိုင်တို့ရှေ့မှာ ခင်ဗျားက သိကြားမင်းဆို . . ခင်ဗျားပြောတာ ဖြစ်နိုင်တယ်မွေးကြီးရာ"

"ဟင် . . ဘာကြောင့်ပါလိမ့်"

"ဟုတ်တယ်ဗျာ . . နှုတ်ခမ်းမွေးစုတ်ဖတ်ဖတ်၊ ခန္ဓာကိုယ်ပြားချပ်ချပ်နဲ့ဆိုတော့ ခင်ဗျားပုံက တကယ့်သိကြားပုံပဲ"

"ဟာ . . မင်းတတော့ လုပ်ချလိုက်ပြန်ပြီ၊ နေပါဦး ငါ့လိုပုံ သိကြားမင်းကို မင်းက ဘယ်မှာဖြင်ဖူးလို့လဲကွ"

"အော် . . ဒီလိုလေဗျာ . . ဟိုတလောက ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ပြဇာတ်တိုက်နေတာ ကြည့်မိတယ်၊ အဲဒီမှာ သိကြားမင်းလုပ်တဲ့လူက ခင်ဗျားပုံနဲ့ တထေရာတည်း . . မေးကြည့်တော့ အရက်ဟအားကြိုက်တဲ့လူတဲ့ဗျာ . . ထမင်းဆိုလက်နဲ့တောင် တို့တဲ့လူ မဟုတ်ဘူးတဲ့၊ ဒါကြောင့် သူ့ပုံစံက ပြားချပ်ချပ် စုတ်ဖတ်ဖတ်ဖြစ်နေတာ။ အဲဒါ ထမင်းမစားပဲ အငွေ့ရှူလို့ သိကြားမင်းနဲ့တူတယ်ဆိုပြီး ဇာတ်ထဲမှာ သုံးထားတာတဲ့"

"ဟာ . . စင်ကတော့ ငါ့ကို ထမင်းမစားတဲ့ သိကြားမင်းနဲ့ နှိုင်းနေပြန်ပါပြီ၊ တော်ပါတော့ကွာ . . ကြာရင် သိကြားမင်းဘဝကနေ လမ်းဘေး ပလတ်စတစ်ကောက်တဲ့လူ ဖြစ်သွားဦးမယ်၊ တော်ပြီဟေ့ . . ဒီနေ့ရာပဲ ရပ်တော့"





"ကဲပါဗျာ . . ကျွန်တော် လုပ်စရာရှိသေးလို့ သွားဦးမယ်"

"ဟင် . . ဘယ်လဲကွာ"

"ဌာနချုပ်လေ"

"အော် . . အေးအေးဆေးသွားဗျာ"

စဝ်ရန်နိုင်တစ်ယောက် မွေးကြီးကိုနောက်ပြောင်ပြီး အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

ᅎ•ᅎ•ᅎ•ᅎ•ᅎ•ᅎ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ထွန်းအုံ့ပေးသွားသည့် ကားနံပါတ်အတိုင်း ကားပိုင်ရှင်နေထိုင်ရာ သမိုင်းဘက်သို့ စဝ်ရန်နိုင်လိုက်ခဲ့၏။

ပိုင်ရှင်အမည်က ဦးသိန်းဘတူ၊ အင်္ကျီစက်အမျိုးမျိုး ရောင်းဝယ်ဖောက်ကားနေသော လုပ်ငန်းပိုင်ရှင်ကြီးဖြစ်၏။

သူနေရာ ခြံထဲအရောက်တွင် ဦးသိန်းဘတူကို ခြံထဲရှိမြက်ခင်းပြင်ပေါ် ဒရင်းဘက်တစ်လုံးနှင့် ထိုင်နေတာကို တွေ့လိုက်ရ၏။

သူ့ကိုမြင်တော့ ထိုင်ခုံပေါ်မှိန်းနေရာမှ မျက်စိနှစ်လုံး





ပွင့်လာ၏။ ဦးသိန်းဘတူ၏ အရွယ်က ငါးဆယ်ကွန်းကာစ အရွယ်၊ ရုပ်ရည်က လူကြီးလူကောင်းတစ်ဦး၏ ရုပ်ရည်အသွင်။

နှာတံပေါ်ပေါ်၊ မေးရိုးခိုင်ခိုင်၊ မဟာနဖူးကျယ်ကျယ်နဲ့မို့ လူရိုသေရှင်ရိုသေ ပုံပေါက်၏။ စဝ်ရန်နိုင်သည် သူ့အနားသို့ရောက်သည်နှင့် တလေးတစားဖြင့် သူ့ကိုယ်သူမိတ်ဆက်လိုက်၏။

"ကျွန်တော့်နာမည် စဝ်ရန်နိုင်ပါ ဦးသိန်းဘတူ"

"အော် . . ဟုတ်လား . . ထိုင်ပါ ခင်ဗျာ . . ထိုင်ပါ"

"ဟုတ်ကဲ့"

ဒရင်းဘက်ဘေးတွင် ပလတ်စတစ်ထိုင်ခုံလေးတစ်လုံးရှိလေရာ စဝ်ရန်နိုင်ဝင်၍ထိုင်လိုက်၏။

"ဆိုပါဦးဗျာ . . ကျွန်တော်ဘာများ ကူညီရမလဲ ပြောပါ"

"တစ်ခြားတော့ မဟုတ်ပါဘူး ဦးသိန်းဘတူ၊ ကျွန်တော်က မော်လမြိုင်ကပါ၊ ဒီက ကုမ္ပဏီမှာ မော်တော်အင်ဂျင်တွေ ဝယ်နေကျပါ"

"ဟာ . . ဟုတ်တာပေါ့ နေပါဦး မော်လမြိုင်ဆိုတော့ အဝယ်တော်ကို ကိုပွားစိန်မဟုတ်လား အရင်ကတော့ သူပဲလာတယ်လေ"

"ဟုတ်ပါတယ် ဦးသိန်းဘတူ . . ခုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လိုက်လာတာပါ"

"ဟာ . . လာပါဗျာ . . လာပါ၊ ကျွန်တော့်ဆီမှာ ကို စဝ်ရန်နိုင်လိုချင်တဲ့ အင်ဂျင်တွေ အမျိုးမျိုးရှိပါတယ်၊ ကွာလတီလဲ မညံ့စေရပါဘူး"

"ဟုတ်ပါတယ် . . ဒါကြောင့်လည်း ဦးသိန်းဘတူဆီ တိုက်ရိုက်ဝင်တွေ့တာပါ"

"ရပါတယ်ဗျာ . . ဒီကိစ္စကို ကျွန်တော့်တပည့် မင်းကြိုင်ပဲ လွှဲထားတာဗျာ၊ ရပါတယ်ဗျာ . . ကျွန်တော်ကလဲ တစ်ခါတစ်ရံ အလုပ်များနေလို့ဗျ"

"ဟုတ်လား . . ဒါဆို ဦးသိန်းဘတူကိုယ်တိုင် . . ."

"မပူပါနဲ့ဗျာ . . ကျွန်တော့်တပည့် ခေါ်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် လက်ထဲက ဆယ်လူလာဖုန်းကလေးကို နံပါတ်တထောက်ထောက် နှိပ်လိုက်ပြီး သူ့တပည့် မင်းကြိုင်ကို ခေါ်လိုက်၏။

"အဲ . . အလုပ်ကိစ္စ စကားမပြောကြခင် စားစရာသောက်စရာလေးတော့ လုပ်ဦးမှ"

"ဟာ . . ရပါတယ်ဗျာ . . ကျွန်တော့်ကြောင့် အလုပ်ရှုပ်နေပါဦးမယ်"

"ရပါတယ်ဗျာ"





ဦးသိန်းဘတူသည် ခြံထဲမှ အလုပ်သမားတစ်ဦးကို ခေါ်ကာ ဧည့်သည်အတွက် စားကောင်းသောက်ဖွယ်များကို ယူခိုင်းလိုက်၏။ အချိန်အနည်းငယ်အကြာတွင် အိမ်ဖော်တစ်ဦး လင်ဗန်းတစ်ချပ်ကိုင်ပြီး ရောက်လာ၏။

ဗန်းထဲတွင် ဘီယာပုလင်းများ၊ ကြက်ကင်များပါလာ၏။ စားပွဲပေါ်ချလိုက်သည်နှင့် စဝ်ရန်နိုင်ကိုလှမ်းပြောလိုက်၏။

"ကဲ . . အမောပြေ စားလိုက်သောက်လိုက်ပါဦး"

စဝ်ရန်နိုင်သည် စားပွဲပုပုလေးပေါ်မှ ဘီယာဗူးလေးတစ်ဗူးကို ဖောက်ပြီးသောက်လိုက်၏။ ထိုအချိန်တွင် ခြံထဲသို့ မော်တော်ဆိုင်ကယ်တစ်စီး ဝေါခနဲကွေ့ဝင်လာကာ ပေါ်တီကိုအောက်တွင် ထိုးရပ်လိုက်၏။

ဆိုင်ကယ်ပေါ်မှဆင်းလာသူမှာ အနက်ရောင်ဟဲလ်မက်ကို ဆောင်းထားပြီး နေကာမျက်မှန်ကို မျက်နှာပေါ်အုပ်ထား၏။

သူသည် ပေါ်တီကိုအောက်မှနေ၍ စဝ်ရန်နိုင်တို့စားပွဲဆီ ရောက်ရှိလာ၏။

"ဟော . . မင်းကြိုင်တောင် ရောက်လာပြီကိုး"

"ဟုတ်ပါတယ် ဆရာကြီး"

"ဟောဒါ ကိုစဝ်ရန်နိုင်တဲ့ကွ . . အင်ဂျင်ကြီးတစ်လုံး ယူမလို့တဲ့ မော်လမြိုင်ဘက်ကလေ"

"အော် . . ရပါတယ် အစ်ကိုရာ၊ ဖောက်သည်တွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ"

"ကဲ . . ထိုင်ဦး မင်းကြိုင်"

"ဟုတ်ကဲ့ ဆရာကြီး ကျွန်တော်လည်း ဒီလ လချုပ်စာရင်း ဆရာကြီးဆီပေးဖို့ရှိတာနဲ့ အတော်ပဲဆိုပြီး ဝင်လာတာပါ"

"ကောင်းတာပေါ့ကွာ"

မင်းကြိုင်သည် အနက်ရောက်သာရေ ဂျာကင်အိတ်ထဲမှ စာရင်းစာရွက်ကို ထုတ်ခါ ဦးသိန်းဘတူအား လှမ်းပေးလိုက်သည်။ စံရန်နိုင်သည် မင်းကြိုင်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ နှာယောင်ကောက်ကောက်၊ မျက်စိတစ်ဖက် ဟောင်းလောင်းဖြစ်နေသော မင်းကြိုင်။

ထွန်းအံ့ပြောလိုက်တဲ့လူ ဆိုတာတော့ သေချာသွားလေပြီ။ အရေးကြီးတာ ထွန်းအံ့ဖခင် ဦးမြတ်စံကို သိမသိဆိုတာပဲဖြစ်၏။

"ကဲ . . ဒါဆို ကိုစံရန်နိုင်ရယ် . . ဟောဒီ ကျွန်တော့်တပည့် မင်းကြိုင်နဲ့သာလိုက်သွားပေတော့၊ ကျွန်တော်တို့ကုမ္ပဏီက မြို့ထဲဘက်မှာ ဖွင့်ထားတယ်"

"ဟုတ်လား . . ဒါဆို လိုက်သွားပါ့မယ်"

"ကဲ . . ဒါဆို သွားကြစို့"

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထလိုက်ကြ၏။





"ကဲ . . ကျွန်တော့် ဆိုင်ကယ်နဲ့လိုက်ခဲ့ပါလား"

"ဖြစ်ပါ့မလား ကိုမင်းကြိုင်"

"ဖြစ်ပါတယ်ဗျာ"

"ဒါဆိုလဲ သွားကြတာပေါ့"

နှစ်ဦးသား ဆိုင်ကယ်ကြီးနှင့် မြို့ထဲဘက်သို့ မောင်းခဲ့ပြီး လမ်းတစ်ဝက်အရောက်တွင် စံရန်နိုင်သည် မင်းကြိုင်ကို ဘလူးဒိုင်းမွန်းဟိုတယ်သို့ အရင်ဆုံးမောင်းရန် ပြောလိုက်သဖြင့် ဆိုင်ကယ်ကို လှည်းတန်းအနောက်ဘက်သို့ မောင်းထွက်ခဲ့၏။

ဟိုတယ်ရှေ့အရောက်တွင် ဆိုင်ကယ်ရပ်နားလိုက်ပြီး ကားပေါ်မှဆင်းခဲ့ကြကာ သီးသန့်ခန်းကလေးထဲ ဝင်ခဲ့ကြ၏။

မင်းကြိုင်မှာ စံရန်နိုင်အပြုအမူကို ကြောင်စီစီဖြစ်နေ၍ စားပွဲဝိုင်းတွင် ဝင်ထိုင်ရင်းမေးလိုက်၏။

"နေပါဦး ကိုစံရန်နိုင် . . ကျွန်တော်တို့က ဈေးဝယ်ဖို့မသွားပဲ စားဖို့ကိစ္စအရင်ဆောင်ရွက်နေပါလားဗျာ . . ဟဲဟဲ ကျွန်တော်တော့ ခင်ဗျားလုပ်တာ နားမလည်နိုင်ပါဘူးဗျာ"

"အော် . . ကိုမင်းကြိုင်ကလဲ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ဖောက်သည်တွေပဲဗျာ . . ဒီတော့ အရောင်းအဝယ်ကိစ္စနောက်ထား စားဖို့သောက်ဖို့ကိစ္စဟာ ထိရောက်တဲ့လူမှုဆက်ဆံရေးပဲ မဟုတ်လား၊ ကဲ . . ဘာသောက်မလဲ ကြိုက်တာမှာ ကိုမင်းကြိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲဗျာ . . ဒါဆို ဂျင်သောက်မယ်ဗျာ"

"သောက်လေ ကျွန်တော်တော့ ဘီယာပဲသောက်မယ်၊ အမြည်းကရော ဘဲကင်မှာလိုက်မလား"

"ကောင်းတာပေါ့"

"ကဲ . . မှာမယ်ဗျာ"

ပြောပြောဆိုဆိုနှင့် စားပွဲထိုးကလေး အနားရောက်လာသောအခါ စာရင်းတို့ပြီးမှာလိုက်၏။

"ကိုစဝ်ရန်နိုင်က မော်လမြိုင်မှာ အနေများလား"

"ဒီလိုပဲ . . အနေများတယ်လို့တော့ ပြောမရဘူးဗျာ . . ဟိုနေလိုက် ဒီနေလိုက်ပေါ့ဗျာ . . ကျွန်တော်က တစ်နိုင်ငံလုံးပတ်နေတာဗျ"

"အော် . . ကျွန်တော်လဲ ခင်ဗျားလိုပါပဲဗျာ . . လူလည်း တဖြည်းဖြည်း အတောင်ပံတောင်ပေါက်ချင်လာပြီ"

"ဒီလိုပေါ့ဗျာ . . ကုန်သည်ဆိုတော့ သွားလာလှုပ်ရှားနေမှ . . ပြင်ပစီးပွားလောကရဲ့ အတက်အကျကို မြင်နိုင်မှာပေါ့"

"ဟုတ်ပါ့ဗျာ"

နှစ်ဦးသား စကားစမြည်ပြောဆိုနေကြစဉ် ဘီယာဗူးနှင့် အရက်ခွက်များ၊ ဘဲကင်များ ရောက်ရှိလာ၏။

"ကဲ . . စားစမ်း . . သောက်စမ်းဗျာ"

"စိတ်ချဗျို့ . . ကျွန်တော်က ဘဲကင်တအားကြိုက်တဲ့





ကောင်၊ ဒီတော့ မစားမှာမပူနဲ့ဗျို့"

"စားပါဗျာ . . စားပါ"

မင်းကြိုင်သည် ဂျင်တစ်ခွက်ကို ရေခဲတုံးကလေးများ ရောလိုက်၏။ အနံ့ကလည်း သင်းပျံ့မွှေးကြိုင်နေ၏။

စဝ်ရန်နိုင်ကတော့ တိုက်ဂါးဘီယာဗူးကို ဖောက်ခါ တစ်ငုံနှစ်ငုံမော့သောက်လိုက်ပြီး ဘဲကင်ကို ခရင်းနှင့်ဖဲ့၍ အချဉ်ရေလေးတို့ကာ မြည်းလိုက်၏။ မင်းကြိုင်မှာ ဂျင်သုံးပက်ကို တစ်ခါနားပြီး အပြီးအပြတ်သောက်ချလိုက်၏။ ထို့နောက် ဘဲကင်ကို တဂျွတ်ဂျွတ်ဝါးနေ၏။

"ယူဦးလေဗျာ . . နောက်သုံးပတ် ပေးဗျို့"

"ရပါတယ်ဗျာ . . ဟဲ ဟဲ"

စားပွဲထိုးလေးက ဂျင်ပုလင်းကြီးကိုင်ကာ အနားရောက်ရှိလာပြီး ဖန်ခွက်ထဲသို့ လောင်းထဲ့သွား၏။

စဝ်ရန်နိုင်သည် မင်းကြိုင်၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်၏။ မျက်နှာက သဖန်းသီးမှည့်ရောင် . . .

"ဘယ်လိုလဲ ကိုမင်းကြိုင်"

"ကောင်းတယ်ဗျ . . နတ်ပြည်ရောက်သွားသလိုပဲ"

"ခင်ဗျား နတ်ပြည်ရောက်ဖူးလို့လားဗျ"

"ဟဲ . . ဟဲ . . ပန်းချီကားကလေးတွေ ရုပ်ရှင်တွေထဲမှာ မြင်ဖူးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အော် . . ဒီလိုကိုး"

"ဟား . . ဟား . . ဟား"

"ဒါထက် ကိုမင်းကြိုင် . . ခင်ဗျားကို တစ်ခုမေးစရာ ရှိတယ်ဗျ . . ခင်ဗျား အီလက်ထရောနစ်ပစ္စည်းရောင်းဝယ်ရေး တာဝန်ခံဆိုတော့ ကွန်ပျူတာလုပ်ငန်းလဲ ပတ်သက်နေမှာပေါ့"

"ဟာ . . ကွန်ပျူတာ ရောင်းဝယ်ရေးလဲ ကျုပ်ပဲ လုပ်ပေးရတာဗျ . . သူဌေးက အရမ်းလာဘ်မြင်တာဗျ"

"ဟုတ်လား"

"ဟုတ်ပါ့ဗျာ . . တကယ်တော့ ကျွန်တော်တို့သူဌေးက ဥရောပမှာ ဆယ်နှစ်လောက်နေခဲ့ဖူးတာဗျ၊ ဒီတော့ ကွန်ပျူတာ တစ်လုံးကို သူ့ဟာသာတည်ဆောက်နိုင်တဲ့လူဗျ"

"အော် . . အော် . . တော်တော်ကို တော်တဲ့လူပါလား"

"ဒါပေါ့ ကိုစဝ်ရန်နိုင် . . ခုလဲ ဒီပြန်ရောက်တာနဲ့ ဥရောပ ကုမ္ပဏီသုံးခုက ပစ္စည်းမှန်သမျှ ကျွန်တော်တို့ဆီ တိုက်ရိုက်ပို့တာဗျ"

"အော် . . ဒီလိုကိုး . . ဒါဆို ကျွန်တော့်မိတ်ဆွေတစ်ယောက်ကိုများ ကိုမင်းကြိုင်သိမလားလို့"

"ဘယ်သူလဲဗျ"

"ကွန်ပျူတာပညာရှင်ပါပဲ"

"ဟုတ်လား . . ဘယ်သူလဲ"





"ဦးမြတ်စံ"

"ဗျာ"

စဝ်ရန်နိုင်အမေးကြောင့် မင်းကြိုင်မှာ အူကြောင်ကြောင်နှင့် စဝ်ရန်နိုင်ကိုတစ်ချက်ငေးကြည့်လိုက်၏။

"ဘယ်လိုလဲဗျ . . အဲဒီ ဦးမြတ်စံကိုသိလား၊ သူက ကွန်ပျူတာ ပရော်ဖက်ဆာကြီးလေ"

"အော် . . ရှေ့ပြာအင်းက ဦးမြတ်စံကိုပြောတာလား"

"ဟုတ်တယ် . . ကိုမင်းကြိုင်"

"ဟာ . . သိတာပေါ့ဗျာ ဘာဖြစ်လို့လဲဗျ"

"အော် . . အဲဒီလူကြီးက ကျွန်တော်တို့ မော်လမြိုင်ဘက်ကို အခေါက်ခေါက်လာတာဗျ၊ သူလာရင် ကျွန်တော်တို့ဆီက ကွန်ပျူတာသမားတွေအားလုံး သူ့ဆီကပ်နေရတာ၊ သူ့ဆီက နည်းလမ်းတွေတောင်းခံနေကြတာဗျ"

"ဟုတ်တယ်ဗျို့ . . ကွန်ပျူတာအရမ်းကျွမ်းကျင်တဲ့ အဘိုးကြီးဗျ"

"အေးဗျာ . . အဲဒါ ကျွန်တော်တို့ကုမ္ပဏီမှာ သူ့ရဲ့ ကွန်ပျူတာအလုံး ၂၀ လောက်ရှိတယ်ဗျ၊ အဲဒါတွေရောင်းလိုက်ရတာမို့ ဦးမြတ်စံနဲ့တွေ့ပြီး ထပ်မှာချင်လို့ဗျာ"

"အော် . . ဒီလိုလား . . အင်း . . ဦးမြတ်စံလဲ ကျွန်တော်တို့ဘက် မရောက်တာကြာပြီဗျ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . ဒီကို မလာဘူးလားဗျာ"

"မလာဘူးဗျို့ . . . မလာတာမှ နှစ်လသုံးလလောက်တောင်ရှိပြီ"

"ဟုတ်လား"

မင်းကြိုင်၏စကားကြောင့် စဝ်ရန်နိုင်မျက်မှောင်ကုတ်ဆင်းသွား၏။ မျက်လုံးအိမ်ကိုလှမ်းကြည့်တော့ တစ်ခုခုကိုထိန်ချန်ထားသလိုပင်။ ထို့ကြောင့် ဟန်မပျက်ဆက်ပြောလိုက်ရ၏။

"အေးလေ . . ကျွန်တော်ကလည်း သူ့လက်ရာတွေကိုကြိုက်တယ်ဗျာ . . ပြီးတော့ ရောင်းပြီးသားပိုက်ဆံတွေလည်း ရှင်းပေးစရာရှိတယ်ဗျ . . ဒါဆို ရေပြာအင်းလိုက်ရမယ့် ပုံပဲဗျို့"

"ဟာ . အဲဒီမှာလဲ မရှိနိုင်ဘူးဗျ"

"ဟင် . . ခင်ဗျား . . အဲဒီမှာ မရှိဘူးဆိုတာ သိနေပါလား"

"အော် . . အဲ . . ဟို . . ဒီလို ကိုစဝ်ရန်နိုင်ရဲ့ အဲဒီအဖိုးကြီးက ဂေါ်လီကြီးဗျ . . လျှောက်လိမ့်နေတာဗျ .. ကျွန်တော့်စိတ်ထင် ပြောရရင် သူ့အမြဲတမ်းလိုလို သွားတတ်တဲ့လူတစ်ဦးတော့ရှိတယ်ဗျာ . . အဲဒီမှာများ ရှိမလားမသိဘူး"

"ဟင် . . ဟုတ်လား . . ဘယ်သူလဲဗျ . . ကျွန်တော့်ကိုတဆိတ်လောက် ပြောပြပါဦး"

"ဟိုဗျာ . . ဥရောပက ပြောင်းလာတဲ့ ကွန်ပျူတာပညာရှင်ကြီးဗျာ . . နာမည်က ဂျိန်းစ်တေလာတဲ့ဗျ"

"အော် . . ဟုတ်လား . . ဘယ်မှာနေလဲဗျ"

"အင်းယားမြိုင်မှာနေတယ်ဗျ . . အဲဒီမှာ 'ဂိုးလ်လို' ဆိုပြီး ကုမ္ပဏီအသေးစားလေးတောင် ဖွင့်ထားတယ်ဗျ"

"ဟုတ်လား ကျေးဇူးပါပဲဗျာ"

"ကဲဗျာ . . အဖိုးကြီးအကြောင်းပြောနေရတာထက် သောက်တဲ့ကိစ္စဘယ်ရောက်မှန်း မသိဘူး"

"အော် . . ဟုတ်သားပဲ . . ကဲ . . ထပ်မှာဗျာ"

"ဟာ . . ပစ္စည်းမဝယ်တော့ဘူးလားဗျာ"

"ဝယ်မှာပေါ့ ကိုမင်းကြိုင်ရာ . . ခင်ဗျားပစ္စည်းတွေဘယ်မှထွက်မပြေးပါဘူးဗျာ . . ဟို . . မိတ်ဆွေတွေဖြစ်ဖို့က အရေးကြီးတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . ဟုတ်ပါ့ . . ဒါဆို ဝယ်ချင်တဲ့အချိန်မှာလာဝယ်၊ ခင်ဗျားအတွက်ကို ကွာလတီမှန်မှန်နဲ့ ပစ္စည်းကို ရှာနေမယ်"

"အိုကေ . . ကဲသောက်"

"ကျေးဇူးပဲဗျို့"

မင်းကြိုင်အသွင်က ရီတီတီဖြစ်နေသော်လည်း စားပွဲပေါ်မှ အရက်ထည့်ထားသောခွက်ကို လှမ်းယူပြီး ငွဲစ်ခနဲမော့သောက်လိုက်၏။






www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ်စီးဖို့တော့ ချန်ထားဦးလေ"

"ရပါတယ်ဗျာ . . ကျွန်တော် မမောင်းနိုင်ရင် ခင်ဗျား ပဲမောင်းပေါ့"

"ဟင် . . ခင်ဗျားက ကျွန်တော်မောင်းတတ်တာ ဘယ်လိုသိလဲ"

"အော် . . ဒီ . . ဒီလိုပေါ့ဗျာ"

မင်းကြိုင်၏စကားတွေက သံသယအစွန်းတွေ ထွက်လာ၏။ စဝ်ရန်နိုင်တစ်ယောက် အခြေအနေကို အကဲခတ်လိုက်၏။ ထိုင်ခုံတွင်ထိုင်ရင်း ယိုင်တိုင်တိုင်ဖြစ်နေပြီမို့ စားပွဲထိုးလေးခေါ်ကာ ငွေရှင်းလိုက်၏။ ပြီးသည်နှင့် မင်းကြိုင်ကိုမေးလိုက်၏။

"ကဲ . . ဆိုင်မသွားတော့ဘူးဗျာ . . ခင်ဗျားအိမ်ကိုပဲ ကျွန်တော်လိုက်ပို့ပါ့မယ် ကိုမင်းကြိုင်"

"ဘာဖြစ်လို့လဲ . . ဗျာ . . ဟေ့"

"ခင်ဗျား နည်းနည်းမူးနေပြီဗျာ"

"ရပါတယ်ဗျာ"

"အို . . လာပါဗျာ . . ကျွန်တော့်အကြံအတိုင်း ပြန်ရအောင်၊ ဒါထက် ခင်ဗျားအိမ် ဘယ်မှာလဲ"

"ဟို . . ဗားကရာဘက်မှာ"

"ဟုတ်လား ကဲ . . သွားကြမယ်"

ထိုင်ခုံကထတော့ မင်းကြိုင်တစ်ယောက် ဟိုယိုင်ဒီယိုင်း





လက်မောင်းဖမ်းတွဲပြီး ဟိုတယ်ထဲမှ ထွက်ခဲ့၏။

ဆိုင်ကယ်ပေါ်ရောက်သည်နှင့် အပိုချိတ်ထားသော ဟဲလ်မတ်ကိုဆောင်းလိုက်ပြီး ဗားကရာဘက်သို့ ထွက်ခဲ့၏။

"ကျုပ်ခါးကို သေသေချာချာကိုင်ထားဗျို့ . . မဟုတ်လို့ကတော့ နောက်ကားဝါးသွားလိမ့်မယ်"

"စိတ်ချပါ . . မမူးသေးပါဘူး"

"လုပ်ပြီ . . သတိထားဗျို့"

"ဝေါ . . ဝေါ . . ဝေါ"

ဆိုင်ကယ်ကို လီဗာခပ်ပြင်းပြင်း လေးတင်ကာ မောင်းထွက်ခဲ့၏။ သို့နှင့် ဗားကရာကွေ့အရောက် မင်းကြိုင်ထိုးပြသော တိုက်ကြီးတစ်တိုက်ရှေ့အရောက်တွင် ရပ်လိုက်၏။

"ဒါ ခင်ဗျားနေတာလား"

"ဟုတ်ပ . . အခန်း ဆယ့်နှစ်၊ တတိယထပ်ဗျ"

"ဒါဆို တက်ရအောင် . . တက်လို့ရရဲ့လား"

"ရပါတယ်ဗျာ"

ပြောပြောဆိုဆိုနှင့် လှေကားကလေးကို ကွေ့ပတ်ပြီး တက်ခဲ့ကြရာ တတိယအထပ်သို့ ရောက်ရှိလာ၏။

"ဘဲလ်နှိပ်လိုက်"

"ကလင် . . ကလင်"

တအောင့်အကြာတွင် တံခါးပွင့်လာပြီး အမျိုးသမီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဦး၏မျက်နှာကို လှစ်ခနဲတွေ့လိုက်ရ၏။

"ဟင်"

"အို"

အမျိုးသမီးငယ်၏မျက်နှာကို မြင်လိုက်ရသည်နှင့် စဝ်ရန်နိုင် အံ့သြသွား၏။

နဖူးမောက်မောက်၊ နှာတံလုံးလုံး၊ ပါးဖောင်းဖောင်း၊ အထင်ရှားဆုံးက ညာဘက်မျက်လုံးအောက်တွင် ရှိနေသော မျက်ရည်ခံမှည့်၊ မှည့်က စိမ်းဖန့်ဖန့်။

ထိုရုပ်လက္ခဏာကို စဝ်ရန်နိုင်တစ်သက်မမေ့။ ကြောက်စရာကောင်းလှသော 'မြွေဟောက်မ ရှယ်လီ'။

"သူ . . သူ . . စဝ် . . စဝ်"

"ဟုတ်ပါတယ် မရှယ်လီ . . ဟောဒီ ခင်ဗျားရဲ့ ဘိုင်းဖရန့်လား"

"ဟုတ်ပါတယ် သူ ဘာဖြစ်လို့လဲ"

"အတော့်ကိုမူးနေလို့ ခေါ်လာတာ"

"အို . . လာ လာ"

အခန်းထဲသို့ တွဲပြီးခေါ်ခဲ့ရသည်။ ဆိုဖာပေါ်ထိုင်တော့ မင်းကြိုင်တစ်ယောက် ခွေခွေကလေးလဲနေပြီ ဖြစ်၏။ ရှယ်လီသည် အချိုရည်ဗူးနှင့် စားသောက်ဖွယ်ရာယူလာကာ စဝ်ရန်နိုင်နားရောက်လာ၏။





စဝ်ရန်နိုင်သည် ရှယ်လီကို တစ်ချက်လှမ်းကြည့်လိုက်၏။ ခန္ဓာကိုယ်က စွဲမက်စရာကောင်းလှ၏။ ဖွံ့ထွားသောရင်၊ ရှည်ပျားတုပ်နိုင်သော ပေါင်တံ၊ သေးကျဉ်သောခါး၊ ရုပ်ရည်ကလည်း မြင်သူတိုင်း ကျလောက်သည့်ရုပ်ရည်။

တစ်နည်းအားဖြင့်ပြောရလျှင် သုံးလေးခါပြန်လှည့်ကြည့်ရသည့် ရုပ်ရည်။ မျက်လုံးအစုံကလည်း စပါးကြီးမြွေတစ်ကောင်၏မျက်လုံးအလားပင်။ အကြည့်က မချိုမချဉ်။

"ဘယ်လိုလဲ ဆရာကြီး ရေစက်မကုန်သေးဘူးထင်တယ်"

"ဒီလိုပဲပြောရမှာပေါ့ မရှယ်လီ၊ ထွက်လာတာ ကြာပြီလား"

"အို . . ယူပို့ပေးခဲ့တာပဲ . . ဒီတ်မမှတ်မိတော့ဘူးလား"

"ကျွန်တော် အဲဒီလောက် မှတ်ဉာဏ်မကောင်းဘူးဗျ"

"ဟုတ်လား . . ယူက အိုင့်ကို တော်တော်ဂရုမစိုက်တာပဲနော် . . ဟင်း . . ဟင်း"

"ကျွန်တော်မှာ ကိစ္စတွေရှိနေတယ် မရှယ်လီ၊ ခုလဲ ဆိုမင်းကြိုင်နဲ့မိတ်ဆွေဖြစ်ပြီး အပြန်အလှန်ပို့တာ"

"အို . . ယူက တစ်မျိုးပါလား၊ ကြောင်နဲ့ကြွက်တည့်နေပြီဆိုတော့ . . တစ်ခုခုပဲ"

"ဟင် . . ဘယ်လိုသဘောလဲ မရှယ်လီ၊ ကိုမင်းကြိုင်



www.burmeseclassic.com

www.burmeseclassic.com



က ကြွက်လား"

"အို . . ယူက မသိပဲကိုး"

"ထားပါတော့ဗျာ . . ကြွက်ပဲဖြစ်ဖြစ် ကြောင်ပဲဖြစ်ဖြစ် မိတ်ဆွေဖြစ်လာတော့လည်း ဆက်ဆံရမှာပေါ့ဗျာ . . ကဲ . . ဒါဆို ကျွန်တော် သွားဦးမယ် မရှယ်လီ"

"အို့ . . ဘာမှမစားတော့ဘူးလား"

"တော်ပြီဗျာ . . သွားမယ်"

စဝ်ရန်နိုင်တစ်ယောက် ရှယ်လီကိုလှမ်းကြည့်လိုက်၏။ ရှယ်လို့အကြည့်တွေက ရူးရူးရဲရဲ။

ဖမ်းစားတော့မည့်ပုံပင်။ ကြာလျှင် လွယ်တော့မည် မဟုတ်သဖြင့် အခန်းထဲမှ ထွက်ခဲ့လေတော့၏။

အောက်ထပ်ရောက်တော့ မှောင်မိုက်နေပြီဖြစ်သော်လည်း ပလက်ဖောင်းဘေးတွင် ထွန်းညှိထားသော မာကျူရီမီးရောင်တွေက လင်းထိန်နေ၏။ ပလက်ဖောင်းပေါ်တွင် တစ်ယောက်ထဲ အေးအေးလူလူနှင့် လျှောက်ခဲ့၏။

"မြွေဟောက်မ ရှယ်လီ"

သူလုံးလုံး မေ့မရသော ရှယ်လီ၊ လျှာနှစ်ခွနှင့်မိန်းမ . .

ပျားရည်လို ချိုမြတဲ့အပြုံးတွေ၊ အပြောတွေကြားမှာ စဝ်ရန်နိုင် အသိစိတ်ကင်းလွတ်မတတ် ဖြစ်ခဲ့ရသည်ကို မှတ်မိသေး၏။ သူမမေ့နိုင်။





အပိုင်ခြေရာခံပြီးလိုက်ခဲ့သော်လည်း ရဲဒင်စိုးကို မမိ၊ ရဲဒင်စိုးရဲ့ အချော့တော် ရှယ်လီနှင့် လူတစ်သိုက်ကိုပဲ ဖမ်းမိခဲ့သည်။

အမှန်တော့ ရှယ်လီက စဝ်ရန်နိုင်တို့ဆီကို ခိုးကိုးရာမဲ့ မိန်းမသားတစ်ဦးအသွင်နှင့် ဝင်လာခဲ့၏။ ထိုအခါ မွေးကြီးရောသူပါ ရှယ်လီကိုစောင့်ရှောက် ကာကွယ်ဖို့ ကြိုးစားခဲ့ကြ၏။ ငွေဝတ်ရုံဂိုဏ်းကို မမိမိအောင် ခြေရာခံခဲ့၏။

သို့သော် သူတို့လုပ်ရှားမှုတိုင်း ခြေတစ်လှမ်းနောက်ကျနေခဲ့ရသည်ကို အံတကြိတ်ကြိတ် ခံစားခဲ့ကြရသည်။

ဘာကြောင့် . . .

ဘယ့်အတွက် . . .

ဘယ်လိုအကြောင်းအရာဆိုသည့် ဘခြောက်လုံးကို အပြန်ပြန်အလှန်လှန် မေးခွန်းတွေထုတ်ခဲ့၏။ သံသွားရဲဒင်စိုးကို အပိုင်ကျုံးသွင်းပြီး မိပြီအထင်နှင့် ပိတ်ဆို့ဖမ်းဆီးခဲ့ကြသော်လည်း ရဲဒင်စိုးအစစ်ကို မမိခဲ့။ မျက်နှာဖုံးတုတပ်ထားသော ရဲဒင်စိုးအတုကိုသာ မိခဲ့၏။ နောက်ဆုံးကြီးကျယ်လှသော အရောင်းအဝယ်



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို ရခဲ့ဘည်။ ထိုအခါ ဗွာနချုပ်အင်အားတစ်ခုလုံး အသုံးချပြီး ပိတ်ဆို့ဖမ်းဆီးခဲ့ကြသည်။

အဝိုင်းပဲတွက်ချက်ပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အားလုံးမိသော်လည်း သံသွားရဲဒင်ကို ဖမ်းလို့မမိနိုင်။ လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်တစ်ခုလုံး ခေါင်းစားသွား၏။

ဘချုပ်မှာလည်း စဝ်ရန်နိုင်တို့ရှေ့တွင် ထိုင်ရင်း တောက်တခေါက်ခေါက် ဖြစ်နေ၏။ စိုင်းနွတ်ကလည်း တတွတ်တွတ်။ မွေးကြီးကလည်း မကျေမနပ်။ သူကတော့ အသံဗလံတိတ်ဆိတ်စွာနှင့် ဖြစ်ပျက်ပြီးသည့်အချက်အလက်တွေကို တစ်ချက်ချင်း စဉ်းစား အစဆွဲလိုက်၏။

ဘာကြောင့် သံသွားရဲဒင်စိုးကို မမိရသလဲ၊ သူတို့ဝင်မယ်ဆိုတာ သံသွားဘာကြောင့် သတင်းရသွားသလဲ။ ဘယ်သူ့ဆီကလဲ . . ဘယ်လိုရသလဲ ဆိုတဲ့မေးခွန်းတွေ ထပ်လာ၏။

ဘယ်သူ့ကြောင့် သတင်းပေါက်သလဲ၊ ဒီကိစ္စကို သိခဲ့သူမှာ သူတို့အဖွဲ့သားတွေသာ ရှိ၏။ မဖြစ်နိုင် သူတို့အဖွဲ့သားများထဲမှာတော့ လုံးလုံးမဖြစ်နိုင်။

ထိုသို့ဆိုလျှင် ဒီကိစ္စကို နားစွန်နားဖျားသိထားသူတော့ ရှိမည် . . ဘယ်သူလဲ . . .။

မျက်စိတ်ထဲတွင် ရုပ်ရှင်တစ်ကွက်ချင်း ကြည့်နေရသလိုပင်။ ကြည့်ရင်းကြည့်ရင်းနှင့် ရှယ်လီဆိုသော အမျိုးသမီးတစ်ဦး





၏ရုပ်ပုံပေါ်လာ၏။ ရှယ်လီကို သူတို့အသိုင်းအဝိုင်းက စောင့်ရှောက်ထားခဲ့၏။ မွေးကြီးကလည်း ရှယ်လီကို ညီမတစ်ယောက်လို ကူညီခဲ့၏။

ထိုအချိန်တွင် ရှယ်လီ၏အလှကွန်ယက်က မွေးကြီးကို ဖဟိုပြုလာ၏။ မွေးကြီးရန်းထွက်နိုင်ပုံမရ။ ဒီကိစ္စကို ပထမတော့ စဝ်ရန်နိုင် မသိခဲ့ပေ။

သို့သော် မထင်မှတ်သောနေရာတွင် ရှယ်လီနှင့်မွေးကြီး တတွဲတွဲလုပ်နေသည်ကို တွေ့ခဲ့ရသဖြင့် ရှယ်လီကို ကြိုးရှည်ရှည်နှင့်လွှတ်ခါ နောက်မှခြေရာခံခဲ့၏။

နောက်ဆုံး ရှယ်လီ လျှို့ဝှက်စွာပြန်တတ်သည့် အိမ်ကလေးတစ်လုံးကို တွေ့လာ၏။ တစ်ချိန်တွင် ရှယ်လီမရှိတုန်း စဝ်ရန်နိုင် ဝင်ခဲ့ပြီး မွှေနှောက်ရှာဖွေခဲ့၏။

ထိုအခါ လျှို့ဝှက်သေတ္တာလေးတစ်လုံးထဲတွင် စကားပြောစက်၊ သတင်းပို့ကွန်ပျူတာတစ်လုံးနှင့် ပို့လက်စသတင်း၊ ဝင်လာသည့်သတင်းတွေကိုပါ တွေ့လိုက်ရ၏။

ထိုအခါကျမှ သံသွားရဲဒင်၏ မဟာညာလက်ရုန်းကြီးဆိုတာ စဝ်ရန်နိုင်သဘောက်ပေါက်ခဲ့၏။

နောက်ဆုံး ရှယ်လီကို အတင်းပိတ်ဖမ်းဖို့ ကြိုးစားခဲ့၏။ မွေးကြီးက မဖြစ်နိုင်ဘူးဆိုကာ ခေါင်းတခါခါလုပ်ခဲ့၏။ စဝ်ရန်နိုင်က သူ ဓာတ်ပုံရိုက်ယူလာသည့်ပုံတွေကို ထုတ်ပြလိုက်မှ မွေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်အဟောင်းသားဖြစ်သွား၏။

ထိုအခါ ရှယ်လီ ခိုးကြောက်ခိုးဝှက်သွားတတ်သော နေရာကို လိုက်ခဲ့ပြီး သံသွားကြီးကို ဖမ်းဆီးဖို့ကြိုးစားခဲ့၏။

သို့ပေသည့် သူတို့လူစု အခန်းထဲဝင်မွှေနှောက်သွားသည်ကို ရှယ်လီရိပ်မိသွားသဖြင့် စဝ်ရန်နိုင်တို့အတွက် ခြေတစ်လှမ်းနောက်ကျသွားခဲ့၏။

သံသွားကြီးကတော့ ထုံးစံအတိုင်း လွတ်မြောက်သွားခဲ့ပြီဖြစ်၏။ နောက်ဆုံးတော့ ရှယ်လီကို ဖမ်းကာ အထောက်အထားစုံစုံလင်လင်နှင့် ထောင်ထဲသွင်းခဲ့၏။

စိတ်ထဲမှာတော့ သံသွားကြီးကို မမိနိုင်သဖြင့် မကျေမနပ်ဖြစ်ခဲ့ကြသည်မှာ အမှန်ပင်။ ယခုတော့ ရှယ်လီကို မင်းကြိုင်နဲ့အတူ တွေ့လိုက်ရပြန်ခြေပြီ။

သို့ဆိုလျှင် မင်းကြိုင်ဆိုသော ငနဲသားက နယ်နယ်ရရ မဟုတ်နိုင်။ ရှယ်လီနှင့် ဘယ်လိုအဆက်အသွယ် ရှိနေသလဲ။

တစ်ခုခက်တာက ရှယ်လီက သူ့ထက်အမြဲတမ်းခြေတစ်လှမ်းဦးနေခြင်းပင် ဖြစ်သည်။ ယခုလည်း ဦးမြတ်စံကျော်အတွက် ဝင်ပြီးလှုပ်ရှားစဉ်မှာ ရှယ်လီနှင့်တိုးလိုက်ရသည်မို့ သူ့အကြောင်းကို မင်းကြိုင်တို့လူစု သိသွားမှာ သေချာနေပြီ။

သူဘာဆက်လုပ်ရမလဲ။

ရှယ်လီက ဘယ်လိုလုပ်ပြီး မင်းကြိုင်နှင့်တွေ့ခဲ့တာလဲ





ဆိုတာ စဉ်းစားလိုက်၏။ တစ်ခုတော့ မှတ်ချပြုနိုင်၏။ တစ်ခြားမဟုတ် ရှယ်လီဝင်လာပြီဆိုကတည်းက ဦးသိန်းဘတူနှင့် မင်းကြိုင်တို့အဖွဲ့၏ လှုပ်ရှားမှုကို ခပ်ရေးရေးမှတ်ချက်ချနိုင်ခြေပြီ။

ထိုအရာက တစ်ခြားမဟုတ် သူတို့လူစု၏လှုပ်ရှားမှုက ဘယ်နည်းနဲ့မှ ဒုစရိုက်မှုနှင့် မကင်းနိုင်ဆိုတဲ့ အကြောင်းအရာပင်ဖြစ်သည်။

ထိုအကြောင်းအရာ၏အစကို သူဆွဲဖို့ပဲလိုတော့သည်ဟု တွက်ချက်မိတာ အမှန်။ သို့ဆိုလျှင် အစ ဘယ်မလဲ . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"ဘယ်လိုလဲ စဝ်"

"အခြေနေကတော့ တစ်မျိုးပဲ မွေးကြီးရေ"

"ဟင် . . ဘာလဲကွ"

"ဘာရမှလဲ မွေးကြီးရာ ခင်ဗျားအချစ်တော်ကြီးပေ့ါဗျာ"

"ဟင် . . ငါ့အချစ်တော်"

"ဟုတ်ပ"

"နေပါဦး ဘယ်သူလဲကွ"





"ဘယ်သူရမှာလဲ ရှယ်လီကြီးပေါ့ဗျာ"

"ဘာ . . ရှယ်လီ . ."

"ဟုတ်ပ . . အဲဒီမိန်းမကို ကျွန်တော်တို့လှုပ်ရှားနေတဲ့ ခွင်မှာ တွေ့ခဲ့တာဗျ"

"ဟိုက် . . ဗုဒ္ဓေါ . . ကျိန်း . . ကျိန်းသေရဲ့လားကွာ"

"သိပ်သေချာတာပေါ့ဗျာ . . ခွေးချီသွားတာတောင် မှတ်မိတယ်ဗျို့ . . ဟဲဟဲ . . ခင်ဗျားအချစ်ကြီးကတော့ လှတုန်းပတုန်း စွဲဆောင်တုန်းပဲဗျို့"

"တော်ပါတော့ကွာ . . မင်းကလဲ ငါ့ပဲ အပြစ်ရှာနေတာပဲ"

"မဟုတ်ဘူးလားဗျာ . . ခင်ဗျား သူ့ကိုအရူးအမူးဖြစ်ခဲ့တာ မဟုတ်လား"

"ဟိတ်ကောင် . . စဝ် . . မင်းဘာတွေ လျှောက်ပြောနေတာလဲ မိုးကြိုးတွေဘာတွေ ပစ်နေဦးမယ်"

"ဟာ . . မှန်တာပြောတာပါဗျာ . . ခင်ဗျားဝန်ခံစမ်းပါ မွေးကြီးရယ် . . ဟို . . ရှယ်လီကို ချစ်ခဲ့တယ် မဟုတ်လား"

"တော်ပါတော့ ကိုယ်တော်ရယ် . . ကိုယ်တော်ကလည်း ခြောမှ ပိုကဲနေတယ်"

"ဟဲ . . ဟဲ . . ပါးစပ်က ငြင်းနေပေမယ့် စိတ်ထဲက ရှယ်လီကို သတိရနေမှာပါ"

www.burmeseclassic.com



"ဗုဒ္ဓေါ"

မွေးကြီးသည်တစ်ယောက် ဗုဒ္ဓေါတသွား၏။ စဝ်ရန်နိုင်က သူ့ရင်အစုံကို မြားအစင်းစင်းနဲ့ ပစ်ခတ်နေသလိုပင်။ အမှန်တော့ စဝ်ပြောလည်း ပြောစရာပင်။ သူ့စိတ်ထဲ အသိတရားတွေ ကင်းလွတ်သွားအောင် ဖမ်းစားစိုးမိုးနိုင်လှသော ရှယ်လီ။

ကိုယ်လုံးကိုယ်ပေါက်ကလည်း ဆူဆူဖြိုးဖြိုး၊ ပီဘိ ရေဆေးငါးကြီးအလား။ အသားကလည်း ခရသင်းရောင်တောက်နေ၏။ အဟိုက်အရှိုက်၊ အဖုအထစ်၊ အကွေ့အကောက်တွေက အာရုံငြိဖွယ်ပင်။

ရင် သုံးဆယ့်နှစ် . . .

ခါး နှစ်ဆယ့်နှစ် . . .

တင် သုံးဆယ့်ခြောက် . . .

အတိအကျနဲ့ ပိပိရိရိစွဲမက်စရာ ကောင်းလှသော ကိုယ်လုံးပိုင်ရှင်လေး၊ ကြောက်စရာအကောင်းဆုံးက ရှယ်လီ့ မျက်လုံးတွေပင်။ ပြာလဲ့လဲ့နှင့် ညို့အားပြင်းလှသော အကြည့်။

စူးရဲရှတလှသော အကြည့်။ ထိုအကြည့်ကြား မွေးကြီး တစ်ယောက် နှလုံးသားတွေ ကျွမ်းထိုးမှောက်ခုံဖြစ်လုမတတ် ခံစားခဲ့ရသည်။

ရှယ်လီပြောသမျှ ခေါင်းညိတ်ခဲ့ရသည်။ မမှန်းသိရက်နှင့် ဖြုံခဲ့ရသည်။ ဗိုင်းမိန်းသိရက်နဲ့ လေးထောင့်လို့ဝန်ခံခဲ့ရ





သည်။ အဲဒီလောက် ဆွဲအားကောင်းလှသော ရှယ်လီ။

လှ၂၁နှစ်ခွ မိန်းမ . . .

သူ့ရှေ့ရောက်လျှင် ပီဘိ အရိုးခံသက်သက်၊ မခုတ်တတ်တဲ့ကြောင်မလေး၊ ဘာမှမသိသလိုပင်။ သူကလည်း သဘောဖြူ အစွင်းကြီးမို့ ရှယ်လီကို သနားကရုဏာတွေ ပိုခဲ့ရ၏။

ထိုအခါ သူတို့ကိစ္စတွေကို ရှယ်လီက တစ်ခွန်းချင်းအစ ဆွဲခဲ့၏။ ပထမတော့ မရိပ်မိ။ နောက်ဆုံး စဝ်ရန်နိုင်ကိုယ်တိုင် တပ်အပ်စွပ်စွဲလာသည်ကိုပင် သူအငြင်းကြီးငြင်းခဲ့၏။

မဟုတ်နိုင်ဘူး ဘာဘူးနှင့် ခါးခါးသီးသီးငြင်းဆန်ခဲ့ဖူး၏။ နောက်ဆုံး ဓာတ်ပုံအထောက်အထားတွေနဲ့ ပြောပြလာတော့မှပဲ ရှယ်လီဟာ မျက်နှာဖုံးစွပ်ထားတဲ့ မြွေဟောက်မှန်း နားလည်ခဲ့ရ၏။

အဲဒီတုန်းက ဓာတ်ပုံတွေကို ပါးစပ်အဟောင်းသားနှင့် ကြည့်ရင်း ရင်တွေနာကျင်ခဲ့ရသည်။ အံတွေကြိတ်ခဲ့ရသည်။ ဒေါက်တွေခေါက်ခဲ့ရသည်။

မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ထူးထူးဆန်းဆန်းခံစားခဲ့ရသည်။ နောက်ဆုံးတော့ ရှယ်လီ့မျက်နှာကိုပင် မတွေ့ချင်တော့။ ဒါကြောင့်လည်း စွဲချက်တင်သည့်နေ့က တရားရုံးကိုတောင် သွားမိ။ မွေးကြီး အဲဒီလောက် မုတ်အောင်ခံစားခဲ့ရသည်။

ခုတော့ စဝ်ရန်နိုင်၏ပါးစပ်မှ ရှယ်လီဆိုသော စကားသံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေါက်လှန့်လာပြန်ခြေပြီ။ ထိုနာမည်ကို ကြားလိုက်ရသည်နှင့် မွေးကြီးတုန်လှုပ်သွား၏။

"ဘာတွေစဉ်းစားနေတာလဲ မွေးကြီး၊ စကေ္တ နောက်ကြောင်းလွမ်းချင်းတွေ ပြန်ဖော်နေပြီထင်တယ်"

"တော်ပါကွာ .. မင်းကတော့ မလွယ်ဘူး"

"ဟဲ .. ဟဲ .. အလကားနောက်တာပါဗျာ .. ကဲ .. ကျွန်တော်တို့ အေးအေးဆေးဆေး ပြောကြရအောင်"

"ကောင်းသားပဲ"

နှစ်ဦးသား အိမ်အပြင်သို့ထွက်ခဲ့ကြပြီး စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ခဲ့ကြ၏။

"ကဲ .. မွေးကြီး ခင်ဗျားစားချင်တာမှာ"

"တော်ပြီကွာ .. ဘီယာပဲ သောက်ချင်တယ်"

"မှာလေဗျာ"

မွေးကြီးသည် စားပွဲပေါ်ရောက်လာသည့် ဘီယာဗူးကိုဖောက်ပြီးသောက်လိုက်၏။ စဝ်ရန်နိုင်သည် မာဘိုရိုစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်း ရှယ်လီကိုတွေ့လာပုံ အသေး စိတ်ပြောပြလိုက်၏။

"ဟင် .. ဒါဆို မင်းကြိုင်နဲ့ ဦးသိန်းဘတူတို့ဟာ ဘယ်နည်းနဲ့မှ ရိုးသားတဲ့လူတွေ မဟုတ်ဘူးကွ"

"အရမ်းတော့ ပြောလို့ မရဘူး မွေးကြီး၊ ဒါပေမယ့် ငါး





ဆယ့်ငါးတော့ သေချာတယ်"

"ဖြစ်နိုင်ပါတယ်ကွာ .. ဒါဆို အဲဒီကောင် ဆွဲပြီးမေးလိုက်ပါလား"

"မေးလို့မဖြစ်သေးဘူးဗျ .. ကေ့စ်က ဦးမြတ်စံရဲ့ကေ့စ်တစ်ခုထဲ မဟုတ်ဘူးလေ .. ဒါကြောင့် အစကို တစ်စချင်းဆွဲချဖြစ်မယ်၊ စိတ်မရှည်လို့ မဖြစ်ဘူး"

"အေး .. ဒါလဲ ဟုတ်သားပဲ၊ ဟိုဟာမက အတော့်ကို ဉာဏ်ကြီးတာကွ"

"အဲဒါပြောတာပေါ့ .. ရှယ်လီပါလာပြီဆိုရင် ပြဿနာက မသေးနိုင်ဘူးဗျ"

"ဟုတ်ပကွာ .. ဟို .. သံသွားကြီးလဲ သူနဲ့အဆက်အသွယ် ရှိရင်ရှိဦးမှာကွ"

"ဖြစ်နိုင်တာ တစ်ခုရှိတာ ကျွန်တော်တို့လူစု သတိထားဖို့ပဲ .. အရေးကြီးတာ ခင်ဗျားပဲ"

"ဘာ"

စဝ်ရန်နိုင်၏စကားကြောင့် မွေးကြီးကြောင်စီစီ ဖြစ်သွား၏။ ထိုအခါ စဝ်ရန်နိုင်က ပြုံးထေ့ထေ့နှင့် ပြောလိုက်၏။

"ခင်ဗျားက ရှယ်လီအသည်းစွဲကြီး မဟုတ်လား"

"တော်စမ်းပါ စဝ်ရာ .. ငါက အကောင်းမှတ်လို့ နားထောင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . ဟဲ . . အလကားစတာပါဗျာ . . သတိတော့ ထားပါ မွေးကြီး"

"အေးပါကွာ"

"ကဲ . . ပြီးရင်အဆောင်ပြန်ကြစို့"

"ပြန်လော"

"ဒီညတော့ ခင်ဗျားအိပ်ပျော်တော့မှာ မဟုတ်ပါဘူးလေ"

"လုပ်ပြန်ပြီ . . မင်းက ငါ့ကိုရှယ်လီရဲ့ အချစ်ကျေးကျွန်ကြီး မှတ်နေလားကွာ၊ မယုံရင်တောက်ကြည့်"

"ဘာကိုလဲ ခင်ဗျားနဖူးကြီးကိုလား"

"ဟာ . . ဟောဒီရင်ဘက်အောက်က နှလုံးသားကိုလေ"

"အော် . . ဒီလိုကိုး"

မွေးကြီးက သူ့ကိုယ်ပေါ်က ကုတ်အင်္ကျီကို လက်အစုံနှင့် ကိုင်ကာ ရင်ကော့ပြလိုက်၏။ စဝ်ရန်နိုင်ကတော့ မွေးကြီးလုပ်ပုံကို ရယ်ကျဲကျဲနှင့် လှမ်းကြည့်နေဆဲ။ နောက်ဆုံး နှစ်ယောက်သား ယာမဟာကြီးစီးပြီး အဆောင်သို့ပြန်ခဲ့ကြလေ၏။

အိမ်ရောက်တော့ တရှူးရှူးအိပ်မောကျသွားသူက မွေးကြီး၊ စာကြည့်ခန်းထဲ တစ်ယောက်ထဲထိုင်ကာ စဉ်းစားခန်းဝင်နေသူကတော့ စဝ်ရန်နိုင်။

သူ ပြဿနာအရင်းအစကို တစ်စချင်းတစ်မျှင်ချင်း ဆွဲထုတ်အဖြေရှာနေ၏။ ခုထိတော့ မရေမရာဖြစ်နေရဆဲပင်။





ထိုအချိန်တွင် စစ်ရန်နိုင်နည်းတူ အိပ်မပျော်နိုင်သူတစ်ယောက်ရှိ၏။ ထိုသူကား တစ်ခြားမဟုတ် ထွန်းအံ့။

သူ့စိတ်ထဲတွင် ဖခင်ကြီးအတွက် အလွန်ပင်စိုးရိမ်ပူပန်နေမိ၏။ ယခုဆိုလျှင် ဖခင်ကြီးသွားတတ်လာတတ်သည့်နေရာစုံကို စုံစမ်းခဲ့ပြီးဖြစ်၏။ အားလုံးကလည်း ဘူးတစ်လုံးနှင့် သူ့ကိုငြင်းထုတ်ခဲ့၏။

သဲလွန်စအစွန်းအစတောင် မတွေ့ရသည်မို့ စိတ်ထဲတွင် မကျေမချမ်းဖြစ်ရတာ အမှန်ပင်။ မေမေနဲ့ညီမလေးခမျာမှာလည်း ဘုမသိဘမသိနဲ့ အသတ်ခံရကြရ၏။

ဖေဖေကရော အသက်ရှင်လျက်ရှိပါဦးမလား ဆိုတာတွေးပြီး သောကတွေဝေနေရဆဲ။ နောက်ဆုံး နှာယောင်ကောက်ကောက် မျက်စိတစ်ဖက်ပျက်နေသော လူကြီးကို ထွန်းအံ့အရမ်းတွေ့ချင်နေ၏။

သို့ပေသည့် သူဘယ်မှာနေလို့ နေမှန်းမသိ၊ ဦးလေးကျော်လှိုင်ကတော့ သူ့ကိုနှစ်သိမ့်နေဆဲ။ ဘာပဲပြောပြော တစ်ကောင်ကြွက်ဘဝ ရောက်ခဲ့ရသည်မို့ သူအခံစားကြီး ခံစားနေရတာအမှန်။

တွယ်တာစရာ အရိပ်အာဝါသလည်း မရှိ။ သူ့ကိုဖေးမည့်သူလဲ မမြင်။ တစ်ယောက်ထဲ လေလွင့်ရတော့မလိုပင်။ ထိုစိတ်ကြောင့် ထွန်းအံ့ကြေကြေကွဲကွဲ ခံစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ သူတို့မိသားစုကို ရက်ရက်စက်စက် ဖြိုခွဲသွားကြပါလိမ့်။ ပြဿနာက သူသိမ်းထားသော ကွန်ပျူတာဆားကော့စ်ကလေးကြောင့်ဆိုတာ နားလည်ခဲ့သည်။

သို့ပေသည့် ယင်းဆားကော့စ်ကလေးက ရေပြာအင်းမှာ မဟုတ်၊ သူ့အပေါ် အစ်မတစ်ယောက်လို ကြင်နာခဲ့သော နှင်းရိပ်မြိုင်မှ မဝေဝေထားထံတွင် ယင်းပစ္စည်းကလေးရှိနေ၏။

အမှန်တော့ စစ်ရန်နိုင်တို့ကို ပေးအပ်လိုက်ချင်သည်မှာ အမှန်ပင်။ သို့ပေသည့် ကိုယ်ကကျူးလို့ ဒူးတောင်မယံ့ရသည့် ဘဝထဲရောက်နေတာမို့ ထွန်းအံ့တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားနေရ၏။ တစ်နေ့တော့ ထားထံ သူပြန်သွားရမည်ဟု ဆုံးဖြတ်မိ၏။

"ထား"

သူ့ရင်ကိုအလှုပ်ရှားကြီး လှုပ်ရှားစေခဲ့သော ထား၊ မျက်ဝန်းရိပ်က ကရုဏာရောင်များ ယိုဖိတ်နေသလားအောင်းမေ့ရသည်။ အသံကလေးကလည်း ညင်သာသိမ်မွေ့လွန်းလှ၏။ အပြုံးက တစ်ဖက်လူကို ရင်မောပြေစေသော အပြုံး။

အပြုံးတွေ . . .

အပြောတွေကြား ညင်သာသော ယုယမှုတွေကြောင့် ထွန်းအံ့ နှလုံးသားကြွေခဲ့ရသည်။ ဒါကို ဘယ်သူမှ အသိမပေးရဲ။ အရိပ်နေနေ အခက်ချိုးချိုးလို့ ပြောခံရမှာစိုးသည်။





ဒါကြောင့်လည်း ရင်ထဲက ဝေဒနာကို ရှေငုံနှုတ်ပိတ်ခဲ့၏။ တစ်ဖက်သား၏စေတနာကို ဝေဒနာလုပ်မိမှာ စိုးသဖြင့် ခေါင်းငုံ့ခဲ့ရသည်။

ခုလို သောကတွေဝေနေတုန်းမှာ အကြင်နာတရားကို တော်မွတ်မိတာအမှန်။ ဒါကြောင့်လည်း ထား၏အပြုံစုအယုယကြား သူကျေနပ်စွာ ပျော်ဝင်ခဲ့ရခြင်းဖြစ်သည်။

ခုတော့ ထားနှင့် တစ်မြေစီဆိုသည့် အသိကြောင့်အားငယ်စိတ်တွေ ဝင်ရောက်လာ၏။ ဒါပေသည့် မိခင်ဖခင်နှင့် ညီမလေးတို့ရဲ့ ကိစ္စတွေက ဘယ်လိုမှ ဖော်ထုတ်လို့မရသေး။

ဒါကြောင့် အချစ်ရေးကို ခဏတော့ သူဘေးချိတ်ထားမှ ဖြစ်မည်ဟုတွေးမိ၏။ ရင်ထဲက ခံစားချက်တွေကို ပြန်မြိုချခဲ့ရသည်။ သို့နှင့် နောက်တစ်နေ့ မိုးလင်းသည်နှင့် စမိုင်းလ်အီလက်ထရောနစ်ကုမ္ပဏီသို့ သွားခဲ့၏။

နံနက်ခင်းမှာ လမ်းပေါ်တွင် လူတွေက ဥဒဟိုရှုပ်ထွေးနေဆဲ။ ကားကြီးကားငယ်တွေကလည်း တဝေါဝေါ တဝီးဝီးနှင့် ဖြတ်သန်းနေကြဆဲ။

ထွန်းအံ့သည် ကုမ္ပဏီမန်နေဂျာ ဦးဖေမောင်ထံတွင် ဖခင်အကြောင်းများ တစ်စွန်းတစ်စ သိလေမလားအထင်နှင့် သွားခဲ့ခြင်းဖြစ်သည်။ ဦးဖေမောင်အခန်းဝ အရောက်တွင် အမှုထမ်းလေးတစ်ဦးက သူ့ကိုတားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဗျ"

"အော် . . အထဲမှာ ဧည့်သည်တွေရောက်နေလို့ပါ"

"ဟင် . . ဘယ်သူတွေလဲ"

"ဟို . . နှင်းရိပ်မြိုင်ကပါ"

"ဟင် . . ဘယ်သူလဲ ဟို . . ထားဆိုတဲ့ အမျိုးသမီးလေးလား"

"ဟုတ်တယ် သူနဲ့သူ့ဖခင် ဦးသက်ဦးခိုင်လဲ ပါလာတာ"

"အော်"

"ပြီးတော့ သူ့စိမ်းသုံးယောက်လဲ အခန်းထဲမှာ ရှိနေတယ်"

"ဟင် . . ဘာတွေလုပ်နေကြတာလဲဗျ"

"ကျွန်တော့်စိတ်ထင် ပြောရရင် အစည်းအဝေးလုပ်နေကြတယ် ထင်တာပဲ၊ ဒါကြောင့် အစ်ကို့ကို တားတာပါ အစ်ကို"

"အော် . . ဒီလိုကိုး"

"ကဲ . . ဟိုဘက်ဧည့်ခန်းမှာ ခဏစောင့်ပါ အစ်ကို၊ ကျွန်တော် အစ်ကိုအမောပြေစားဖို့သောက်ဖို့ သွားယူလိုက်ပါမယ်"

"ရပါတယ်ကွာ"

"လာပါ အစ်ကို"

အမှုထမ်းလေးက ဖော်ရွေလွန်းလှသဖြင့် ထွန်းအံ့တစ်





ယောက် ဧည့်ခန်းထဲဝင်၍ ထိုင်ခဲ့ရ၏။ သူ့ရှေ့တွင် Time တွေ Newsweek တွေရှိနေသော်လည်း တစ်အုပ်မှ မဖတ်ချင်။

သူ့စိတ်ထဲတွင် ထားရှိနေ၏။ သူ့အတွေးထဲတွင် ထားရှိနေ၏။ ဘာကြောင့် ထား ရန်ကုန်ကို ရောက်လာရသလဲဆိုတာ မစဉ်းစားတတ်။

ပြီးတော့ ထားနဲ့အတူ ဖခင် ဦးသက်ဦးခိုင်ပါလာတယ်တဲ့ သို့ဆိုလျှင် ဦးဖေအောင်တို့နှင့် ပါတနာရှစ်တွေလား။

ထွန်းအံ့တစ်ယောက်ထဲ စဉ်းစားခန်းဝင်နေဆဲ။ ထား ယခုလို စမိုင်းကုမ္ပဏီထဲရောက်လာတာကိုပင် အံ့ဩလို့မဆုံး။ တစ်ခုစိတ်ပူသည်မှာ သူပေးထားတဲ့ ဆားကေ့စ်ကလေးကိစ္စ။ သူတစ်ပါးကို ထုတ်ပြောသွားမှာ စိုးလှသည်။

ပြီးတော့ သူဘယ်သူ့ကိုမှ မျက်နှာမပြချင်သေး။ ဖြစ်နိုင်လျှင် လူတောထဲမှထွက်ပြီး နေချင်၏။ ဒါကြောင့်လည်း ထားနှင့်တွေ့လို့ မဖြစ်သေးဆိုတာကို နားလည်လာ၏။ တွေ့မယ်ဆိုလည်း နှစ်ယောက်ထဲတွေ့မှ ဖြစ်ချေမည်ကို စဉ်းစားမိ၏။

ဒါကြောင့်လည်း အမှုထမ်းကလေးကို ခေါ်လိုက်၏။

"ဘာကိစ္စလဲ အစ်ကို"

"ငါပြန်တော့မယ် ကွာ"

"ဟင် . . ပြန်တော့မလို့လား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . ဆရာကြီးနဲ့ မတွေ့တော့ဘူးလားဗျာ"

"ငါ့မှာ ကိစ္စတွေရှိသေးတယ်၊ တစ်ခုရှိတာ ဟောဒီဖုန်းနံပါတ်လေးကို ထား ကိုပေးလိုက်"

"ဟင်"

"ငါပြောတာ ကြားတယ်နော်"

"ဟုတ် . . ဟုတ်ကဲ့"

"ကဲ . . ဒါဆို ငါသွားမယ်"

ထွန်းအံ့တစ်ယောက် ထိုင်ရာမှချက်ချင်း ထလိုက်ပြီး ကုမ္ပဏီကြီးပေါ်မှ အပြေးအလွှားဆင်းခဲ့လေတော့၏။

******



## အခန်း (၈)

"အစ်မ . . အစ်မထား"

"ဟင် . . ဘာ . . ဘာကိစ္စလဲ"

"ဟို . . အဲ . . လူ . . လူတစ်ယောက်"

"ဘာလဲဟဲ့ ကြောင်တောင်တောင်နဲ့"

"ဟို . . လူတစ်ယောက်က သူ့ဆီဖုန်းဆက်ပါလို့ဆိုပြီး ဖုန်းကတ်လေး ပေးသွားလို့"

"ဟင် . . ဘယ်သူပါလိမ့်"

"အဲဒါတော့ ကျွန်တော်မသိဘူး ရှေ့ . . အစ်မထား"



www.burmeseclassic.com

www.burmeseclassic.com



"ပေးစမ်း"

ဝေဝေထားသည် သူ့နောက်မှ အပြေးလိုက်လာသော အမှုထမ်းကလေး၏စကားကြောင့် ကြောင်စီစီဖြစ်သွား၏။ ထို့စဉ် သူ့လက်ထဲသို့ အတင်းထိုးပေးလာသော ဖုန်းနံပါတ်ကလေးကိုကြည့်လိုက်၏။

"ဘယ်ကပါလိမ့်"

"ဘာလဲ သမီး"

"အော် . . ဘာမှမဟုတ်ပါဘူး ဖေဖေ"

ဖခင်ဦးသက်ဦးခိုင်က လှမ်းမေးလာသဖြင့် ကတ်ပြားလေးကို ဝှက်လိုက်ရ၏။

"သမီး"

"ရှင်"

"ဟို"

"အင်းယားမြိုင်ခြံထဲမှာ နေခဲ့ဦးနော် . . ဖေဖေလုပ်စရာရှိတာလေးတွေ ရှိသေးလို့"

"ဟင် . . သမီးပျင်းလှပြီ ဖေဖေရဲ့၊ ဘယ်တော့ နှင်းရိပ်မြိုင်ကို ပြန်မှာလဲ"

"ပြန်မှာပေါ့ သမီးရယ် . . ဖေဖေလုပ်စရာလေးတွေ ကျန်သေးလို့ပါကွယ်"

"ဟာ . . ဖေဖေကတော့ မလွယ်ဘူး"





"အော် . . သမီးကလဲ ကဲ . . ဒီတစ်ခါပဲကွာ . . လာ လာ ကားပေါ်တက်"

ဖခင်ဖြစ်သူက သူ့ကို အတင်းမာစီဒီးကားပေါ် ဆွဲခေါ်လိုက်သဖြင့် ဝေဝေထားမှာ နှုတ်ခမ်းစူတူတူလေးနှင့် လိုက်ခဲ့ရလေတော့၏။

အင်းယားမြိုင်ခြံကြီးထဲရောက်တော့ ဝေဝေထားတစ်ယောက်ထဲ ကားပေါ်ကဆင်းခဲ့ရ၏။ ခြံက ဖေဖေ့ဦးလေးတစ်ဝမ်းကွဲရဲ့ခြံမို့ သူတို့သားအဖအတွက် တည်းခိုစရာသီးသန့် ဘန်ဂလိုတစ်လုံး ပေးထား၏။

ဒါကြောင့်လည်း လွတ်လွတ်လပ်လပ် သွားလာလို့ရခြင်းဖြစ်သည်။ သို့ပေသည့် ထားနေရတာ အထီးကျန်ဆန်လွန်းလှသည်ဟုထင်မိ၏။

ဖေဖေကလည်း သူ့အလုပ်နှင့်သူ၊ မေမေကလည်း ဘယ်ရောက်လို့ရောက်နေမှန်း မသိရတဲ့ဘဝ၊ တစ်ယောက်တည်းနေရတော့လည်း ညည်းငွေ့လာ၏။ ခုလဲ ဘန်ဂလိုလေးပေါ် ခေါင်းငိုက်စိုက်တက်ခဲ့ရင်း အခန်းတံခါးကိုဖွင့်၍ အထဲသို့ဝင်လိုက်၏။

ပြူတင်းပေါက်တွေ ဖွင့်လိုက်သောအခါ ညှော်ခန်းထဲကို လေတွေဒလဟော ဝင်လာ၏။ အေးချမ်းနုညက်လှသော အတွေ့ကြောင့် နောက်ကျိနေသော အတွေးများ ကြည်လင်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ထိုအခါ အိမ်ရှေ့ဧည့်ခန်း ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်ပြီး အမောအပန်းဖြေလိုက်၏။ တစ်ယောက်ထဲဆိုတော့လည်း ခြောက်ကပ်ကပ်နိုင်လွန်းလှ၏။

နောက်ဆုံး အိပ်ခန်းထဲဝင်ပြီး ရေမိုးချိုးအဝတ်အစားလဲလိုက်၏။ ပြီးသည်နှင့် စာကြည့်စားပွဲမှာ အေးအေးလူလူဝင်ထိုင်လိုက်ပြီး ဆလင်းဘတ်ထဲက ဖုန်းကတ်ကလေးကို ထုတ်လိုက်၏။

ဒီဖုန်းနံပါတ်ကို သူတစ်ခါမှ မဆက်သွယ်ဖူးဘူး၊ သူ့မိတ်ဆွေထဲမှာလည်း မရှိ၊ ဘယ်သူများ ပေးသွားပါလိမ့်။ လူကောင်းမှ ဟုတ်ရဲ့လား၊ သူ့ကို နောက်ပြောင်လိုတဲ့ သဘောလားပြီးတော့ ရန်ကုန်မှာ သူ့မိတ်ဆွေနည်းပါဘိ။ စဉ်းစားရခက်နေ၏။

ဆက်ရကောင်းနိုးနိုးနှင့် ဝေခွဲမရနိုင်အောင် ဖြစ်နေ၏။ နောက်ဆုံး ဖြစ်ချင်ရာဖြစ် ဆက်ကြည့်ဦးမှ ဆုံးဖြတ်ခါ စားပွဲပေါ်က ဆယ်လူလာလေးယူ၍ ဖုန်းနံပါတ်လှည့်လိုက်၏။

"ဟဲလို"

"ပြောပါ"

"ခုပြောတာ ဘယ်သူပါလဲရှင်"

"ဗျာ"

"မေးနေတယ်လေ . . ရှင် ကျွန်မကို ဖုန်းနံပါတ်ပေးသွားလား"





"ဗျာ . . အော် . . ဟုတ်ကဲ့ . . ဟို . . ကျွန်တော် ထွန်းထွန်းအံ့ပါ"

"ဘာ . . ကိုထွန်းအံ . . ရှင် . . ရှင်"

"ဟုတ်ပါတယ် . . မထား . . ကျွန်တော် ထွန်းအံ့လေ"

"အို"

ထားရင်တွေ ခုန်သွား၏။ သူ့အသံတွေကို ထားအမှတ်ရလာ၏။ ဘယ်လိုဖြစ်ပြီး သူနဲ့လာဆုံပါလိမ့်၊ စိတ်တွေဂယောင်ချောက်ချားဖြစ်ကုန်၏။

"ဟို . . ဟို . . သူ ဒီ . . ဒီကိုရောက်နေတာလား"

"ဟုတ်ပါတယ် မထား . . ကျွန်တော် . . "

"နေ . . နေပါဦး . . သူက ထားကို ဘယ်လိုသိသွားတာလဲ"

"ဒီ . . ဒီလိုပါ ထား . . ဟို . . စမိုင်းအိလက်ထရောနစ်ကုမ္ပဏီကိုလာရင်း . . ."

"အော် . . ဒီလိုကိုး"

"နေပါဦး . . ခု ဘယ်ကဆက်တာလဲ"

"ကျွန်တော့်မိတ်ဆွေအိမ်ကပါ ထား"

"ဟုတ်လား . . ကဲ . . ပြောပါဦး သူ့ပစ္စည်းပြန်ယူတာမလို့လား"

"အို . . သိမ်းထားပါဦး မထားရယ်၊ ခုထိ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝ အစရှာလို့မရသေးဘူးဗျ"

"ဟင် . . နေပါဦး ဒါဆို ခု ဘာတွေလုပ်နေသလဲ"

"အဲဒါပြောချင်လို့ မထား . . ကျွန်တော် မထားနဲ့နှစ်ယောက်ချင်း စကားပြောလို့ ရမလား ဟင်"

"အို"

"အော် . . ဟို . . ရိုးရိုးသားသားပြောဆိုချင်လို့ပါ မထား၊ ခုလို ပြောရတာ အားနာပါတယ် မထား၊ မထားလဲ ကျွန်တော်အကြောင်းကို သိသားပဲ၊ ကျွန်တော့်ဘဝက လူမြင်သူမြင်သိပ်ခံလို့ မဖြစ်ဘူးလေ . . ဒါကြောင့်ပါ"

"ပြောပါ ကိုထွန်းအံ့"

"ဒီလိုပါ မထား"

"ပြောပါဦး"

"ဟို . . ကျွန်တော် မထားကို သဇင်ပြာဟိုတယ်မှာ စောင့်နေမယ်လေ . . ဖြစ်နိုင်ရင် ခုလာနိုင်မလား"

"သဇင်ပြာ . . ဘယ်ကလဲ"

"အော် . . ဟို . . ဟံသာဝတီနားကပါ"

"အော် . . သိပြီ . . သိပြီ"

"ဟုတ်ကဲ့ . . လာမှာလား မထား"

"လာခဲ့မယ်လေ . . သူစောင့်နေလေ"

"ဟုတ် . . ဟုတ်ကဲ့ ကျေးဇူးပဲ မထားရယ်"





"မလိုပါဘူး"

ပြောပြောဆိုဆိုနှင့် ဖုန်းခလုတ်ပိတ်လိုက်၏။ ထွန်းအံ့သူ့ဘဝထဲကို ရုတ်တရက်ဝင်လာပြီး ရုတ်တရက်ပျောက်သွားတဲ့လူ . . ခုတော့ ရုတ်ချည်းပေါ်လာပြန်ခြေပြီ။

ရင်တွေဖိုလိုက်တာ . . တသိမ့်သိမ့်လှုပ်ရှားနေတဲ့စိတ်တွေ ဂဏှာမငြိမ်နိုင်ပဲ ပျော်သလိုလို ကြည်နူးသလိုလို ပါပဲ။ ဒါကို ထား ဆက်မတွေးရဲတော့။

အိပ်ခန်းထဲ အတင်းဝင်ပြေးပြီး မှန်တင်ခုံရှေ့ထိုင်လိုက်၏။ မျက်နှာပေါ်က ဘဲကြားဖြစ်နေတဲ့ သနပ်ခါးရိပ်ကို တရင်းဖတ်နှင့် မှုန်းလိုက်၏။

နှုတ်ခမ်းကို ညိုမှိုင်းမှိုင်းအရောင်ကလေး ဆွဲလိုက်၏။ ဆံပင်ကို နောက်လှန်ပြီးခပ်မြင့်မြင့်လေး ထုံးလိုက်၏။ မှန်ထဲမှာ ခြောက်ခါခုနစ်ခါထက် မနည်းကြီးကြည့်ပြီးကာမှ ထိုင်ခုံမှထလိုက်၏။ အဲဒီနောက် ပုလဲရောင်စပို့ရှပ်လေးနှင့် မဟူရာရောင်ဖဲသားထမိန်လေးကို ဝတ်လိုက်၏။

ပြီးတော့ မှန်ထဲမှာ ရှေ့လှည့်လိုက် နောက်လှည့်လိုက်နှင့် အခါခါကြည့်ပြီး စိတ်တိုင်းကျတော့မှပဲ အိမ်ထဲက ထွက်လာမိသည်။ ခြံဝရောက်တော့ တက္ကစီကားတစ်စီးငှားလိုက်ပြီး သဇင်ပြာဘက်ကို ထွက်ခဲ့မိလေသည်။

သူရောက်ရှိသွားချိန်တွင် သဇင်ပြာဟိုတယ်လေးတွင်



www.burmeseclassic.com

www.burmeseclassic.com



လူသူရှင်းလင်းနေ၏။ အချိန်က ညနေစောင်းမို့ ရာသီဥတု ချမ်းစိမ့်စိမ့်နိုင်လွန်းလှသည်။

အနွေးထည်မဝတ်ခဲ့တာကို ယူကျုံးမရဖြစ်ရသည်။ ဟိုတယ်အဝရောက်တော့ စားပွဲထိုးလေးတစ်ဦး အနားရောက်လာ၏။

"မမက မမထားလား"

"ဟင်"

"ဟို .. ဆရာ ကိုထွန်းအုံ့က ခေါ်ခိုင်းလိုက်လို့ပါ"

"အော် .. ဟုတ်ပါတယ်ကွယ်"

"ဒါဆို လာ .. မမ"

ပြောပြောဆိုဆိုနှင့် စားပွဲထိုးလေးနောက်ကို လိုက်ခဲ့မိသည်။ သီးသန့်အခန်းကလေးထဲကို ဝင်လိုက်တော့ ကိုယ်တော်က သူ့ကို ကျောက်စားပွဲဘေးနားထိုင်ပြီး ပြုံးစေ့စေ့နှင့် လှမ်းကြည့်ရင်း . . .

"ဟော . . ထားလာပြီ"

× × × × × ×

ထိုင်ရာမှထလာပြီး ထားကိုဖော်ရွေစွာ ကြိုလိုက်၏။

"စောင့်ရတာ ကြာပြီလား ကိုထွန်းအုံ့"

"မကြာသေးပါဘူး မထား . . ထိုင်လေ"

"ဟုတ်ကဲ့"





နှစ်ဦးသား စားပွဲဝိုင်းလေးမှာ ထိုင်လိုက်ကြ၏။

"ထား ဘာစားမလဲ ဘာသောက်မလဲ"

"အို . . အအေးပဲသောက်မယ်"

"ဒါဆို ကျွန်တော်လဲ အအေးပဲသောက်မယ်"

"ဟင် . . ဘာဖြစ်လို့လဲ"

"အော် . . မှာရတာ လွယ်အောင်ပါ"

"ကဲ . . မှာ . . မှာ"

ထားက ခပ်ငေါ့ငေါ့ကလေး မျက်စောင်းထိုးပြီး ပြောလိုက်၏။ ထွန်းအုံ့က ရယ်ကျဲကျဲ . . .

တအောင့်အကြာတွင် အအေးဗူးနှင့် ကိတ်များရောက်လာ၏။ ထားသည် ထွန်းအုံ့ကို မရဲတရဲလှမ်းကြည့်ရင်း မေးလိုက်၏။

"ကဲ . . ဆိုပါဦး ဘာတွေဖြစ်နေပြီလဲ"

"ဟာ . . ကျွန်တော့်ကိစ္စကတော့ မလွယ်ဘူး မထားရယ်"

"ဘာတွေလဲ"

"ဒီလို မထားရဲ့"

ထွန်းအုံ့သည် ဖခင်ကြီး၏ အခြေအနေကို ပြောပြလိုက်၏။ ထွန်းအုံ့စကားကြောင့် ထားခမျာ မျက်လုံးလေးအပြူးသားဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ဒါ . . ဒါဆို ကိုထွန်းအံ့ဖေဖေလဲ စိုးရိမ်စရာပဲပေါ့"

"ဟုတ်တယ် မထား . . ကျွန်တော်တော့ ဘာလုပ်လို့ လုပ်ရမှန်း မသိဘူးပါဘူးဗျာ"

"အင်း . . ဒီပြဿနာတွေ ဆိုင်ရာ . . ."

"အို. .အဲဒါပြောဖို့ မေ့နေတယ်၊ ကျွန်တော် လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်နဲ့တော့ ဆက်သွယ်ထားတယ် မထားရဲ့"

"ဟုတ်လား ကောင်းတယ် . . ကောင်းတယ်၊ ဒါဆို ကိုထွန်းအံ့ရဲ့ ပစ္စည်းကို ဘယ်လိုလုပ်မလဲ"

"ခုတော့ သိမ်းထားပါဦး မထား၊ ဒီကိစ္စကို ကျွန်တော် ဘယ်သူ့မှမပြောပြသေးဘူး"

"ဟုတ်လား ဘာဖြစ်လို့လဲ"

"ဟာ . . ကိုယ်ကကျူးရင် ကိုယ်ဒူးတောင် မယုံရတဲ့ ဘဝပါ မထားရယ်၊ ဒါကြောင့်လည်း ကျွန်တော် ဘယ်သူ့ကိုမှ အသိမပေးတာပေါ့"

"ဟုတ်ပါတယ်လေ . . ကဲ ခုဘာဆက်လုပ်မလဲ ကိုထွန်းအံ့"

"ခုပုံတိုင်းဆိုရင်တော့ ရန်ကုန်မှာ ဆက်နေရဦးမယ့် ပုံပါပဲ"





"ဒါဆို အတော်ပဲပေါ့"

"ဘာဖြစ်လို့လဲ မထား"

"ထားလဲ ရန်ကုန်မှာ ကြာမယ်၊ ဖေဖေ့အလုပ်တွေ သိပ်များနေတော့ မပြန်နိုင်သေးဘူးလေ"

"ဟုတ်လား ဒါဆို ကျွန်တော် ထားနဲ့ တွေ့နိုင်တာပေါ့နော်"

"ရှင်"

"အော် . . ဟို . . ထားဆီကို ကျွန်တော်အားရင် လာလည်လို့ရတာပေါ့လို့ ပြောတာပါ"

ဝေဝေထားစကားကြောင့် ထွန်းအံ့ကြောင်စိစိဖြစ်သွား၏။ ထားကတော့ ထွန်းအံ့ကိုကြည့်ပြီး ပြုံးမိ၏။

ထားအသံနည်းနည်းမာလိုက်တာနဲ့ ထွန်းအံ့ပျာယာခတ်နေပုံကိုကြည့်ပြီး ရယ်ချင်မိ၏။ သို့ပေသည့် တစ်ဖက်လူ အရှက်ရသွားမှာစိုးသဖြင့် ဣန္ဒြေဆည်ခဲ့ရသည်။

"ကျွန်မ အင်းယားမြိုင်မှာ ရှိပါတယ် ကိုထွန်းအံ့၊ အိမ်ကို အချိန်မရွေးလာလည်နိုင်ပါတယ်၊ ကိုထွန်းအံ့လိုတော့ လိပ်စာတွေဘာတွေ လျှို့မထားတတ်ပါဘူး"

"အော် . . ဒီ . . ဒီလို မဟုတ်ပါဘူး ထားရယ်၊ ခု ကျွန်တော် နေရာတကာ ဟိုနေလိုက် ဒီနေလိုက်မို့လို့ပါ၊ ဒါကြောင့် ထားလာရင် ခက်နေမှာစိုးလို့ လိပ်စာမပြောမိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ရှင် အဲဒါဆို ထားပြန်မယ်"

"ဟင် . . ပြန်တော့မလို့လား"

"ပြန်မယ်လေ . . ဘာပြောစရာ ရှိသေးလို့လဲ"

"ဟို . . အဲ . . ကျွန်တော် . . ဟို"

"အို . . ဘယ်လိုဖြစ်နေတာလဲ စကားတွေက တောင်ရောက်မြောက်ရောက်နဲ့"

"အဲ . . ကျွန်တော်လဲ ပြန်မယ်ပြောတာပါ"

"ဒါဆို ပြန်ကြစို့"

"ဟုတ် . . ဟုတ်ကဲ့"

နှစ်ဦးသား ထိုင်ရာမှထကာ သဇင်ပြာထဲမှ ထွက်ခဲ့ကြ၏။ ထွန်းအံ့စိတ်ထဲမှာတော့ ခိုးလုခုလု။ ထားက ထွန်းအံ့မျက်နှာကို တစေ့တစောင်းကြည့်ရင်း ပြုံးမိ၏။ ထွန်းအံ့ မကျေမနပ်ဖြစ်နေတာကို နားလည်ပေမယ့် သူက မိန်းမသားမို့ အရာရာကို လိုက်လျောလို့ မဖြစ်သေး။

ဒါကြောင့်လည်း ဟိုတယ်ရှေ့ရောက်သည်နှင့် တက္ကစီဖြင့် အင်းယားမြိုင်ဘက်သို့ ပြန်ခဲ့လေ၏။ ဘန်ဂလိုရောက်တော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ သူဘာကြောင့် ပျော်နေသည်ကို နားမလည်နိုင်။

ဘာကြောင့်လည်း . . အထီးကျန်ဆန်လှတဲ့ ခံစားမှု၊ ငြီးငွေ့ခြောက်သွေ့လှတဲ့ အချိန်တွေကို သူမေ့သွား၏။





အိပ်ခန်းထဲမှာ ထိုင်ရင်း သူ ဟိုဟိုဒီဒီတွေးမိ၏။ ခုလို ငြီးငွေ့ခြောက်သွေ့ဖွယ်ရာ ကောင်းလှတဲ့ ခံစားချက်တွေ ဘာကြောင့် ပျောက်ဆုံးသွားရတာသလဲ။ အဲဒီမေးခွန်းတွေမေးရင်း မျက်လုံးထဲမှာ ထွန်းအံ့၏အသွင်သဏ္ဍာန်ပေါ်လာ၏။

ခန့်ညားသောရုပ်ရည်၊ ယောကျ်ားပီသလှသော အပြုအမူတွေကို မြင်ယောင်လာ၏။ သူ့အတွေးအားလုံးကို ထွန်းအံ့၏ အရိပ်အယောင်တွေက ဖမ်းစားထားသလိုပင်။

ထားရင်တွေဖိုလှိုက်တာ၊ ပြီးတော့ ထွန်းအံ့ပြောသွားကဲ့စကားတွေကြောင့် သူ့စိတ်မကောင်းဖြစ်မိသည်။ တစ်ကောင်ကြွက်ဘဝနှင့် လေလွင့်နေသော သူ့ကို နှစ်သိမ့်အားပေးချင်ပါဘိ၊ ဒါပေသည့် မိန်းမသားဆိုတော့လည်း ခက်ပါရဲ့။

စိတ်ထဲမှာတော့ ထွန်းအံ့ရင်ဆိုင်နေရတဲ့ ပြဿနာတွေ ပြေပျောက်ပါစေလို့ ဆုတောင်းနေမိတာ အမှန်ပင်။

သူ့နည်းတူ ခံစားနေရသူကတော့ ထွန်းအံ့ပင်။ သူလဲ ထားလိုပင်။ ထားနှင့် မျက်နှာချင်းဆိုင် တွေ့လိုက်ရသဖြင့် နောက်ကျိနေတဲ့စိတ်တွေ အတွေးတွေပျောက်ဆုံးကုန်၏။

ပျောက်ဆုံးနေသော မိခင်ကို ပြန်တွေ့လိုက်ရသလိုပင်။ သူ့ကို အကြင်နာကြီးစွာ ဖေးမခဲ့သော ထား။

ရင်ထဲက ဝေဒနာတွေကို ပွင့်ပွင့်လင်းလင်း ပြောပြချင်ပေမယ့် ထားစိတ်ဆိုးသွားမှာစိုးသည်။ ထားကို သူမြင်မြင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာမိနေပြီဆိုလျှင် အဲဒီစကား ထားများကြားသွားလည်း သူ့ကိုမြူစွသွားလေမလား။

တစ်ယောက်ထဲ ဇဝေဇဝါဖြစ်နေရတာ အမော။ ထားရင်ထဲ ဘယ်လိုနေသည်မသိ၊ သူ့ရင်ထဲမှာတော့ ဖြောင်းဆန်နေ၏။ ကြည်နူးရမလား၊ ကြေကွဲရမလားဆိုတဲ့ မရေမရာခံစားမှုကြားမှာ ထွန်းအံ့ ကြောင်စီစီခံစားနေရ၏။

အမှန်တော့ ထားကို သူ့ဝေဒနာတွေ ပေးမျှမခံစားစေလို။ ထား သူ့အကြောင်း ကြေကွဲစိတ်ရှုပ်နေမှာ စိုး၏။ သူပြောပြပြီးမှ နောင်တရမိ၏။ သူ့ကြောင့် ထားအတွေးနောက်ကျိသွားလေပြီလား။

အမှန်တော့ ပွင့်ပွင့်လင်းလင်းပြောနိုင်သူဆို၍ သူ့ဘဝတွင် ထားသာ ရှိတော့သည်။ ထားကလွဲလို့ သူဘယ်သူ့ကိုမှ မယုံ။ ခုချိန် ထားရော သူ့အကြောင်းကိုတွေးပြီး စိတ်တွေ နောက်ကျိနေပြီလား။

တစ်ယောက်ထဲတွေးရင်း စိတ်တွေ မတင်မကျဖြစ်နေ၏။ အမှန်တော့ သူ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ထားကို အသက်မက ချစ်နေမိပြီဖြစ်သည်။

ဒါကြောင့် 'အချစ်'ရဲ့ စွမ်းအားကို ထွန်းအံ့နားမလည်နိုင်အောင် ဖြစ်ခဲ့သည်မှာ အမှန်ပင်။



## အခန်း(၉)

တလိပ်လိပ်တက်လာသည့် မိုးသားတွေက မြစ်ပြင်တစ်ခုလုံးကို မှိုင်းညို့နေစေ၏။ လှိုင်းကြက်ခွပ်တွေကလည်း တဖြည်းဖြည်းဘောင်ဘင်ခတ်လာ၏။

မြစ်ကြောင်းအတိုင်း သွားသွားလာလာ လုပ်နေကြသော လှေ၊ သင်္ဘောတွေကတော့ ဥဒဟိုဖြတ်သန်းနေကြ၏။

တံငါလှေကလေးများမှာလည်း မီးကလေးမှိတ်တုတ်မှိတ်တုတ်နှင့် မြစ်ပြင်ကျယ်ကြီးထဲ သွားလာနေကြ၏။

အမှောင်ထုက တရိပ်ရိပ်ဆင်နေဆဲ။ ထိုအချိန်တွင်မြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်တစ်ဖက်ရှိ လှိုဏ်ကြီးတစ်ခုထဲတွင် လူငါးဦးတကုတ်ကုတ်နှင့် အလုပ်ရှုပ်နေကြ၏။ သူတို့ကား တစ်ခြားမဟုတ်၊ သန့်ရှင်းရေး အလုပ်သမားဖြစ်ကြ၏။ သူတို့ကိုယ်ပေါ်တွင်လည်း ရွှံ့တွေ ရေတွေအမှိုက်သရိုက်တွေနှင့် ပေကျံပွရှုနေ၏။

လက်ထဲတွင်လည်း ဂေါ်ပြားများ၊ ဆွေးများကိုင်ထားကြ၏။ လှိုဏ်ကြီး၏အချင်းက လူတစ်ရပ်စာခန့်ရှိပြီး အမှိုက်သရိုက်တွေပိတ်ဆို့နေ၏။

သူတို့လူစု ရှင်းလင်းနေသည်မှာလည်း မိုးလင်းကတည်းကဖြစ်ပေသည်။ အမှိုက်တွေက ရှင်းလို့မကုန်နိုင်။ မြို့ထဲရှိ မြောင်းပေါင်းစုံမှ ရောက်လာသော အမှိုက်တွေက ဒင်းကြမ်း။

တစ်ချိန်တွင် အလုပ်သမားတစ်ဦးသည် ဂေါ်ပြားနှင့် အမှိုက်တွေကို ကျုံးကော်လိုက်၏။

"အား . . ဘာတွေပိတ်နေပါလိမ့်"

"ဘာဖြစ်လို့လဲ ကျော်ဖြုန်း"

"ဟာ . . ဒီမှာ ဘာတွေခံနေလဲ မသိပါဘူး ပေတိုးရာ လာကူပါဦး"

"အေး . . အေး တော်ကြာ ရွှေတုံးကြီးဆို ငါလဲတစ်ဝက်ဆိုင်တယ်နော်"

"ဟာ . . မင်းကတော့ လုပ်ပြီ"

"အောင်မယ် . . ဟိုတစ်ခါတုန်းက မင်းနဲ့ငါ မြောင်း





တွေဆယ်ရင်း ဆွဲကြိုးတစ်ပိုင်းကောက်ရတယ် မဟုတ်လား"

"ဟဲ . . ဟဲ . . အဲဒါ"

"ပြောမနေပါနဲ့ ကျော်ဖြုန်း . . အဲဒီတုန်းက မင်း ငါ့ကို ငွေနှစ်ထောင်ပဲပေးတာ နည်းတယ်ကွ"

"တော်ပါကွာ . . ဒီတစ်ခါရရင် တစ်ဝက်ပေးပါ့မယ်"

"မင်းကတိတည်ပါစေနော်"

"အေးပါကွာ"

ပြောပြောဆိုဆိုနှင့် ပေတိုးတို့လူသိုက် အမှိုက်တွေကို ဂေါ်ပြား၊ ပေါက်တူးတွေနှင့် ကျုံးထည့်လိုက်၏။

"အောင်မယ်လေးဗျ"

"ဟ . . ဘာတွေလဲ ကျော်ဖြုန်းရဲ့"

"ဟို . . ဟို . . ခြေထောက်ကြီးဗျ"

"ဟိုက် . . ဗုဒ္ဓေါ"

"ဘုရား . . ဘုရား"

"ဟာ. . လူသေကြီးပါလား"

"ဘုရား . . ဘုရား"

"ဒါ . . ဒါ တစ်ယောက်ယောက်ကသတ်ပြီး အလောင်းဖျောက်ထားတာ ဖြစ်မယ်ကွ"

"အေးဖြစ်နိုင်တယ် . . ဟို . . ကိုလှနိုင်ကို အမြန်သွားခေါ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ဒါ ဆိုင်ရာအကြောင်းကြားမှပေါ့"

"ဟုတ်တယ်ကွ"

မေတိုးသည် လှိုဏ်ကြီးထဲမှထွက်ခါ အလုပ်သမားခေါင်း လှနိုင်ကို အကြောင်းကြားလိုက်၏။

"ဘာ . . လူသေအလောင်းကြီး ဟုတ်လား"

"ဟုတ်တယ် ဆရာလှနိုင်"

"သေချာရဲ့လား"

"သေချာပါတယ်ဗျာ . . အလောင်းဖျောက်ထားတာ ဖြစ်လိမ့်မယ် လိုက်ကြည့်လေဗျာ"

"အေး . . အေး"

ပြောပြောဆိုဆိုနှင့် လှနိုင်ပါလိုက်လာကာ ဗွက်ထဲတွင် ပေါ်လောမျောနေသော အလောင်းကြီးကို ကြည့်လိုက်၏။

"ဟာ . . ဟုတ်ပါ့ကွာ . . ထွီ"

"ပုတ်နေပြီလား"

"အနံ့တောင်ထွက်နေပြီကွ"

"ဆယ်လိုက်ကြကွာ . . ငါ ဆိုင်ရာကို အကြောင်းကြား လိုက်မယ်"

"ဟုတ်ကဲ့"

လှနိုင်သည် လှိုဏ်အပေါ်သို့တက်ခဲ့ပြီး အနီးဆုံးရဲစခန်း ကို အကြောင်းကြားလိုက်၏။ ထိုအခါ စခန်းမှူးဝင်းအောင်





ရောက်ရှိလာ၏။ အလောင်းကို မြစ်ရေနှင့်ဆေးလိုက်ပြီး လက် ထဲက လက်နှိပ်ဓာတ်မီးနှင့် စစ်ဆေးလိုက်၏၊

"ဟာ . . လူကြီးတစ်ယောက်ပါလား"

အရွယ်က ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး၊ ဒဏ်ရာ က နောက်စေ့တည့်တည့် ဖောက်ဝင်သွားပုံပင်။ ဒဏ်ရာက တစ် ချက်တည်း။ အမှောင်ထုက ပိန်းပိတ်နေသဖြင့် အဆုံးသော့ သန့်ရှင်းရေးအလုပ်သမားများ အကူအညီနှင့် မှုခင်းဆိုင်ရာ ဆေးရုံသို့ သယ်ဆောင်ခဲ့လေသည်။

သူတို့ရောက်ရှိသွားသည့်အချိန်တွင် ဆေးရုံတစ်ခုလုံး အိပ်မောကျနေပြီ ဖြစ်သော်လည်း အရေးပေါ်ဘက်တွင် တာဝန် ခံဆရာဝန်တစ်ဦးက အလုပ်ရှုပ်နေဆဲ။

ရောက်ရောက်ခြင်း မှုခင်းဆရာဝန်များနှင့်အတူ အ လောင်းကို စစ်ဆေးလိုက်၏။ သေဆုံးသူ အိပ်ထဲတွင် ရေတွေ နဲ့နှူးနေသော လိပ်စာကတ်ပြားလေးတစ်ခုမှလွဲ၍ သဲလွန်စရှာ လို့မရ။

နောက်ဆုံး အလောင်းကို ရှေ့နောက်ဓာတ်ပုံရိုက်လိုက် ၏။ ဒဏ်ရာကိုလည်း ကျနစွာခွဲစိတ်စစ်ဆေးလိုက်၏။ မှုခင်း ဆရာဝန်တို့၏မှတ်ချက်အရ သေဆုံးသူဒဏ်ရာမှာ အဝေးမှ လှမ်းပစ်သော ကျည်ဆံရာဖြစ်နိုင်ကြောင်း မှတ်ချက်ပြုထား၏။

ထို့ပြင် ဦးခေါင်းကို ခွဲစိတ်ရာတွင် ကျည်သွားသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းက မျက်ခုံးတည့်တည့်မှ ဖောက်ထွက်သွားကြောင်း ဖော်ပြထား၏။

သက်သေအထောက်အထားများအားလုံး ပြုစုပြီးသည်နှင့် စခန်းမှူးဝင်းအောင် မှုခင်းဘက်ဆိုင်ရာဆေးရုံမှ ပြန်ခဲ့၏။

စခန်းပြန်လို့မဖြစ်သေး။ သေဆုံးသူဘယ်သူဆိုတာကို သိဖို့လို၏။ သို့ပေသည့် ချက်ချင်းအဖြေရှာဖို့က မလွယ်။ ထို့ကြောင့် ရိုက်ကူးလာသည့် ဓာတ်ပုံတွေကို ချက်ချင်းကူးလိုက်ပြီး သက်ဆိုင်ရာ ရဲစခန်းများသို့ ပေးပို့လိုက်၏။

ထို့ပြင် ထောက်လှမ်းရေးအဖွဲ့သို့ပါ ဓာတ်ပုံမူပွားများကို ပေးပို့လိုက်၏။ အထက်ပါ အမှုအခင်းဖြစ်ပွားပြီး နောက်တစ်နေ့နံနက်ခင်းတွင် ဘချုပ်တစ်ယောက် စခန်းမှူးဝင်းအောင် ပေးပို့လိုက်သော ဓာတ်ပုံတွေကို တစ်ခုချင်းကြည့်ရှုနေ၏။

ထိုအချိန်တွင် အခန်းထဲသို့ စဝ်ရန်နိုင်တို့လူသိုက် ဝင်လာ၏။

"ဟော . . လာကြဟေ့ . . လာကြ"

"ဟုတ်ကဲ့ ဘချုပ်"

ပြောပြောဆိုဆိုနှင့် စားပွဲရှေ့ထိုင်ခုံများတွင် ဝင်၍ထိုင်လိုက်ကြ၏။ ဘချုပ်သည် သူ့လူများကို ပါးစပ်က ပြောဆိုနေသော်လည်း မျက်လုံးတွေက ဓာတ်ပုံပေါ်ရောက်နေ၏။

စဝ်ရန်နိုင်သည် ဘချုပ်ကို တစ်ချက်လှမ်းကြည့်ရင်း





မေးလိုက်၏။

"ဘာတွေများလဲ အဘ"

"ဟောဒီမှာလေ . . ရန်ကုန်မြစ်ဆိပ်လှိုဏ်ထဲမှာ လူတစ်ယောက်ထားပြီး ပစ်ထားတာတဲ့"

"ဟင်"

"ရော့ . . ကြည့်ကြဦး"

"ဟုတ်ကဲ့"

စဝ်ရန်နိုင်တို့လူစု ဓာတ်ပုံတွေယူကြည့်လိုက်၏။ အလောင်းက ဖူးယောင်နေပြီဖြစ်၏။ မျက်ခုံးတစ်စုံက ယောင်းလောင်းပေါက်၊ သွေးစသွေးနတွေက ဒဏ်ရာနားတွင် တွဲလွဲခိုနေ၏။

မေးစေ့တွင် အမာရွတ်ရှိ၏။ အရွယ်က ခြောက်ဆယ်နီးပါး၊ အရပ်က ငါးပေခြောက်လက်မ၊ နှာတံချွန်ချွန်၊ မဟာနဖူး၊ မေးရိုးကားကားနှင့် လူကြီးတစ်ဦး။ ခေါင်းတစ်ခေါင်းလုံးလည်း ငွေရောင်ဆံပင်တွေ သမ်းနေ၏။

"အဲဒီလူကို ခုထိ ဘယ်သူမှန်း ထောက်လှမ်းလို့မရသေးဘူး"

"ဟုတ်လား အဘ"

"ဟုတ်တယ် . . စဝ်၊ တော်တော့်ကို ထူးဆန်းတာ ဘာကြောင့်များ ခုလိုသတ်ပစ်လိုက်ပါလိမ့်၊ ဟို . . ငါတို့သိုက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ကော့စ်နဲ့များ ပတ်သက်နေမလားပဲ"

"ပြောလို့တော့ မရသေးဘူး"

"ဟာ . . ဒီကိစ္စ သေသေချာချာ စုံစမ်းကြစမ်းကွာ၊ သူ့လက်ဗွေတွေ ဘာတွေကို မှုခင်းအဖွဲ့က ယူထားတာဆိုတော့ မွေးကြီး . . . "

"ဗျာ . . အဘ"

"မင်းတို့နှစ်ယောက် အမြန်လိုက်သွားကွာ . . ဘယ်သူဘယ်ဝါဆိုတာ အတိအကျ သိချင်တယ်"

"ဟုတ်ကဲ့ အဘ၊ ဒါပေမယ့် ချက်ချင်းကြီးတော့ သိနိုင်မှာ မဟုတ်သေးဘူး"

"အေးပါ . . ဒါပေမယ့် အမြန်ဆုံးရယူထားဖို့လိုတယ်"

"ဟုတ်ကဲ့ အဘ"

"အင်း . . ငါတို့လိုက်နေတဲ့ကော့စ်ကလည်း ခုထိခြေရာခံလို့ မရသေးဘူးလား၊ ဒါဆို နဂါးစိမ်းစစ်ဆင်ရေးတော့ လက်လျှော့ရမလို ဖြစ်နေပြီ စဝ်ရေ"

"စိတ်မပျက်ပါနဲ့ အဘ၊ ကျွန်တော်တို့ လိုက်နေဆဲပါပဲ၊ ပြီးတော့ ထူးခြားတဲ့အခြေအနေတွေလဲ တွေ့နေရတယ်"

"ဟင် . . ဟုတ်လား"

"ဟုတ်ကဲ့ . . သေသေချာချာ မကိုင်တွယ်ရသေးလို့ ဘာချုပ်ကို အစီရင်မခံသေးတာပါ"





"ဖိဖိစီးစီးလုပ်ကြကွာ . . ကြာရင် ပြဿနာတွေ တစ်ခုပြီးတစ်ခုတိုးလာမှာ စိုးတယ်"

"စိတ်ချပါ အဘ၊ ခုဆို လုံခြုံရေးအဖွဲ့သားတွေအားလုံးကိုပါ သတိပေးထားပါတယ်"

"ကောင်းပါတယ်ကွာ . . ပြဿနာကို အမြန်ဖော်မှပေါ့ . . ဒီကိစ္စက တစ်ဦးတစ်ယောက်ကိစ္စတော့ မဖြစ်နိုင်ဘူး၊ အဖွဲ့အစည်းနဲ့ လှုပ်ရှားတဲ့သဘောတွေပဲကွ"

"ဟုတ်တယ် အဘ၊ ဒါကြောင့် ကျွန်တော်တို့ သတိထားနေတာပါ၊ ပြီးတော့ သူတို့လူစုဟာ လှုပ်ရှားတဲ့နေရာမှာ အရိမ်းပိယိနေတယ် တစ်ခုရှိတာ . . . "

"ဘာလဲ အဘ"

"ဟို . . ခု . . ဟောဒီဓာတ်ပုံထဲက လူကြီးအလုပ်ကြံခံရတဲ့ကိစ္စဟာ စောစောက ကိစ္စတွေနဲ့ နည်းနည်းဆက်နွယ်နေသလိုပဲ"

"ဟင် . . ဘယ်လိုပါလိမ့်"

"ဒီလိုအဘ . . အခင်းဖြစ်ပွားခဲ့တဲ့ကော့စ်တွေမှာ စနိုက်ပါနဲ့ပစ်ခတ်ခဲ့တာချည်းပဲ၊ ခုလဲ အဝေးကနေ အပစ်ခံရတယ်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲ"

"အေး . . ဟုတ်ပ . . သားပြောတာ ဖြစ်နိုင်တယ်"

"ဒါဆို ကျွန်တော်တို့ အဲဒီအလောင်းကို သွားကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ် အဘ"

"ကောင်းတယ် . . ဒါဆို မြန်မြန်သွားကြပေတော့"

"ဟုတ်ကဲ့ . . ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါ"

"အေး . . အေး"

ပြောပြောဆိုဆို စဝ်ရန်နိုင်တို့လူစု ဘချုပ်ကို ဂါရဝပြု နှုတ်ဆက်ခါ အလောင်းဌာနရှိသည့် မှုခင်းဆိုင်ရာဆေးရုံသို့ ယာမဟာဆိုင်ကယ်ကြီးနှင့် ထွက်ခဲ့ကြလေ၏။

သူတို့ ဆေးရုံပေါ်ရောက်ရှိသွားချိန်တွင် မှုခင်းတာဝန်ခံ ဒေါက်တာရဲမော်က အလောင်းထားရှိရာကို လိုက်လံပြသ၏။ စဝ်ရန်နိုင်သည် အလောင်းကို မရွံမရှာနှင့် အသေးစိတ်စစ်ဆေး လိုက်၏။ အနံ့အသက်က မကောင်းလှသော်လည်း ရွံရှာနေ လို့မဖြစ်သေးပေ။

တစ်ကိုယ်လုံး စေ့စေ့စပ်စပ် ရှာလိုက်၏။ အထောက် အထားရှာဖို့က မလွယ်လှ၊ ဒဏ်ရာကို အသေးစိတ်ကြည့်လိုက် ၏။ ကျည်ဆံကို မြင်တော့ သူကောင်းကောင်းကြီး သဘော ပေါက်သွားခဲ့ပြီ။

ကျည်ဆံက ဦးသိရိနိုင်ကို ပစ်ခတ်ခဲ့သော ကျည်ဆံပင်။ စနိုက်ပါနဲ့ လုပ်ကြံခံလိုက်ရတာ သေချာသွားခဲ့ပြီ။ ရှေ့ဆက် လိုက်ရမည့် လမ်းကြောင်းကိုတွေးလိုက်၏။

ထိုအခါ အလောင်းတွေ့ရှိသည့်နေရာကို ဦးဆုံးစဉ်းစား





မိ၏။ သို့သော် မြောင်းတကာမြောင်းမှ ဆင်းလာသော လိုဏ် ကြီးမို့ လိုက်ဖို့မလွယ်။

စဉ်းစားရင်း ခေါင်းစားသွား၏။ နောက်ဆုံး ဘချုပ်ပေး လိုက်သော ဓာတ်ပုံများကိုယူကာ အဆောင်ဘက်သို့ ပြန်ခဲ့ကြ လေ၏။ အိမ်ရောက်တော့ ထွန်းအံ့ကို ဧည့်ခန်းမှာထိုင်နေတာ တွေ့လိုက်ရသည်။

"ဟော . . ကိုထွန်းအံ့ ရောက်နေပါလား"

"ဟုတ်တယ် . . ဆရာစဝ်"

"ကြာပြီလား"

"မကြာသေးပါဘူး ဆရာ"

"ဟုတ်လား ကျွန်တော်တို့လဲ မားဒါးကေ့စ်တစ်ခုပေါ် နေလို့ လိုက်နေတာဗျ"

"ဟုတ်လား"

စဝ်ရန်နိုင်သည် ပြောပြောဆိုဆိုနှင့် ထွန်းအံ့ရှေ့" ဆိုင်ခုံတွင် ဝင်၍ထိုင်လိုက်ပြီး လက်ထဲက ဓာတ်ပုံပဲအောင်ထဲ သေပစ်တင်လိုက်၏။

"ကိစ္စရှိလား ကိုထွန်းအံ့" ...ရာရယ်၊ ဒါပေမယ့်

"အော် . . အခြေအနေ ထူးခြားပြီပါဗျာ"

"အင်း . . ခုထိတော့ လိုက်နှောင့်ယှက်နေပါတယ် ကိုထွန်း ထူးခြားလာမှာပေါ့ဗျာ" ...နဲ့ဆုံးမိဖို့အဓိကပဲ ဟုတ်

www.burmeseclassic.com



"ဟုတ် . . ဟုတ်ကဲ့"

ထွန်းအံ့သည် စစ်ရန်နိုင်ဘက်သို့ စကားလှည့်ပြောရင်း စားပွဲပေါ်သို့ မျက်စိရောက်သွား၏။

"ဟာ"

"ဘာလဲဗျ"

"ဟို . . ဒီ . . ဒီဓာတ်ပုံ"

"ဘာဖြစ်လို့လဲ ကိုထွန်းအံ့ . . ဒါလုပ်ကြံခံလိုက်ရတဲ့ လူကို ဓာတ်ပုံရိုက်ထားတဲ့ ဓာတ်ပုံတွေလေ"

"ဟင် . . ဖေဖေ"

"ဘယ်လိုဗျ"

ထွန်းအံ့စကားကြောင့် စစ်ရန်နိုင် မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ ထိုစဉ် ထွန်းအံ့သည် စားပွဲပေါ်က ဓာတ်ပုံတွေကိုယူရင်း ကြေကွဲသံကြီးနှင့် ပြောလိုက်၏။

"ဒါ . . ဒါ ကျွန်တော့်ဖေဖေ ဦးမြတ်စံပုံတွေပါဗျာ"

အသ... ၏။ ကျည်ဆံ... ...ိုင် . . သေချာရဲ့လား"

ပေါက်သွားခြေပြီ။ "ပါတယ်ဗျာ . . ဖေဖေမှ ဖေဖေအစစ်ပါ"

ကျည်ဆံက ဦး... . . ဘုရား . . ဘုရား"

စနိုက်ပါနဲ့ လုပ်ကြံခံလိုက်ရတာလဲ ဆရာရယ်"

လိုက်ရမည့် လမ်းကြောင်း...လိုက်တာ ကိုထွန်းအံ့ရယ်၊ သေဆုံးသူ

ထိုအခါ အလောင်း...လို့ ကျွန်တော်တို့အဖွဲ့ ဦးနောက်ခြောက်





နေတာဗျ၊ ခုတော့ ခင်ဗျားရဲ့ပျောက်ဆုံးနေတဲ့ ဖခင်ပါလား"

"ဘုရား . . ဘုရား . . ဘယ်လိုဖြစ်တာလဲ ဖေဖေရယ် အဖြစ်ဆိုးလှချည်လား"

ထွန်းအံ့တစ်ယောက် ဓာတ်ပုံတွေကိုကြည့်ပြီး ယူကျုံးမရဖြစ်နေ၏။ နောက်ဆုံး သတိဝင်လာတော့မှပဲ အဖြစ်အပျက်ကို အသေးစိတ်ပြောပြလိုက်၏။

စစ်ရန်နိုင်၏စကားကိုကြားရတော့ ထွန်းအံ့တစ်ယောက် ကြေကြေကွဲကွဲ ဖြစ်နေ၏။

"ခုလိုဖြစ်တာ စိတ်မကောင်းပါဘူး ကိုထွန်းအံ့ရယ် ကျွန်တော်တို့ အသေအချာစုံစမ်းပေးပါ့မယ်"

"ကူညီပါ ဆရာရယ်၊ ခုတော့ ကျွန်တော့်ဘဝက ဘယ်သူမှ မရှိတော့ပါဘူး၊ ရိုင်းစိုင်းယုတ်မာလိုက်တာဗျာ . . ဘာကြောင့်များ ကျွန်တော့်မိသားစုကို သတ်သွားရတာလဲ မသိဘူး တောက် . . တွေ့ရင်တော့ အမှုန့်တောင်ကြိတ်ပစ်ချင်တယ်"

"သတိထားပါ ကိုထွန်းအံ့၊ ဒီကိစ္စဟာ ဥပဒေဘောင်ထဲက ဖြေရှင်းတာပဲ ကောင်းပါတယ်ဗျာ"

"ကျွန်တော် နားလည်ပါတယ် ဆရာရယ်၊ ဒါပေမယ့် ကျွန်တော့်ဘဝထဲကို ဆရာခဏဝင်ကြည့်ပါဗျာ"

"ဟုတ်ပါတယ် ကျွန်တော်ကိုယ်ချင်းစာပါတယ် ကိုထွန်းအံ့၊ ဒါပေမယ့် လူသတ်သမားကို အမြန်ဆုံးမိဖို့အဓိကပဲ တောက်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီတော့ ကျွန်တော်တို့စွမ်းစွမ်းတမံ ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်"

"ကျေးဇူးအများကြီးတင်ပါတယ် ဆရာရယ်၊ ဟို . . ကျွန်တော့်ဖေဖေရဲ့အလောင်းကို ကြည့်လို့ရမလား ဆရာ"

"ရပါတယ် ကိုထွန်းအံ့၊ ကျွန်တော် မှူခင်းဆရာဝန်ဆီ စာရေးပေးလိုက်ပါ့မယ်"

"လုပ်ပါ ဆရာရယ်"

"ကဲ . . ခဏစောင့်နော်"

"ဟုတ်ကဲ့ ဆရာ"

စဝ်ရန်နိုင်သည် တာဝန်ခံဆရာဝန်ထံ စာတစ်စောင်ရေး ပေးလိုက်ပြီး ထွန်းအံ့ကို လှမ်းပေးလိုက်၏။

ထွန်းအံ့ကတော့ ထိုင်ခုံမှာ စက္ကန့်ဝက်တောင်မထိုင်၊ စာရရခြင်း ထပြီးထွက်သွားလေ၏။ စဝ်ရန်နိုင်စိတ်ထဲတွင် ထွန်းအံ့အတွက် စိုးရိမ်မိတာအမှန်၊ သူ့နောက်ကွယ်တွင် အန္တရာယ်အရိပ် ရှိနေပြီဆိုတာကို တွက်မိ၏။

ဒါကြောင့်လည်း ထွန်းအံ့ထွက်သွားပြီး ဆယ်မိနစ်ခန့် အကြာ နောက်မှထပ်ချပ်မကွာလိုက်ဖို့ ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်အဝတ်အစားတောင် မလဲနိုင်ဘဲ ထွန်းအံ့နောက်ကို ယာမဟာတစ်စီးနှင့် လိုက်ခဲ့၏။

အချိန်က ညနေစောင်းချိန်ကလေးမို့ လမ်းပေါ်မှာ ကား





တွေဥဒဟိုပြေးလွှားနေ၏။ သူဆေးရုံဝကိုရောက်တော့ ညခုနစ် နာရီထိုးနေပြီဖြစ်သည်။ ဆိုင်ကယ်ပေါ်က မဆင်းဘဲ အခြေအနေကိုစောင့်ကြည့်နေခဲ့၏။

တအောင့်အကြာတွင် ထွန်းအံ့တစ်ယောက် ဆေးရုံပေါ်ကဆင်းလာသည်ကို တွေ့လိုက်ရ၏။ သူ့ကို ထွန်းအံ့မမြင်။

ထိုအချိန်တွင် ခေါင်းငိုက်စိုက်ထွက်လာသော ထွန်းအံ့ အနားသို့ လူနှစ်ယောက်ကပ်လာ၏။ ရုတ်တရက်မို့ ထွန်းအံ့ ကြောင်နေ၏။

"ခင်ဗျားတို့ဘယ်သူတွေလဲ"

"စကားမပြောနဲ့ ငါတို့နဲ့လိုက်ခဲ့စမ်း"

"ဘာလို့လိုက်ရမှာလဲ"

"ဟာ . . မင်းသိပ်စကားမရှည်နဲ့ ဒီမှာကြည့်စမ်း"

"ဟာ"

"မြင်ပြီ မဟုတ်လား ဒါဆို အေးအေးသက်သာလိုက်ခဲ့"

× × × × × ×

ထွန်းအံ့ကိုညှပ်ပြီး ဆေးရုံအပြင်ဘက်သို့ ခေါ်ထုတ်သွား၏။ ထိုမြင်ကွင်းကို အစအဆုံးမြင်လိုက်ရသူက စဝ်ရန်နိုင်။

အခြေအနေက ပွဲဆူလာခြေပြီ။ စဝ်ရန်နိုင်သည် ဆိုင်ကယ်နှိုးလိုက်ပြီး လီဗာဖြည်းဖြည်းလေးနင်းကာ လျှောထိုးပြီး လိုက်ခဲ့၏။ ထိုအချိန်တွင် ထွန်းအံ့ကို အတင်းကားပေါ် ဆွဲတင်



www.burmeseclassic.com

www.burmeseclassic.com



နေတာကို မြင်လိုက်ရ၏။

ထွန်းအုံ့ခမျာ မလိုက်ချင်လိုက်ချင်နှင့် ကားပေါ်ကိုလိုက်ခဲ့ရ၏။ ကားထွက်သွားသည်ကို မြင်သည်နှင့် လီဗာကိုခပ်ပြင်းပြင်းလေးနင်းပြီး ထပ်ချပ်မကွာ လိုက်ခဲ့၏။

သားကောင်၏ခြေရာတော့ တွေ့ခဲ့ပြီ။ အရေးကြီးတာ အပိုင်ဖမ်းမိဖို့ပဲ ဖြစ်ပေရာ နောက်ကမျောပြီးလိုက်ခဲ့၏။ တစ်နေရာအရောက်တွင် အက်စ်အီးကားကလေးမှာ လမ်းဘေးထိုးရပ်သွား၏။

နေရာက လူသူရှင်းလင်းသည့်နေရာ၊ ကားတံခါးပွင့်လာကာ ကားပေါ်မှ ထွန်းအုံ့ကိုအတင်းဆင်းခိုင်းလိုက်၏။

"ကဲ . . ဆင်းပေတော့ကွာ"

"ဗျာ"

"ဆင်းစမ်းကွာ"

"ဘာလုပ်မလို့လဲ"

"ဒီတစ်ခါ မင်းသက်သာသွားတယ်မှတ် နောက်ဆို မင်းအဖေအမေရဲ့နောက်ကို လိုက်သွားရမယ်မှတ်"

"ဗျာ"

သူ့ကိုဓားကြိမ်းကြိမ်းကာ ကားထဲပြန်ဝင်သွားကြပြီး တံခါးဆောင့်ပိတ်သွား၏။ တအောင့်ကြာတော့ သူ့ဘေးမှဝေါခနဲမောင်းထွက်သွားလေ၏။ ထွန်းအုံ့မှာတော့ တစ်ယောက်ထဲ





ကြောင်စီစီဖြစ်နေဆဲ။

ထိုစဉ် စဝ်ရန်နိုင်သည် အခြေနေကို ခပ်လှမ်းလှမ်းမှ ရပ်ပြီး အကဲခတ်နေ၏။ ကားပေါ်က ထွန်းအုံ့ဆင်းလာတာကို မြင်ရတော့ အံ့သြသွားမိ၏။ လုပ်ပေါက်က ပဟေဠိဆန်လွန်းလှ၏။

ထို့ကြောင့် ထွန်းအုံ့ကို ဂရုမစိုက်နိုင်။ လီဗာကို အသာကုန်တင်ပြီး ထွက်သွားတဲ့ကားနောက်ကို ထပ်ချပ်မကွာလိုက်ခဲ့၏။ ရှေ့က အက်စ်အီးကားက လမ်းတွေကိုကွေ့ပတ်မောင်းပြီး ခြေရာဖျောက်နေပုံပင်။

အသွင်က နောက်ကတစ်စုံတစ်ရာ လိုက်လာသည့်အသွင်။ မျက်ခြေပြတ်သွားမှာစိုးသဖြင့် စဝ်ရန်နိုင်တစ်ယောက် လီဗာကိုခပ်ပြင်းပြင်းတင်၍ နောက်ကတဝေါဝေါလိုက်၏။

ထိုစဉ် လမ်းချိုးတစ်ခုအရောက် ဝေါခနဲဖြတ်မောင်းလာသည့်ကုန်တင်ကားကြီးတစ်စီးကြောင့် ရှေ့ကားကို မျက်ခြေပြတ်သွားခဲ့ပြီး ဘရိတ်မနည်းအုပ်လိုက်၏။

"ဟာ . . ကျွိ . ကျွိ"

"ဝေါ"

"သေချင်လို့လားကွာ"

ကားပေါ်ကလူတွေ အော်ဟစ်ပြီး တံခါးဖွင့်ဆင်းလာ၏။ အားလုံးသုံးယောက် လက်ထဲမှာလည်း သံတုတ်တွေ ဓားတွေ



www.burmeseclassic.com

www.burmeseclassic.com



ခွတွေနှင့်။ စစ်ရန်နိုင်က သူတို့ကိုကြည့်ပြီး ကြောင်နေ၏။

"ဟော့ကောင် မင်းကိုယ်မင်း ဘာများမှတ်နေလို့လဲ"

"ဘာဖြစ်လို့လဲဗျ"

"ဟာ . . မင်းမောင်းတာ စတန့်မင်းသားကျနေတာ တော်ကြာ မင်းကြောင့် ငါတို့ပါ ဂတ်ထဲရောက်မှာကွ၊ ကြာတယ် ကွာ ဟိတ်ကောင်တွေ ဒီကောင့်ကို ပညာပေးလိုက်စမ်း"

"ဟင် . . ဘာလိုပါလိမ့်"

စစ်ရန်နိုင် သူတို့သုံးဦးကိုကြည့်ကာ အံ့ဩနေ၏။ ဘာမှမဟုတ်တဲ့ကိစ္စနဲ့ လုပ်လာပုံက သတ်မယ်ဖြတ်မယ့်ပုံပင်။

ထိုအချိန်တွင် အရပ်ပုပု၊ လည်သာအနက်ဝတ်ထားတဲ့ လူက သံတုတ်ကြီးဆွဲပြီး သူ့ထံအတင်းပြေးဝင်လာ၏။

"ဟာ"

"ဝုစ်"

"ဖြောင်း . . ဒုန်း"

"ဝုစ် . . ဝုစ်"

"ကဲ . . ကွာ"

"ဝုစ် . . ဖြောင်း"

"ဒုန်း"

"ဝင်စမ်းကွာ . . ကဲ . . သေပေတော့"

"ဝုစ် . . ဖြောင်း . . ဒုန်း"





"အောင်မယ်လေးဗျ"

အသံဗလံတွေ ပွတ်လောညံသွား၏။ ရုတ်တရက်ခုန် ဝင်လာတဲ့ သံတိုင်ကိုခေါင်းငုံ့ရှောင်ပြီး ဆိုင်ကယ်ပေါ်က ဖျတ် ခနဲလိမ့်ဆင်းလိုက်၏။

ထိုအချိန်တွင် သံတုတ်နှင့်လူက သဲကြီးမဲကြီး၊ သူ့ကို အပြေးဝင်ပြီး လက်ထဲကတုတ်နှင့် ခေါင်းကိုဖြတ်ရိုက်လာ၏။

သူအသာကလေး ငုံ့ရှောင်ပြီး ဝဲဝင်လာတဲ့လက်ကို ခြေ ထောက်နဲ့ခတ်ထုတ်လိုက်၏။

ခြေဖျားနှင့်ခတ်လိုက်သည်မို့ ငနဲသား တွန့်ခနဲဖြစ်ခါ နောက်ကိုလှန်ကျသွား၏။

ထိုအခါ ခြေဦးနှင့်ပြေးပြီး ကြုံးကန်ထည့်လိုက်၏။ ကန်ချက်က မျက်နှာတည့်တည့် ဖောင်းခနဲမြည်သံနှင့်အတူ ငနဲသားနှစ်ပတ်သုံးပတ် လိမ့်ထွက်သွား၏။

ထိုစဉ် ကြောင်ကြည့်နေဟဲ့လူနှစ်ဦး လက်ထဲက တုတ် တွေမြှောက်ပြီး စစ်ရန်နိုင်စီဝင်လာ၏။

အခြေအနေက အမဲဖျက်တော့မယ့်ပုံ။ မကြမ်းလို့မဖြစ် တော့။ ဝင်လာတဲ့လူနှစ်ယောက်ကြားကို လှစ်ခနဲခုန်ဝင်ပစ် လိုက်၏။ ရိုက်လာတဲ့ရိုက်ချက်တွေကို ပွတ်သီးပွတ်သပ် ရှောင် တိမ်းရင်း ဘယ်ညာခြေစုံကို အလူးအလဲအသုံးချလိုက်၏။

အားပါလှသည့်ကန်ချက်တွေကြား ငနဲသားနှစ်ဦးစလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆံရင်အုပ်တွေက ဘုန်းခနဲမြည်သံနဲ့အတူ ပွင့်ထွက်မတတ်ပင်။

နှစ်ယောက်စလုံး နောက်သို့သုံးလေးလှမ်း ရိုက်ထွက်သွား၏။ ထိုစဉ် အရပ်ကလန်ကလားနှင့်လူက မိုက်တီးမိုက်ကန်းနှင့် အတင်းဝင်ရိုက်လာ၏။

"ကဲ . . ကွာ"

"ဂွစ်"

"ဖတ် . . ဖတ်"

"အား"

"ဂွစ် . . ဖောင်း"

ဝင်လာတဲ့လက်ကိုရှောင်ပြီး ညာခြေနင့်ထောင့်ဖြတ်ကန်ထည့်လိုက်၏။ ကန်ချက်က ရင်ညွန့်တည့်တည့်။

ဖောင်းခနဲမြည်သံနှင့်အတူ ဖင်ထိုင်လဲကျသွား၏။ မျက်နှာတစ်ခုလုံး ခရမ်းချဉ်သီးရောင်ပေါက်သွားသလို။ ရှုံ့တွတွန့်လိမ်နေ၏။

အဲဒီတိုက်ကွက်ကြောင့် တုတ်ကိုကိုင်ပြီးချောင်းနေသော မျက်လုံးစွေစွေနဲ့လူမှာ တွန့်ခနဲနောက်ဆုတ်သွား၏။

စဝ်ရန်နိုင်က တစ်လှမ်းတိုးပြီး လိုက်မည်အလုပ် ကားဘက်ကိုအတင်းထွက်ပြေးသွားသလို မြေပေါ်လဲကျနေသော လူနှစ်ဦးလဲ ကားဆီသို့ အတင်းအားခဲပြီး ထပြေးကုန်၏။ နောက်ဆုံးတော့ ဆက်လိုက်လဲ မမှီတော့တာမို့ ဆိုင်ကယ်ပေါ်ပြန်တက်





လိုက်၏။ ထိုအချိန်တွင် ငနဲသားသုံးဦးမှာ ထရပ်ကားပေါ်အတင်းတွက်တက်ခဲ့ပြီး အမြန်စက်နှိုးကာ ဝေါခနဲမောင်းထွက်သွားကြလေတော့၏။

စဝ်ရန်နိုင်သည် ထရပ်ကားကို မျက်ခြေပြတ်ခံလို့ မဖြစ်တော့။ သူတို့တိုက်ကွက်ဆင်လာပုံက ကြိုတင်ကြံစည်ထားကြသည့်ပုံပင်။

ဒါကြောင့်လည်း ရှေ့ကမောင်းထွက်သွားသော ထရပ်ကားကြီးနောက်ကို နောက်မှမျှော၍လိုက်ခဲ့၏။ သို့နှင့် မိနစ်လေးဆယ်ခန့်အကြာတွင် မြို့ပြင်သို့ရောက်ရှိလာပြီး ခြံပျက်ကြီးတစ်ခုထဲ ဝေါခနဲမောင်းဝင်သွားတာကို တွေ့လိုက်ရလေ၏။

ထိုအခါ နေရာဒေသကို သေသေချာချာမှတ်သားခဲ့ပြီး အိမ်ဘက်သို့ပြန်ခဲ့လေတော့သည်။

ᗑ▾ᗑ▾ᗑ▾ᗑ▾ᗑ▾ᗑ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

"ဟာ . . ဆရာစဝ်ရန်နိုင်"

"အော် . . ကိုထွန်းအုံပါလား"

"ဆရာ . . ဘာ . . ဘာမှ မဖြစ်ဘူးနော်"

"ဘာမှ မဖြစ်ပါဘူး . . ကိုထွန်းအုံ ခင်ဗျားရော"

"ဟာ . . ဆရာပါလာတာကို ဒီကောင်တွေ သိနေတယ်ဗျ"

"ဟုတ်လား"

"ဟုတ်ပ ဆရာရယ် ဒါကြောင့် သူတို့စုရပ်ကို သိသွား





မှာစိုးတာနဲ့ ကျွန်တော့်ကို ပြန်လွှတ်ပေးခဲ့တာဗျ"

"ဟုတ်လား အင်း . . ကျွန်တော်လည်း အဲဒီကောင်တွေနောက်လိုက်ရင်း မထင်မှတ်တဲ့တားဆီးမှု ခံလိုက်ရတယ်။ တော်တော်ဆော်ပစ်ခဲ့ရတယ်"

"ဟေ"

သူ့စကားကြောင့် ယိုင်ခုံပေါ်တွင် စာအုပ်ဖတ်နေသော မွေးကြီးမှာ နှုတ်ခမ်းမွေး ကားခနဲဖြစ်ခါ ခေါင်းထောင်ကြည့်လာ၏။

"ဘယ်လိုဖြစ်တာလဲ"

"ဟာ . . မလွယ်ဘူးဗျ"

"ဆိုပါဦး"

"ဒီလိုမွေးကြီးရ . . ."

စဝ်ရန်နိုင်သည် လမ်းတွင်ကြုံခဲ့ရသည့်ကိစ္စကို ရှင်းပြလိုက်၏။ အားလုံးရင်တမမ၊ ထွန်းအုံမှာ စဝ်ရန်နိုင်၏စကားကို နားထောင်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ကျွန်တော်တော့ အဲဒီကောင်တွေကို မသင်္ကာဘူး မွေးကြီး . . ဖြစ်နိုင်ရင် ဒီကောင်တွေ ခိုနေတဲ့နေရာကို မွှေချင်တယ်ဗျာ"

"လုပ်လေ . . အင်အားလိုသလား"

"ကျွန်တော့်စိတ်ထင်ပြောရရင် ဒီမှာ ခိုအောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



အတော်များများရှိပုံပဲ"

"ဒါဆို ဝင်စီးလိုက်တာပေါ့"

"သေသေချာချာ စီစဉ်မှဖြစ်မယ်ဗျ၊ ဒီကောင်တွေဟာ လူတန်းစားအမျိုးမျိုးရဲ့ အသွင်သဏ္ဌာန်ဖန်တီးပြီး လှုပ်ရှားနေကြတဲ့ပုံပဲ၊ ခုပဲကြည့်လေ ကျွန်တော့်ကို ဝင်ဟန့်တားလာတာ ရုတ်တရက်ကြည့်ရင် ဒုစရိုက်အဖွဲ့ကလို့ မထင်ရဘူး"

"ဟုတ်တယ် စဝ် . . တော်တော် အယောင်ဆောင်ကောင်းတဲ့လူတွေပဲ၊ ကဲ . . ဒါဆို တို့ဘာလုပ်ကြမလဲ"

"ဒီလိုလုပ် မွေးကြီးရာ"

"ပြော"

စဝ်ရန်နိုင်သည် မွေးကြီးကို တိုးတိုးတိတ်တိတ်ရှင်းပြလိုက်၏။

"ကောင်းတယ် စဝ်"

"ဒါဆို ခင်ဗျား အဲဒီကိစ္စကို ခုချက်ချင်းလှုပ်ရှားလိုက်"

"အေးပါကွာ"

မွေးကြီးသည် ထိုင်ရာမှထကာ အိမ်ပေါ်မှဆင်းသွား၏။ ထွန်းအုံကတော့ သူတို့လုပ်ရပ်ကြောင့် ကြောင်စီစီနှင့် လှမ်းကြည့်နေ၏။

"ဆရာ စဝ်"

"ပြောပါ ကိုထွန်းအုံ"





"ကျွန်တော် ဘာကူညီရဦးမလဲ"

"လောလောဆယ် မလိုသေးပါဘူး၊ လိုတာနဲ့ပြောပါ့မယ်၊ တစ်ခုရှိတာ သွားလေရာ လာလေရာမှာ ကိုယ့်ကိုကိုယ် ဂရုစိုက်ဖို့ပဲဗျ"

"ဟုတ်ကဲ့ ဆရာစဝ် . . ဒါဆို ကျွန်တော်ပြန်ဦးမယ်ဗျာ"

"ကောင်းပြီလေ . . အကြောင်းထူးရင် ပြောပါ့မယ်"

"ဟုတ်ကဲ့"

ထွန်းအုံတစ်ယောက် စဝ်ရန်နိုင်ကို ပြောဆိုပြီး ပြန်သွား၏။ စဝ်ရန်နိုင်သည် ထိုင်ခုံပေါ်တွင်ထိုင်ရင်း မွေးကြီးအလာကို စောင့်နေ၏။

ဆယ်မိနစ်ခန့်အကြာတွင် မွေးကြီးရောက်လာ၏။

"ဘယ်လိုလဲ မွေးကြီး"

"အားလုံး လွှတ်လိုက်ပြီဟေ့"

"ကောင်းတယ် . . ဒါဆို ကျွန်တော်တို့သွားကြမလား"

"သွားလေ"

နှစ်ဦးသား အိမ်ရှေ့တွင်ရပ်ထားသော ယမဟာပေါ်လိုက်ကြပြီး မြို့ပြင်ဘက်သို့ မောင်းထွက်ခဲ့ကြလေ၏။

မြို့ပြင်ဘက်ရောက်လာလေလေ လမ်းမကြီးများက ဖြူဖြော့ချောမွေ့လာလေပင်။ လမ်းတစ်ဖက်တစ်ချက်တွင် သွား



www.burmeseclassic.com

www.burmeseclassic.com



လာနေကြသော လူတွေကတော့ ဥဒဟိုပင်။

အချိန်အနည်းအငယ်အကြာတွင် မြို့ပြင်သို့ရောက်ရှိလာကြ၏။ ထိုအခါ သတ်မှတ်ထားသော ခြံကြီးနှင့် မနီးမဝေးတွင် ရပ်လိုက်ကြပြီး အောက်သို့ဆင်းခဲ့ကြ၏။

ခြံကြီးတစ်ဝိုက်တွင် လူသူရှင်းလင်းနေသလို အသံဗလံတွေကလည်း ငှက်သံ၊ ဇရက်သံကလွဲလို့ ဆိတ်ငြိမ်နေ၏။ နှစ်ဦးသား လူခွဲလိုက်၏။

စဝ်ရန်နိုင်သည် ခြံအနောက်ဘက်သို့ ပတ်၍လျှောက်ခဲ့ပြီး ဝါးရုံပင်တွေကြားမှ အထဲသို့တိုးဝင်ခဲ့၏။ ခြံက သုံးဧကခန့်ကျယ်ဝန်းပြီး သစ်ပင်ကြီးတွေနှင့် အုပ်ဆိုင်းနေ၏။

စဝ်ရန်နိုင်သည် သစ်ပင်ရိပ်ကို အကာအကွယ်ပြုပြီး ခပ်သွက်သွက်လျှောက်ခဲ့ရာ မကြာခင် နှစ်ထပ်အိမ်ပျက်ကြီးတစ်လုံးကိုတွေ့လိုက်ရ၏။

ခွေးလေခွေးလွင့်သုံးလေးကောင်ကို တွေ့လိုက်ရသော်လည်း သူ့ကိုမြင်သည်နှင့် ခြံပေါက်ဝသို့ ထွက်ပြေးသွားကြ၏။

အိမ်ကြီးနားအရောက်တွင် အရေးပေါ်ကြောင်လိန်လှေကားကို တွေ့လိုက်ရ၏။ လှေကားက ရာသီဥတုဒဏ်ကြောင့် ကျိုးပဲ့ဆွေးမြေ့နေ၏။

အိမ်ကြီးပေါ်ရောက်ဖို့ကလည်း ဒီလှေကားတစ်ခုပဲ ရှိလေတော့ လက်ကိုင်တန်းကိုအသုံးပြုပြီး ကိုယ်ကိုထိန်း၍ ဖြည်း





ဖြည်းခြင်းတက်ခဲ့လေတော့သည်။

ကြမ်းခင်းတွေကလည်း ပြုတ်ထွက်ပျက်စီးနေ၏။ သတိကြီးကြီးနှင့် တက်ခဲ့ရာ အပေါ်ထက်သို့ရောက်ရှိလာ၏။

ထိုစဉ် အိမ်ကြီးအပေါ်ထပ် ခေါင်မိုးဘက်မှ အသံသေးသေးလေး ထွက်လာသည်ကို ကြားလိုက်ရသဖြင့် တံခါးနားကပ်ပြီး နားထောင်လိုက်၏။

"ဟင်"..

"ဒါ . . ဒါ . . ဒစ် . . ဒစ် . . ဒါ . . ."

"မော့စ်ရိုက်နေပါလား"

သူ မော့စ်ရိုက်သံစဉ်တွေကို နားစိုက်လိုက်၏။ အတွေ့အကြုံရှိသူမို့ နားထဲဝင်လာသည့် မော့စ်သင်္ကေတတွေကို ပါးစပ်ထဲမှ ရေရွတ်ကြည့်ရင်း အဓိပ္ပါယ်ဖော်လိုက်၏။

"ထွန်းအုံ့ကိုတွေ့ပြီ ဆိုပါလား"

သူ အဓိပ္ပါယ်ဖော်လို့ရတဲ့ အကြောင်းအရာကိုသိတော့ မျက်လုံးပြူးသွား၏။ သူထင်ထားသည့်အတိုင်း ကွက်တိဝင်လာတော့ အံ့ဩသွားမိ၏။

ထို့ကြောင့် တံခါးဝနား အသာရပ်ပြီး အထဲကိုကြည့်လိုက်၏။ မော့စ်ရိုက်နေသော လူတစ်ဦး တထောက်ထောက်နှင့် ရိုက်နှိပ်နေသည်ကို တွေ့လိုက်ရ၏။

စဝ်ရန်နိုင်သည် တံခါးနောက်မှထွက်ခါ အခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားထောက်ပြီး ဝင်ခဲ့၏။ ခါးကြားတွင် လျှို့ဝှက်စွာထိုးထည့်ထားသော သေနတ်ကိုဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး အနားရောက်သည်နှင့် မော့စ်ရိုက်နေသော လူ၏နောက်စေ့တည့်တည့်ကို ဖမ်းထောက်လိုက်၏။

"မလှုပ်နဲ့"

"အင်"

"ငြိမ်ငြိမ်နေနော်"

"ခင် . . ခင်ဗျား"

"ပါးစပ်ပိတ်ထားစမ်း"

ငနဲသားခမျာ ရုတ်တရက်မို့ သူ့ကိုသမင်လည်ပြန်ကြည့်ရင်း အိုးတိုးအတဖြစ်နေ၏။

ထိုစဉ် စဝ်ရန်နိုင်သည် စားပွဲပေါ်မှ သတင်းပို့စာရွက်ကိုယူကြည့်လိုက်၏။ ရေးထားသည်က ထွန်းအုံ့ကို အမြန်ဆုံးဖျောက်ပစ်ဖို့သတင်းပင်ဖြစ်သည်။ ပေးပို့သည့်လူအမည်က ဝတ်ရုံနက်။ ပဟေဠိလုပ်ထားသည်မို့ မေးလိုက်၏။

"ဟေ့ကောင် ဝတ်ရုံနက်ဆိုတာ ဘယ်သူလဲ"

"ဟာ . . ဟို . . ကျွန် . . ကျွန်တော် မသိပါဘူး ခင်ဗျား ဟို . . ဆရာက ပို့ခိုင်းလို့ပါ"

"ဘယ်က ဆရာလဲ ပြောစမ်း"

"ဟို . . အောက်ထပ်မှာပါ"





"ဘယ်သူလဲ"

"ဆရာကျီးပါ"

စဝ်ရန်နိုင်သည် မော့စ်ရိုက်နေသောလူ၏စကားကို နားထောင်ရင်း စိတ်ထဲဇဝေဇဝါဖြစ်နေ၏။

ထိုအချိန်တွင် အိမ်ကြီး၏အောက်ထပ်ရှိ လျှို့ဝှက်ခန်းမထဲတွင် လူသုံးဦးထိုင်နေ၏။ သူတို့ရှေ့တွင် တီဗီအသေးတစ်လုံးတပ်ဆင်ထား၏။ စကရင်ပေါ်တွင် ပေါ်လာသော ပုံရိပ်ကိုကြည့်ရင်း ပြုံးစိစိဖြစ်နေကြ၏။

"အင်း . . ထောင်ချောက်ထဲတော့ ဝင်လာပြီ၊ တင်းကောင်ရေ . . မင်းတာဝန်ပဲ"

"စိတ်ချပါ ဆရာကျီး"

"ကဲ . . ဒါဆို သွားပေတော့"

"ဟုတ်ကဲ့"

အရပ်ကလန်ကလားနှင့်လူသည် ထိုင်ရာမှလျင်မြန်စွာထလိုက်ပြီး အိမ်ကြီးအပေါ်ထပ်သို့ အပြေးတက်ခဲ့၏။

ထိုအချိန်တွင် စဝ်ရန်နိုင်သည် မော့စ်သမားကို မေးမြန်းနေဆဲ။ လှေကားပေါ်အပြေးတက်လာသော လူသည် အခန်းဝရောက်သည်နှင့် လက်ထဲက သံမှတ်ပြောင်းကလေးကို ပါးစပ်တွင် တေ့လိုက်ကာ အခိုးအငွေ့များကို မှုတ်သွင်းလိုက်၏။

ထိုအခြင်းအရာကို စဝ်ရန်နိုင် သတိမထားမိ၊ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ တလိမ့်လိမ့်ဝင်လာသော အငွေ့များက တစ်ခန်းလုံးပျံ့နှံ့သွား၏။

"ဟာ . . ဘာနံ့လဲ"

"ဟင်"

"အား . . အင်း"

ပြင်းရှရှအနံ့ကြောင့် စဝ်ရန်နိုင်သတိထားမိသော်လည်း နောက်ကျသွားခဲ့ပြီဖြစ်သည်။

ခြေတွေလက်တွေ ဆက်မလှုပ်ရှားချင်တော့ပဲ ယိုင်တိယိုင်တိုင်ဖြစ်လာ၏။ အမြင်အာရုံဝေဝါးလာ၏။ တဖြည်းဖြည်းထုံထိုင်းလာကာ ကြမ်းပြင်ပေါ်သို့ ခွေခနဲကျသွားလေတော့၏။

တံခါးပေါက်မှလူသည် အခြေနေစိတ်ချရပြီဆိုသည်နှင့် အောက်ကလူတွေကို သတိပေးလိုက်ရာ လူနှစ်ယောက်အပြေးတက်လာ၏။

"ဟာ . . ဘယ်လိုလဲကွ"

"အိုကေပဲဟေ့"

"ဒါဆို အမြန်ထမ်းခေါ်မှဟေ့ . . ဒီနေရာကနေ အမြန်ဆုံးထွက်ခွာဖို့ ဆရာကြီးက သတိပေးထားတယ်"

"အေး . . ဒါဆို မြန်မြန်လုပ်ကြ"

ကြမ်းပြင်ပေါ်တွင် စန့်စန့်ကြီးလဲကျကာ သတိမေ့မျောနေသော စဝ်ရန်နိုင်ကို လူနှစ်ဦးက ထမ်းလိုက်၏။ မော့စ်သမားကို ကလန်ကလားနှင့်လူက အိတ်ထဲကဆေးလုံးတစ်လုံး ထုတ်ကိုက်လိုက်ပြီး ပခုံးပေါ်ထမ်းတင်လိုက်၏။





"ကဲ . . ဆင်းကြဟေ့"

"မြန်မြန်ဆင်းကွ"

"အေးပါကွ"

သူတို့လူစု အောက်ထပ်အပြေးဆင်းခဲ့ကြပြီး ဆရာကြီးဆိုသူသည် သူတို့ကိုမြင်သည်နှင့် လက်ဟန်ခြေဟန်ပြလိုက်ပြီး လျှို့ဝှက်ခန်းထဲအမြန်ဝင်ခဲ့ကြ၏။ ထိုအခန်းမှတဆင့် မြေအောက်တံခါးကိုဖွင့်၍ အောက်သို့ဆင်းသက်သွားကြ၏။

ထိုအချိန်တွင် မွေးကြီးတို့လူစု အိမ်ကြီးပေါ်ရောက်ရှိလာကြ၏။ အသံဗလံတွေတိတ်ဆိတ်နေသဖြင့် စိတ်ထဲ သင်္ကာမကင်းဖြစ်နေ၏။

သူနှင့်ပါလာသော အရပ်သားဝတ် လုံခြုံရေးအဖွဲ့သားများကို လူခွဲ၍ရှာခိုင်းလိုက်၏။ ဆယ်မိနစ်ခန့်အကြာတွင် မွေးကြီးတစ်ယောက် အိမ်အပေါ်ထပ်မှ ခေါင်းငိုက်စိုက်နှင့်ဆင်းလာ၏။

အားလုံးစိတ်ထဲတွင် ပဟေဠိဖြစ်နေ၏။ ဘယ်လိုကြောင့် သဲဆိုတာ စဉ်းစားလို့မရကြ။ မွေးကြီးက စဝ်ရန်နိုင်အရိပ်အယောင်ကို မမြင်ရသဖြင့် ခေါင်းစားနေ၏။

"ဘယ်လိုလဲကွ .. ရှာလို့မတွေ့ကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာမွေး တစ်အိမ်လုံးတော့ နံ့နေပြီဗျ"

"ဒုက္ခပါပဲကွ . . ဘယ်တွေများရောက်ကုန်ပါလိမ့်၊ ကဲ ဒါဆို ခြံထဲဆင်းရှာကြစမ်း"

"ဟုတ်ကဲ့ ဆရာမွေး"

လုံခြုံရေးအဖွဲ့သားအားလုံး အိမ်ကြီးပေါ်မှအပြေးဆင်းသွားကြ၏။ မွေးကြီးသည် ဧည့်ခန်းထဲတွင် စိတ်ပျက်လက်ပျက်နှင့် ထိုင်ချရင်း အကြံညာဏ်ထုတ်လျက်ရှိ၏။

"ဟင် . . ဒါ . . ဘာအခန်းပါလိမ့်"

မီးဖိုချောင်ဘေးတွင် ပိတ်ထားသော တံခါးတစ်ချပ်ကို တွေ့လိုက်ရသဖြင့် သံသယဖြစ်သွား၏။

အတင်းတွန်းဖွင့်ကြည့်သော်လည်း အထဲမှဂျက်ချသွားသဖြင့် ဖွင့်လို့မရ။ နောက်ဆုံး မီးဖိုချောင်ထဲမှ သံချောင်းကြီးတစ်ချောင်းကိုယူကာ တံခါးကိုကလော်ဖွင့်လိုက်၏။

တအောင့်အကြာတွင် တံခါးကြီးပွင့်သွားလေတော့သည်။

"ဟာ . . ဒါ . . လျှို့ဝှက်ခန်းပါလား"

မှောင်မိုက်နေသော အခန်းကြီးတစ်ခန်း၊ အတွင်းတွင် ကျနစွာပြင်ဆင်ထားသော ပစ္စည်းပစ္စယများကို တွေ့လိုက်ရ၏။

သူအထဲသို့ တစ်လှမ်းခြင်းဝင်ခဲ့ပြီး ဟိုဟိုဒီဒီရှာဖွေလိုက်၏။ အခန်းထောင့်သုံးနေရာတွင် တယ်လီဖေးရှင်းသုံးလုံးနှင့်





ကွန်ပျူတာစင်များကို တွေ့လိုက်ရ၏။

"ဘာတွေလဲကွ"

ကွန်ပျူတာစင်နားသို့ လျှောက်ခဲ့ပြီး ကြည့်လိုက်၏။ လုပ်လက်စလုပ်ငန်းများ ပစ်သွားကြသည့်ပုံပင်။

မွေးကြီးသည် ကွန်ပျူတာစင်ရှေ့ခုံပေါ်တွင် ဝင်ထိုင်လိုက်ပြီး မန်မိုရီခလုတ်ကို နှိပ်ချလိုက်၏။ စကရင်ပေါ်တွင် စာလုံးလေးတွေ တထောက်ထောက်နှင့်ပေါ်လာ၏။

"ဟာ . . ဘာစာတွေလဲကွ"

စကရင်ပေါ်က စာတွေကိုကြည့်ရင်း မွေးကြီးပါးစပ်အဟောင်းသားဖြစ်သွား၏။ အတုံးလေးတွေ အစက်ကလေးတွေ မျဉ်းတိုမျဉ်းရှည်ကလေးတွေကို မြင်ရသဖြင့် ကြောင်စီစီဖြစ်သွား၏။

"ဟင် . . ဒါ .. မော်စ်နတ်တွေပါလား . . ပရင့်အောက်ထုတ်ကြည့်လိုက်မှပဲ"

ကွန်ပျူတာစကရင်ဘေးတွင် ပရင့်အောက်စက်ကို တွေ့လိုက်ရသဖြင့် ပရင့်အောက်ထုတ်ကြည့်လိုက်၏။

တအောင့်မျှအကြာတွင် ပရင်တာစက်ထဲမှ မော်စ်နတ်များပါသော စာရွက်ဖြူဖြူကလေးများ ထွက်လာ၏။

မွေးကြီးသည် ထွက်လာသော စာရွက်ကလေးငါးရွက်ကို သပ်ယပ်စွာခေါက်ပြီး သိမ်းဆည်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကွန်ပျူတာခလုတ်များကို ဆက်၍နှိပ်ကြည့်ရာ မကြာခင် စကရင်ပေါ်၌ အိတ်ဇစ်နံဘာ ဆိုသောစာလုံးလေးနှင့်အတူ စာတမ်းကလေးထွက်လာ၏။

"အော် . . လျှို့ဝှက်ထွက်ပေါက်ကိုတောင် ဒေတာလုပ်ထားတာကိုး"

ပြုံးစစနှင့်ထိုင်ရာမှထလိုက်ပြီး ဒေတာအတိုင်း အခန်းညာဘက်သို့လျှောက်ခဲ့ရာ မကြာခင် မြေအောက်သို့ဆင်းသည့် အံဖုံးတံခါးကိုတွေ့လိုက်ရ၏။

တံခါးပေါ်တွင် သံမဏိသော့တစ်လုံး တပ်ဆင်ထားပြီး ကွန်ပျူတာခလုတ်ကလေးများနှင့် ဖွဲ့စည်းထား၏။ မွေးကြီး ဒေတာခလုတ်နံပါတ်ကို နှိပ်ချလိုက်ရာ မကြာမီ အံဖုံးတံခါးကြီးပွင့်သွားလေတော့၏။

"ဟာ . . မြေအောက်ဆင်းတဲ့လှေကားပါလား"

သူ မြေအောက်သို့ တစ်လှမ်းခြင်းဆင်းခဲ့၏။ အောက်သို့ ရောက်လာလေလေ အလင်းရောင်က နည်းပါးလာလေပင်။ လျှို့ဝှက်လမ်းကလေးတစ်ဖက်တွင် ဝါကြန့်ကြန့်မီးသီးကလေးများသာ ထွန်းညှိထား၏။ မြေသင်းနံ့ကတော့ သင်းပျံ့နေ၏။

မွေးကြီးသည် လမ်းကလေးအတိုင်း ကွေ့ပတ်လျှောက်ခဲ့ရာ မိနစ်သုံးဆယ်ခန့်အကြာတွင် အပေါ်သို့တက်သည့် လှေကားကိုတွေ့လိုက်ရသဖြင့် အပြေးတက်ခဲ့၏။





လှေကားဆုံးတော့ အံဖုံးတံခါးတစ်ချပ်က ဆီးကြိုနေဆဲ။ သော့ခလောက်ပေါ်က ကွန်ပျူတာခလုတ်ကလေးနှိပ်ပြီး ဖွင့်လိုက်ခါ အပြင်သို့ထွက်လိုက်၏။

"ဟိုက် . . ဘယ်ရောက်သွားပါလိမ့်"

မြင်ကွင်းကြောင့် သူအူကြောင်ကြောင်ဖြစ်သွား၏။ လူသူရှင်းလင်းနေသော ကွင်းအပြင်ကြီးတစ်ခုထဲ ရောက်နေ၏။

သစ်ပင်ကလေးတွေ အုံ့ဆိုင်းနေသော နေရာဘက်သို့ လျှောက်ခဲ့ရာ ရွာကလေးတစ်ရွာကိုတွေ့လိုက်ရ၏။ စုံစမ်းကြည့်တော့ မြို့နှင့် သုံးမိုင်ခန့်ဝေးသော ရွာကလေးဖြစ်နေသည်ကို တွေ့လိုက်ရ၏။ မွေးကြီးမှာ ရှေ့ဆက်ဘာလုပ်ရမှန်း မသိတော့။

နောက်ဆုံး မြို့ဘက်သွားမည့်ကားနှင့် ခရီးကြုံလိုက်ခဲ့လေတော့၏။

*`*`*`*`*`*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ထွန်းအံ့တစ်ယောက် ဝေဝေထားတို့သားအဖနှစ်ဦး၏ လုပ်ရပ်ကိုအံ့ဩနေ၏။ ဘာကြောင့် အီလက်ထရောနစ်ကုမ္ပဏီကလူတွေနှင့် ဆက်ဆံနေပါလိမ့်။

ဝေဝေထားကို မေးကြည့်တော့ ဘာရယ်လို့သဲသဲကွဲကွဲ မသိရ။ တစ်နေ့တော့ ဝေဝေထားက သူ့ကို ဖခင်ဦးသက်ဦးခိုင်နှင့် ဆုံပေးလာ၏။

ထွန်းအံ့မှာ ဝေဝေထား၏ဖခင် ဦးသက်ဦးခိုင်ကို ရဲရဲမကြည့်ဝံ့။ ထိုအချိန်တွင် သူ့ကိုမကျေမနပ်နှင့် ကြည့်နေသူက





တော့ ဦးသက်ဦးခိုင်ပင်။

"ဖေဖေ"

"ဘာလဲ သမီး"

"ဟောဒါ သမီးသူငယ်ချင်း ကိုထွန်းအံ့လေ"

"အော် . . ဟုတ်လား . . ဘာကိစ္စလဲကွ"

"သမီးက ဖေဖေနဲ့တွေ့ပေးတာပါ"

"ဟုတ်လား . . ကဲ . . လွတ်လွတ်လပ်လပ် ပြောကြ၊ ဖေဖေ့မှာ လုပ်စရာတွေရှိသေးတယ်ကွ"

"ဟုတ်ကဲ့ ဖေဖေ"

ဦးသက်ဦးခိုင်၏လေသံက မာကြောလွန်းလှ၏။ ထွန်းအံ့မှာ ဝေဝေထားကိုတစ်လှည့် ဦးသက်ဦးခိုင်ကိုတစ်လှည့် မသိမသာ ဖွေကြည့်လိုက်၏။

ဘာကြောင့်များ သူ့ကို လေသံမာမာနှင့် ဆက်ဆံလာပါလိမ့်၊ သူစဉ်းစားလို့ မရနိုင်။

ဦးသက်ဦးခိုင် ထွက်သွားပြီးတဲ့နောက် နှစ်ယောက်သား စကားစမြည်ပြောခဲ့၏။ ဝေဝေထားကတော့ ထွန်းအံ့နှင့်ပြောဆိုနေရသည်ကို ဝမ်းသာအားရဖြစ်နေပုံပင်။ စကားတွေလည်း ချိုမြိန်နေ၏။ အကြည့်တွေကလည်း ရွှန်းတောက်နေ၏။

ထွန်းအံ့မှာ ဦးသက်ဦးခိုင်၏ပြုမူဆက်ဆံပုံကို မနှစ်မြို့လှသဖြင့် အစဉ်းစားကြီး စဉ်းစားလျက်ရှိနေ၏။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဝေဝေထားကို သူသိချင်တာ မေးမြန်းစုံစမ်းခဲ့ပြီး တည်းခိုရိပ်သာသို့ပြန်ခဲ့လေ၏။

စိတ်ထဲမှာ ဦးသက်ဦးခိုင်၏လုပ်ရပ်တွေကို မသင်္ကာ။ ထို့ကြောင့် ဝေဝေထားပြောလိုက်သည့်အတိုင်း ဦးသက်ဦးခိုင်သွားရာကို လိုက်လံစုံစမ်းကြည့်လိုက်၏။

သုံးလေးရက်ခန့် လိုက်လံစုံစမ်းကြည့်သောအခါ ဦးသက်ဦးခိုင်မှာ အဖွဲ့အစည်းအင်အား တောင့်တင်းလှသော လုပ်ငန်းပိုင်ရှင်ကြီးတစ်ဦးဆိုတာ သိလာရ၏။

ထို့ပြင် ဦးသက်ဦးခိုင်သွားသွားနေကြ ခြံကြီးတစ်ခြံကိုလည်း စောင့်ဆိုင်းကြည့်ရှုခဲ့၏။ လူပ်ရှားနေပုံကလည်း လျှို့ဝှက်သည်းဖိုဆန်လှ၏။

ထို့ကြောင့်လည်း သူသွားလာတတ်သည့် အချိန်အခါကိုပါ အမှတ်အသားပြုပြီး စောင့်ဆိုင်းခဲ့၏။

စိတ်ထဲတွင် လျှို့ဝှက်အေးချင့်အဖွဲ့ကို အကြောင်းကြားချင်သော်လည်း အမှန်တကယ် အကြောင်းအရာကို သေချာစွာမသိသေးသဖြင့် အကြောင်းကြားလို့ မဖြစ်နိုင်သေးဟု ယူဆမိ၏။ ဒါကြောင့်လည်း တစ်ယောက်တည်းလှည့်လည်စုံစမ်းခဲ့၏။

နောက်ဆုံး လျှို့ဝှက်ခြံကြီးအေးတွင် စောင့်ဆိုင်းအကဲခတ်နေစဉ် ဦးသက်ဦးခိုင်နှင့် လူနှစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။





အချိန်အခါက ညနေစောင်းအချိန်အခါ။ ထွန်းအံ့သည် ဈေးနှုတ်သုတ်ပုဝါတစ်ထည်ကို ခေါင်းပတ်ခါ ရုပ်ဖျက်ပြီး အကဲခတ်နေ၏။

သူတို့လူစု ခြံထဲဝင်သွားပြီး တအောင့်အကြာတွင် ထွန်းအံ့သည် ခြံကြီးဘက်သို့ တွန့်ဆုတ်ရရန်နှင့် လျှောက်ခဲ့၏။ ခြံဝတွင် စည်းရိုးမြက်တွေကို ဖြတ်နေသော ခြံစောင့်ကြီးက သူ့ကိုမြင်သည်နှင့် ဖော်ရွေစွာနှုတ်ဆက်လိုက်၏။

"ဟော . . ဘယ်လိုလဲ မိတ်ဆွေကြီး"

"အေးဗျာ . . အညောင်းပြေ လမ်းလျှောက်နေတာဗျ"

"ဟုတ်လား"

"ခင်ဗျားခြံက သီးပင်စားပင်တွေ အတော့်ကိုဝေါတာပဲနော်"

"ဟုတ်ပ . . စုံတယ်ဗျို့"

"ဒါဆို ကျွန်တော် ဝင်ကြည့်လို့ရမလား"

"ဟင် . . ဟို . . အဲ . . အထဲမှာ ဧည့်သည်တွေရှိတယ်ဗျ"

"ဟာ . . ကျွန်တော်က ခင်ဗျားဧည့်သည်ပဲဗျာ . . ပြီးတော့ သရက်မျိုးစေ့တွေလဲ ခင်ဗျားပေးမယ်ဆို"

"အဲ . . ဟုတ်သားပဲ ကဲ . . လာ လာ"

ခြံစောင့်ကြီးက သူ့ကို ခြံထဲဝင်ဖို့ပြောလာ၏။ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် အတိုင်းမသိကျေနပ်သွား၏။ စင်စစ် ခြံစောင့်ဦးမှုန်ကို သူသုံးလေးရက်ခန့် စည်းရုံးယူခဲ့ရ၏။ ခုတော့ သူတွက်ထား သည့်ခွင်ထဲကို ကွက်တိဝင်ခဲ့လေ၏။

ဦးမှုန်နှင့်အတူ ခြံထဲဝင်ခဲ့ပြီး ဟိုဟိုဒီဒီ အကဲခတ်လိုက် ၏။ သီးပင်စားပင်ကြီးတွေကတော့ အုပ်ဆိုင်းဝေဆာနေ၏။

သရက်ပင်၊ ဝိန္နဲပင်၊ ဒညင်းပင်ကြီးတွေကလည်း အသီး တွေနှင့် ပြွတ်သိပ်နေ၏။

"ဟာ . . ဒညင်းပင်ကြီးက အသီးတွေပြွတ်သိပ်နေတာ ပဲဗျ"

"အဲဒါ မောင်လမြိုင်ဘက်က ယူလာတဲ့အပင်ဗျ၊ တအား သီးတာဗျ . . ကဲ . . ရေနွေးကြမ်းလေး ဘာလေး သောက်ရ အောင်ဗျာ"

"ဟုတ်ကဲ့ ဦးလေး"

နှစ်ဦးသား တန်းလျားလေးရှေ့တွင် ထိုင်လိုက်ကြ၏။ ထွန်းအံ့သည် မျက်စိတွေ နားတွေကတော့ အလကားမထား။ ဟိုဟိုဒီဒီလှျောက်ကြည့်ရင်း အသံဗလံတွေကို နားစွင့်နေ၏။

တအောင့်အကြာတွင် ဦးမှုန်တစ်ယောက် အကြမ်းခ ရားအိုးနှင့် ရောက်ရှိလာ၏။

"ဦးလေးမှုန်"

"ဘာလဲဗျ"





"ဟောဒီခြံပိုင်ရှင်တွေက ဘာလုပ်လဲဗျ"

"အဲဒါတော့ မသိဘူးဗျာ . . ဟို . . စက်ဘက်ဆိုင်ရာ ပစ္စည်းတွေယူလာတာတော့ ခဏခဏတွေ့ရတယ်"

"ဟုတ်လား . . ဒါဆို အဲဒီအိမ်ပိုင်ရှင် ဘယ်သူလဲ"

"မန္တလေးဘက်ကပါ"

"ဟုတ်လား . . ဒီခြံကိုဝယ်ထားတာ ကြာပြီးလား ဦးလေးမှုန်"

"ကြာပြီဗျ . . ကျုပ်စိတ်ထင် ဆယ့်ငါးနှစ်လောက် တော့ရှိပြီဗျ"

"အော်"

ထွန်းအံ့ ခြံစောင့်ဦးမှုန်နှင့် စကားစမြည်ပြောဆိုရင်း ခြံထဲကို အကဲခတ်ကြည့်ရှုလိုက်၏။ ထိုအချိန်တွင် ကားအနီး လေးတစ်စီး ခြံလမ်းကလေးအတိုင်း မောင်းထွက်လာတာကို တွေ့လိုက်ရ၏။

ကားထဲကို လှမ်းကြည့်တော့ ဦးသက်ဦးခိုင်ကို ပါတွေ့ လိုက်ရ၏။ ဦးမှုန်သည် ကားကလေးကိုလက်ညှိုးထိုးရင်းပြော လိုက်၏။

"အဲဒါ ခြံပိုင်ရှင်ရဲ့ကားပဲ"

"အော် . . ဘယ်သူလဲဗျ"

"ဦးယုဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူအကြီးအကျယ် အံ့သြသွား၏။ ဒီနာမည်ကို သူ ဖခင်ကြီး၏ဒိုင်ယာရီထဲမှ ဖတ်ဖူးခဲ့၏။

လူတစ်ထောင်တွင် တစ်ယောက် ဒီနာမည်ကိုမှည့်ခဲလှ၏။ နာမည်က ကဗျာဆန်လှသော နာမည်ဖြစ်သလို ထူးလည်းထူးဆန်းလှ၏။

"ဘာဖြစ်လို့လဲဗျ"

"အော် . . ကျွန်တော့်အသိထဲက များလားလို့ပါ"

"ဟာ . . ဦးယုဝေက ကျုပ်တို့အရွယ်ရှိပြီ၊ စကားလဲနည်းတယ်၊ ဒီခြံကို တစ်ပတ်တစ်ခေါက်လောက်ပဲ လာတာ၊ နေတာက မန္တလေးမှာအနေများတယ်"

"ဟင် . . ဟုတ်လား"

"ဟုတ်ပ ဒါပေမယ့် ခုတစ်ပတ်တော့ ရန်ကုန်မှာကြာမယ်ထင်တယ်၊ အဲ . . ဒီမှာအိပ်တာနည်းတယ်"

"အော် . . ဒါထက် နေပါဦး ဦးလေးမှုန်ရဲ့၊ အဲဒီ ဦးယုဝေက မြို့ထဲမှာ လုပ်ငန်းတွေရှိလို့လားဗျ"

"ရှိပါ့ဗျာ . . ဟို . . 'မိုးစကြာ' ကုမ္ပဏီဆိုတဲ့ နာမည်ကြီးနဲ့ ကွန်ပျူတာရောင်းဝယ်ရေးလုပ်ငန်းကြီးဖွင့် ထားတယ်လေ၊ ဆိုင်ခွဲက ခြောက်ဆိုင်လောက်ရှိတယ်ဗျ ပြီးတော့ သူ့ဆီမှာလုပ်တာ နိုင်ငံခြားသားအလုပ်သမားတွေများတယ်"





"ဟာ . . အတော့်ကိုချမ်းသာတာပဲကိုး"

"ဟုတ်တယ် ကိုထွန်းအံ့၊ ဆရာကြီးဟာ အလုပ်ကို မနားမနေလုပ်တဲ့လူဗျ၊ ဒါကြောင့် ပိုက်ဆံကလည်း အတော့်ကိုချမ်းသာတယ်ဗျ"

"အော် . . ဒီလိုကိုး"

ထွန်းအံ့သည် ဦးမှုန့်စကားကြောင့် ခေါင်းစားစရာတွေဖြစ်လာ၏။

ဦးယုဝေ . . .

ဖခင်ဖြစ်သူနှင့် တရင်းတနှီးရှိလှသောလူ၊ လုပ်သည့်အလုပ်ကလည်း ကွန်ပျူတာလုပ်ငန်းကြီးဆိုသဖြင့် ပို၍စိတ်ဝင်စားသွား၏။

ထို့ကြောင့် ဦးမှုန်ဆီမှ ပြန်ခဲ့ပြီးနောက် ဦးယုဝေ၏ မိုးစကြာကုမ္ပဏီကို စုံစမ်းဖို့ဆုံးဖြတ်လိုက်၏။

သို့ပေသည့် သူ့နံဘေးမှာ အန္တရာယ်တွေဝိုင်းဝိုင်းလည်နေမှန်းသိသဖြင့် ခြောင်လှုပ်ရှားလို့ မလွယ်ကြောင်း ရိပ်မိ၏။ ထို့ကြောင့် တစ်နေ့တွင် မိုးစကြာကုမ္ပဏီကို စုံစမ်းဖို့အတွက် ရုပ်ဖျက်ပြီးထွက်လာခဲ့၏။

ကုမ္ပဏီကြီးက သုဝဏ္ဏမြို့စွန်ဘက်တွင် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသည်ကို တွေ့ရ၏။ ဝန်ထမ်းအင်အားကလည်း များလှ၏။



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံကြီးမှာ သုံးထပ်အဆောက်အအုံကြီး ဖြစ်ပြီး ရောင်းသူဝယ်သူများနှင့် ရှုပ်ထွေးနေပေ၏။ ထွန်းအံ့သည် အဆောက်အအုံကြီးပေါ်တက်ခဲ့ပြီး ဟိုဟိုဒီဒီလျှောက်ကြည့်ခဲ့၏။

ဝယ်သူတွေကြိတ်ကြိတ်တိုးနေသလို ကွန်ပျူတာပစ္စည်းတွေကလည်း အမျိုးစုံလှ၏။ နောက်ဆုံး မောက်စ်ကလေးက အစ ပုံစံအမျိုးမျိုးနှင့် ရောင်းချလျက်ရှိသည်ကို တွေ့ရ၏။

ထွန်းအံ့သည် လူတွေကြားထဲမှ တိုးဝှေ့ဖြတ်သန်းခဲ့ရင်း အပေါ်ဆုံးအဆောက်အအုံသို့ တက်ခဲ့၏။

"ဘယ်သွားမလို့လဲ"

"အော် . . ကွန်ပျူတာတည်ဆောက်ပုံ စာအုပ်တွေများ ရှိမလားလို့ပါ"

"ဟာ . . အပေါ်မှာ သင်တန်းရှိတယ်ဗျ"

"ဟုတ်လား"

"ဟုတ်တယ် အဲဒီမှာ ရောင်းချတဲ့ပစ္စည်းမရှိဘူးဗျ"

"ဒါဆို အဲဒီသင်တန်းမှာ ခဏထိုင်ပြီး နားထောင်လို့ရမလား"

"ဟာ . . သင်တန်းက အကန့်အသတ်နဲ့ဗျ၊ အပြင်လူ ဝင်လို့ရတာ မဟုတ်ဘူး"

"အော်"





အမှုထမ်းတစ်ဦးက ဟန့်တားလာသဖြင့် ထွန်းအံ့အောက်သို့ ပြန်ဆင်းခဲ့ပြီး မယောင်မလည်နှင့် စူးစမ်းလိုက်၏။

ထိုအခါ ခန်းမအနောက်ဘက် အရေးပေါ်ထွက်ပေါက်ကို တွေ့လိုက်ရသဖြင့် လူများအလစ်တွင် ထွက်ပေါက်မှဝင်လိုက်၏။

လှို့ဝှက်လှေကားကို ထွက်ပေါက်အပြင်တွင် တွေ့လိုက်ရသဖြင့် အပေါ်သို့အမြန်ပြေးတက်ခဲ့၏။ ခုထိတော့ ဟန့်တားမည့်သူ မရှိပေ။

စေ့ထားသော တံခါးကိုတွေ့လိုက်ရသဖြင့် အထဲကို တွန်းဖွင့်ပြီး ဝင်ခဲ့၏။ မှောင်မိုက်နေသော လမ်းကလေးအတွင်း ခြေသံဖော့နင်းကာ လျှောက်ခဲ့၏။

လမ်းတစ်ဝက်အရောက်တွင် အခန်းတစ်ခန်းကိုတွေ့လိုက်ရသဖြင့် တံခါးလက်ကိုင်ဘုကို လှည့်ကာ အထဲသို့ဝင်လိုက်၏။

စာကြည့်ခန်းကြီးတစ်ခန်းအထဲတွင် စာအုပ်စင်ကြီး သုံးစင်နှင့်အတူ တည်ဆောက်လက်စ ကွန်ပျူတာအစိတ်အပိုင်းများကို တွေ့လိုက်ရ၏။

ထွန်းအံ့သည် အခန်းထဲလျှောက်ကြည့်ရင်း နံရံတစ်ခုတွင်ချိတ်ဆွဲထားသော ဓာတ်ပုံကြီးတစ်ပုံကို တွေ့လိုက်ရ၏။ ဓာတ်ပုံပေါ်တွင် လူတစ်စု စုရိုက်ထားသည့်ပုံကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အနားတိုးကြည့်လိုက်၏။

"ဟင် .. ဖေဖေ့ပုံပါလား"

မြင်ကွင်းကြောင့် သူအံ့သြသွား၏။ ဖခင်ဖြစ်သူထိုင်နေသောပုံကို တွေ့လိုက်ရ၏။ ယင်းမြင်ကွင်းကြောင့် ဦးယုဝေနှင့် ဖခင်ဖြစ်သူတို့ အဆက်အသွယ်ရှိနေတာ သေချာပြီဖြစ်ကြောင်း တွက်လိုက်မိ၏။

ထိုအချိန်တွင် အခန်းရှေ့မှ စကားပြောသံများကြားလိုက်ရသဖြင့် နီးရာ စာအုပ်စင်ကြီးတစ်စင်အောက် ဝင်၍ပုန်းအောင်းလိုက်၏။

တအောင့်အကြာတွင် အခန်းတံခါးပွင့်လာကာ လူနှစ်ဦးဝင်လာ၏။

"ဘယ်လိုလဲဗျာ .. ကျုပ်တို့ကိစ္စက ရေစုံမျောနေပြီလား ကိုယုဝေ"

"ဟာ .. မစ္စတာဂျိန်းကလဲ ဆန္ဒစောလိုက်တာဗျာ၊ မမျောပါဘူးဗျာ .. ကျုပ်လဲ လူအားလုံးလွှတ်ပြီး လိုက်ခိုင်းထားတာပဲ"

"ဟာ .. ခင်ဗျားစဉ်းစားကြည့်လေ .. ကိုယုဝေ၊ ဒီလုပ်ငန်းမှာ ကျုပ်ဘက်က ဒေါ်လာသိန်းသုံးရာကျော် ရင်းထားရတာဗျ"

"အို .. အဲဒီစကားတော့ မပြောနဲ့လေ .. ကျုပ်လဲ





ငွေမဲသိန်းရာချီပြီး ရင်းထားတာပဲဗျ၊ ဒီတော့ အလဟဿတော့ ဘယ်ဖြစ်ခံမှာလဲဗျ၊ ခုလဲ ကျုပ်လူတွေဘက်က သတင်းကတော့ ရထားပြီဗျ"

"ဟင် .. ဘာသတင်းလဲ"

"ဟိုကောင်လေး ဒီဘက်ကို ရောက်နေပြီဆိုတဲ့ သတင်းပေါ့ဗျ"

"ဟာ .. သေချာရဲ့လား"

"သိပ်သေချာတာပေါ့ဗျာ .. ဒါပေမယ့် အဲဒီကောင်လေးက ထောက်လှမ်းရေးအဖွဲ့နဲ့ပေါင်းပြီး လှုပ်ရှားနေတယ်ဆိုတာ သိရတယ်လေ"

"ဟင် .. ဟုတ်လား"

"ဟုတ်ပါ့ .. ဒါကြောင့် ကျုပ်တို့ဘက်ကလည်း ပိပိရိရိ လှုပ်ရှားနေရတာပေါ့ဗျာ၊ ပြီးတော့ စဝ်ရန်နိုင်ဆိုတဲ့ အေးဂျင့်တစ်ယောက် ကျုပ်တို့နောက်ကို လိုက်နေတာဗျ"

"ဟင်"

သူတို့နှစ်ဦး အချီအချပြောဆိုနေစဉ် ဆယ်လူလာဖုန်းတလေးမြည်သံကို ကြားလိုက်ရ၏။ ဦးယုဝေသည် ကုတ်အင်္ကျီထဲမှဆယ်လူလာကိုထုတ်၍ စကားပြောလိုက်၏။

"ပြောပါ .. ကျုပ်ယုဝေပါ"

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com



× × × × × ×

"ဟင် . . သေချာရဲ့လား"

× × × × × ×

"ဒါဆို အဲဒီ အေးဂျင့်ကို ဘယ်မှာထိန်းသိမ်းထားမှာလဲ ဗျ"

× × × × × ×

"ဟာ . . ကိုသက်ခိုင်ဦးရေ . . ပိပိရိရိလုပ်မှနော်၊ ပြဿနာက မီးနိုးကြွက်လျှောက်လိုက်လာရင် မလွယ်ဘူး၊ အရေးကြီးတာ ဟိုငနာလေးကို အပိုင်ဖမ်းမိဖို့ပဲဗျ"

× × × × × ×

"ဗျာ . . ခင်ဗျားသမီး ဝေဝေထားရဲ့သူငယ်ချင်း ဟုတ်လား"

× × × × × ×

"ဟင် . . ဒါဆို အပိုင်ပဲပေါ့ဗျာ၊ ခင်ဗျားသမီးလေးကို အယောင်ပြပြီး ဖမ်းပစ်လိုက်ပေါ့"

× × × × × ×

× × × × × ×

"သေချာပါတယ်ဗျာ . . အဲဒီကောင်လေးမှာ ကျုပ်တို့ လိုချင်တဲ့ပစ္စည်း ရှိတာသေချာတယ်၊ ဒါထက် ကျီးအောင်တို့လူ သိုက်ကို သတိပေးလိုက်ဦး၊ စဝ်ရန်နိုင်ကို မိထားပြီဆိုရင် နောက်





ကအုပ်စုတွေ ပေါက်ကွဲလာနိုင်တယ်ဗျ"

× × × × × ×

"ကောင်းပါတယ်ဗျာ . . လုပ်လေ၊ ကျုပ်တို့ဘက်က တော့ အဆင်သင့်ပဲ၊ တ္တူရွှာသယ ဒီစက်ဆယ်လုံးသာရှိရင် ကျုပ်တို့ သုံးယောက် လူချမ်းသာတွေ ဖြစ်ပြီပေါ့ဗျာ"

× × × × × ×

"ဟာ . . အဲဒီကိစ္စတွေ မပူပါနဲ့ဗျာ စက်တွေအားလုံး ရေပြာအင်းမြို့ပြင်မှာ ထားတယ်"

× × × × × ×

"ဟုတ်တယ် . . အဲဒီမှာ ကျုပ်စက်ရုံ ရှိတယ်လေ"

× × × × × ×

"ကောင်းတယ် အဲဒီအေးဂျင့်ကို စက်ရုံအက်ခေါ်သွားလိုက်၊ အဲဒီမှာ သံဒိုင်တို့လူစု ရှိတယ်လေ၊ သေသေချာချာ ဖမ်းထားနော်၊ လွတ်သွားရင် မလွယ်ဘူး . . စဝ်ရန်နိုင်က မြွေဗျ . . မြွေမှ မြွေဟောက်ဗျ"

× × × × × ×

"အိုကေ"

ထွန်းအံ့မှာ ဦးယုဝေ၏စကားတွေကို နားထောင်ရင်း မျက်လုံးမျက်ဆန်ပြူးလာ၏။ ကြားရသည့်အချက်အလက်တွေ က သူသိချင်သည့်အချက်အလက်တွေ ဖြစ်နေသလို ပိုမိုထူးခြား



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ဦးသက်ဦးခိုင်ကိစ္စပင် ဖြစ်၏။

ဝေဝေထား၏ဖခင် ဦးသက်ဦးခိုင်မှာ ခုတော့ လွန်စွာ ကြောက်စရာကောင်းလှသော လူတစ်ဦးဖြစ်မှန်း ရိပ်မိလာ၏။ သူတို့လှုပ်ရှားမှုတွေက ယုံတောင်ယုံနိုင်စရာ မရှိပါခြေ။

ထိုအချိန်တွင် ဦးယုဝေနှင့် မစ္စတာဂျိန်းစ်တေလာတို့၏ အသံတွေ ထွက်ပေါ်လာပြန်၏။

"ကဲ . . ခင်ဗျား စက်ရုံကို လိုက်သွားပေတော့ မစ္စတာ ဂျိန်း . . ဟိုမှာကြည့်စီစဉ်လိုက်ပေတော့ နောက်မှ ကျုပ်တော် လိုက်လာမယ်"

"ကောင်းပြီလေ . . အရေးကြီးတာ ချာတိတ်လက်ထဲက ပစ္စည်းပဲ၊ အဲဒီပစ္စည်းသာရရင် ကျုပ်တို့ ပုံပွားတွေအမြန်လုပ်ပြီး စက်ထဲထည့်ရမှာဗျ၊ ဒါမှ ကျုပ်တို့ ဗွက္ကာသယတွေ လည်ပတ်နိုင်မှာပေါ့"

"စိတ်ချစမ်းပါ . . ကျုပ် တပည့် မြသက်ဖေက ဒီကိစ္စကို တာဝန်ယူထားပါတယ်"

"အော် . . ဟို နံပါတ်ဖိုးကျော်စ်နဲ့ ဝင်သွားတဲ့ မြသက်ဖေ လား"

"ဟုတ်တယ် . . ဒီကောင်ပြန်ထွက်လာပြီ၊ ဒီကောင်က အရမ်းစေ့စပ်တဲ့ကောင်၊ သတ္တိလည်းရှိတယ်၊ လက်လည်း ယဉ်တယ် . . ပြီးတော့ အသိုင်းအဝိုင်းလဲရှိတယ်၊ စိတ်လဲ





စိတ်ချရတယ် . . ခု သူကိုယ်တိုင် လှုပ်ရှားနေတာဗျ"

"ကောင်းတယ် . . ကောင်းတယ် . . ဒါဆို ကျုပ်သွား ဦးမယ်"

"အိုကေ"

တအောင့်အကြာတွင် စကားပြောသံများပျောက်သွားပြီး အခန်းအပြင်သို့ ထွက်သွားသည့်ခြေသံတွေကို ကြားလိုက်ရ၏။ ထိုအခါ ထွန်းအံ့သည် ပုန်းအောင်းနေရာမှ ထွက်လိုက်၏။

စားပွဲပေါ်တွင် ရှုပ်ထွေးပွရှုနေသော စက်အစိတ်အပိုင်းတွေကို တွေ့လိုက်ရ၏။

သဲလွန်စရလိုရငြား ဟိုဟိုဒီဒီ ရှာဖွေလိုက်သောအခါ မီးကျွမ်းနေသော စာအုပ်တစ်အုပ်ကို အံဆွဲထဲမှ တွေ့လိုက်ရ၏။

အဖုံးတစ်ခုလုံးကို ပလတ်စတစ်ကိုင်ထား၏။ အထဲကို လှန်လှောကြည့်လိုက်၏။

"ဟာ . . ဒါ ဖေဖေ့စာအုပ်ပါလား"

လက်ရေးလက်သားကိုကြည့်ရင်း ဖခင်ကြီး၏စာအုပ်မှန်း ထွန်းအံ့သိလိုက်ရ၏။ တစ်ရွက်ချင်းလှန်လှောကြည့်ရှုလိုက်ရာ စာမျက်နှာသုံးဆယ်အရောက်တွင် အခန်းတစ်ခန်းပျောက်ဆုံးနေသည်ကို တွေ့လိုက်ရ၏။

ပဟေဠိဆန်လွန်းသဖြင့် အပြန်ပြန်အလှန်လှန် ဖတ်ရှုလိုက်ရာ အဆုံးမတော့ ကွန်ပျူတာတည်ဆောက်ရေးတွင် အဓိ



www.burmeseclassic.com

www.burmeseclassic.com



ကအစိတ်အပိုင်းဖြစ်သော ဆော့ဖ်ဝဲတည်ဆောက်ပုံ အခန်းကဏ္ဍ ပျောက်ဆုံးနေခြင်းပင်ဖြစ်လေသည်။

ဘာကြောင့် ယင်းအခန်းကဏ္ဍ ပျောက်ဆုံးနေရသလဲ။

ဦးယုဝေ ဖြုတ်ထားတာလား။

သို့တည်းမဟုတ် ဖခင်ဖြစ်သူက ဖြုတ်ထားတာလား၊ စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေ၏။

နောက်ဆုံးတွင် စာအုပ်ကိုယူပြီး အခန်းထဲမှ အမြန်ထွက်ခဲ့ကာ လျှို့ဝှက်လှေကားမှနေ၍ အောက်သို့ပြန်ဆင်းခဲ့လေတော့၏။

******



အခန်း(၁၂)

ထွန်းအံ့သည် တည်းခိုခန်းရောက်သည်နှင့် ဆယ်လူလာဖုန်းကလေးဖြင့် ကွန်တက်လုပ်လိုက်၏။

"ဟဲလို . . ခုပြောနေတာ ဘယ်သူလဲ"

"မွေးကြီးပါ ဘယ်သူလဲ"

"အော် . . ကျွန်တော် ထွန်းအံ့ပါ အစ်ကိုမွေး"

"ဟော . . မင်း ဘယ်ရောက်နေလဲကွ၊ ငါဖြင့်စိတ်ပူလိုက်ရတာ"

"ရှိပါတယ် အစ်ကိုမွေး . . ဟု ဆရာစဝ်ရန်နိုင်ဖျော်က်



www.burmeseclassic.com

www.burmeseclassic.com



နေတယ် မဟုတ်လား"

"ဟင် . . မင်း ဘယ်လိုသိသလဲကွ"

"သိတယ် အစ်ကိုမွေး၊ ကျွန်တော် အဲဒီသတင်းကိုရထားပြီးပြီ၊ ဒါကြောင့် အစ်ကိုမွေးနဲ့ ကွန်တက်လုပ်တာပေါ့"

"ဟာ . . ဒါဆို ငါလာခဲ့မယ်၊ မင်းဘယ်မှာရှိလဲ ပြော"

"× × × × × × မှာပါ အစ်ကို"

"ကောင်းပြီ ဒါဆို ဆယ်မိနစ်အတွင်း မင်းဆီငါရောက်လာခဲ့မယ်"

× × × × × ×

"အေးပါကွာ"

ထွန်းအံ့သည် မွေးကြီးကိုအကြောင်းကြားပြီးသည်နှင့် ဟိုတယ်အောက်ထပ်သို့ အမြန်ဆင်းခဲ့၏။

သူ့အသွင်က ရုတ်တရက်ကြည့်လျှင် ကုန်သည်ကြီးတစ်ဦးနှယ်ပင်။ ကြီးမားသော လွယ်အိတ်ကြီးတစ်လုံးကိုလွယ်ကာ ခေါင်းတွင် သဘက်ကြီးကိုပတ်ထား၏။

ဟိုတယ်အပြင်ဘက်တွင် ရပ်စောင့်နေစဉ် ဆယ်မိနစ်ခန့်အကြာတွင် မွေးကြီးတစ်ယောက် ယာမဟာတစ်စီးနှင့် ရောက်ရှိလာ၏။

"တက်ဟေ့ . . မြန်မြန်"

"ဟုတ်ကဲ့"





"ဝေါ . . ဝေါ"

ထွန်းအံ့ ကယ်ရီယာခုံပေါ်ရောက်သည်နှင့် ဝေါခနဲ မောင်းထွက်သွားခဲ့လေသည်။ အချိန်က ညပိုင်းအချိန်အခါမို့ လမ်းမကြီးတစ်လျှောက်တွင် မီးရောင်တွေထိန်လင်းနေ၏။

ဆိုင်ကယ်လီဗာကို ခပ်ပြင်းပြင်းတင်ပြီး မောင်းနှင်ခဲ့ရာ စားသောက်ဆိုင်ကလေးတစ်ဆိုင်ရှေ့အရောက်တွင် ဝေါခနဲထိုးရပ်လိုက်ပြီး ဆိုင်ထဲသို့ဝင်ခဲ့ကြ၏။

သီးသန့်အခန်းကလေးထဲ နှစ်ဦးသားဝင်ထိုင်လိုက်ပြီး စားသောက်ဖွယ်ရာများ မှာလိုက်ကြ၏။

"ကဲ . . ပြောပါဦး မင်းဘာတွေ ကြားခဲ့သလဲ"

"ဒီလို အစ်ကိုမွေးရဲ့"

ထွန်းအံ့သည် သူကြုံခဲ့ကြားခဲ့သည့်ကိစ္စတွေကို အသေးစိတ်ရှင်းပြလိုက်၏။ မွေးကြီးမှာ ထွန်းအံ့စကားကို နားထောင်ရင်းအံတကြိတ်ကြိတ်ဖြစ်နေ၏။

"တောက် . . တော်တော် မိုက်ရိုင်းတဲ့ကောင်တွေပါလား"

"ဟုတ်တယ် အစ်ကိုမွေး အရေးကြီးတာ ဆရာစဝ်ရန်နိုင်ကို ကျွန်တော်တို့အမြန်ဆုံးကယ်နိုင်ဖို့လိုတယ်"

"အေး . . နေဦးကွ . . ငါ လူတစ်ယောက်ကို ခေါ်လိုက်ဦးမယ်၊ သူရောက်လာတာနဲ့ ငါတို့ရှေ့ပြောအင်းဘက်ကို သွားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"သွားလေ အစ်ကို"

"နေဦး"

မွေးကြီးသည် သူဝတ်ဆင်လာသည့် လည်သာဂျာကင်ထဲမှ ဆယ်လူလာကိုထုတ်၍ ငိုင်းနွတ်ကိုအမြန်ဆုံးခေါ်ယူလိုက်၏။ ပြီးသည်နှင့် စားပွဲပေါ်မှ ကိုကာကိုလာတစ်ဗူးကို ဖောက်သောက်လိုက်၏။

"လာမယ်တဲ့လား"

"အေး . . ခုချက်ချင်းရောက်လာလိမ့်မယ်၊ အရေးကြီးဘာ ငါတို့လူကို အမြန်ဆုံးဆွဲတုတ်နိုင်ဖို့ပဲ လိုတယ်ကွ"

"ဟုတ်တယ် အစ်ကို"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် စိုင်းနွတ်တစ်ယောက် ဆိုင်ကယ်တစ်စီးနှင့် ဆိုင်ရှေ့ကိုရောက်လာ၏။

"ဟော . . လာပြီဟေ့"

"ဟင် . . ဟုတ်လား"

စိုင်းနွတ်သည် သူတို့ရှိနေသည့် အခန်းထဲသို့ဝင်လာ၏။ ခုံတွင် ဝင်ထိုင်လိုက်သည်နှင့် မွေးကြီးက အတိုချုံးပြောပြလိုက်၏။

"ဒါဆို သွားကြမယ်လေ"

"အေး . . သွားမယ် . . ကဲ . . သွားရအောင် ကိုထွန်းအုံ"



"ဟုတ်ကဲ့"

သူတို့သုံးဦး ထိုင်ရာမှထလိုက်ကြပြီး ဆိုင်ပြင်သို့ထွက်ခဲ့ကြ၏။ အပြင်ရောက်သည်နှင့် ယမဟာပေါ်တက်လိုက်ကြပြီး ရေပြာအင်းဘက်သို့ ထွက်ခဲ့ကြလေတော့သည်။

လီဗာကို မိုင်ကုန်တင်ထားသဖြင့် ယမဟာကြီးတွေမှာ သိမ်းငှက်ကြီးတွေအလား တဝေါဝေါနှင့် ပြေးလွှားနေ၏။

ထွန်းအုံသည် မွေးကြီးနောက်မှ ထိုင်လိုက်လာရသဖြင့် အသည်းတအေးအေးဖြစ်နေ၏။ မွေးကြီးမောင်းပုံက လေပေါ်တို ဆန်တက်တော့မည့်ပုံပင်။

လေဟုန်ခွင်းကာ တဝေါဝေါနှင့်ပြေးနေပုံမှာ ရင်ထိတ်စရာပင်။ လမ်းဘေးရှိအရာဝတ္ထုမှန်သမျှကိုပင် သဲသဲကွဲကွဲ မမြင်ရတော့။

အချိန်အခါမှ ညကြီးပိုင်းအချိန်အခါမို့ အမှောင်ထုက အဝေးပြေးလမ်းမကြီးတစ်လျှောက် သိပ်သည်းစွာဖုံးလွှမ်းနေ၏။

တရိပ်ရိပ်ရွက်ကုန်ပြေးလွှားနေသော ယမဟာကြီးနှစ်စီးမှာ မကြာခင် ရေပြာအင်းမြို့အဝင်သို့ ရောက်ရှိလာ၏။

"စခန်းရှေ့မှာ ရပ်လိုက်မယ်"

"ဘာလုပ်ဖို့လဲ"

"ဝင်စုံစမ်းလိုက်ဦးမယ်လေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မွေးကြီးသည် ပြောပြောဆိုဆိုနှင့် ရေပြာအင်းမြို့အဝင် စခန်းရှေ့တွင် ဝေါခနဲထိုးရပ်လိုက်ပြီး ဆိုင်ကယ်ပေါ်မှ ဆင်းခဲ့၏။ သူ့နောက်မှ ထွန်းအုံနှင့် စိုင်းနွတ်လိုက်လာကြ၏။

စခန်းထဲဝင်တော့ တာဝန်ခံစိုးနိုင်တစ်ယောက် စားပွဲပေါ်တွင် အမှုတွဲစာအုပ်ကြား အလုပ်ရှုပ်နေ၏။

"ကိုစိုးနိုင်"

"ဟင် . . ဟာ . . ဆရာမွေးကြီးပါလား"

"ဟုတ်တယ်"

"ကိစ္စအရေးကြီးလို့လား"

"ဟုတ်တယ်ကွ"

"ဒါဆို ထိုင်ပါဦး"

သူတို့သုံးဦး စိုးနိုင်စားပွဲရှေ့တွင် ဝင်၍ထိုင်လိုက်ကြ၏။ မွေးကြီးသည် စိုးနိုင်ကိုတစ်ချက်လှမ်းကြည့်ရင်း ထွန်းအုံကို ခေါင်းဆတ်ပြလိုက်၏။

ထိုအခါ ထွန်းအုံက ကုမ္ပဏီနာမည်ကို ပြောပြလိုက်၏။

"ဟာ . . အဲဒီ မိုးစကြာကုမ္ပဏီ အဆောက်အအုံက ဆောက်ထားတာ မကြာသေးဘူးဗျ၊ လူလည်း မရှိသေးဘူး"

"ဟာ . . ဒါဆိုသေချာပြီ၊ အဲဒီမှာ ဌာနချုပ်ဖွင့်ထားတာဖြစ်ရမယ်၊ ကဲ . . ပြောနေတာကြာတယ်၊ ကျုပ်တို့ အဲဒီကို သွားရအောင်"





"အင်အားလိုသေးလားဗျ"

"လိုလိုမယ်မယ်တော့ စီစဉ်လိုက်လေ"

"ကောင်းပြီ ဆရာမွေး"

စိုးနိုင်သည် သူ့လူများကိုခေါ်ကာ အသေးစိတ်စီစဉ်လိုက်၏။ ပြီးသည်နှင့် သူတို့လူစု ရေပြာအင်းအနောက်မြောက် မြို့ပြင်သို့ ထွက်ခဲ့ကြ၏။ စိုးနိုင်၏စိတ်ထဲတွင် အံ့ဩမိတာအမှန်ပင်။ မိုးစကြာကုမ္ပဏီ အဆောက်အအုံကြီးက ဆောက်လုပ်နေတာ မကြာသေးချေ။ ခုထိ အမိုးပင် မမိုးရသေး။

ပြီးတော့ အဆောက်အအုံစောင့်တစ်ဦး နှစ်ဦးသာ မြင်ဖူးပြီး လူသူနေထိုင်သည်ကို မကြားမိ။ ယခုတော့ ဒုစရိုက်စခန်းချုပ်ဆိုပါလား။ မကြာမီ မြို့အနောက်ဘက်သို့ ရောက်ရှိခဲ့ကြ၏။

"ဟို အဆောက်အအုံကြီးပဲ ဆရာမွေး"

"ဟုတ်လား . . ဒါဆို ကျုပ်တို့ ဆိုင်ကယ်တွေ ခပ်ခွာခွာမှာရပ်ပြီး ခင်ဗျားက ခင်ဗျားအဖွဲ့ကိုစောင့်ပြီး အဲဒီအဆောက်အအုံတစ်ဝိုက်မှာ ဖြန့်ထား"

"ဟုတ်ကဲ့ ဆရာမွေး"

"ဒါဆို ကျုပ်တို့သုံးယောက် သွားမယ်"

"ဟုတ်ကဲ့"

"ကဲ . . သွားကြမယ်ဟေ့"

ပြောပြောဆိုဆိုနှင့် မွေးကြီးတို့သုံးဦး ခြံထဲဝင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံက ငါးဧကခန့်ရှိပြီး အပင်ကြီးအပင်ငယ်များ ပေါက်ရောက်နေ၏။ ဆောက်လက်စ ခြောက်ထပ်အဆောက်အအုံကြီးကို သစ်ပင်တွေကြား ထိုးထိုးထောင်ထောင်မြင်လိုက်ရ၏။

"သတိထားမှပေါ့"

"စိတ်ချပါဗျာ"

"ကဲ . . ဟိုဘက်တောအုပ်အောက်က ဝင်ကြမယ်"

မွှေးကြီးတို့သုံးဦး သစ်ပင်ရိပ်ကိုအားပြုပြီး ခြံထဲကိုဝင်ခဲ့ကြ၏။ ခုထိတော့ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့သေး။

အမှောင်ထုကလည်း ပိန်းပိတ်နေဆဲ။ ခြေသံလုံအောင် လျှောက်ရင်း အဆောက်အအုံကြီးအနားသို့ ရောက်ရှိလာ၏။

"ဟာ . . ဟိုမှာ မီးရောင်မြင်ရတယ်ဗျ"

"သတိထား စိုင်းနွတ်၊ ဒီကောင်တွေ ရှိနိုင်တယ်ကွ"

"စိတ်ချပါဗျာ"

သူတို့သုံးဦး ကြီးမားသောသစ်ပင်ကြီးတစ်ပင်ကို ကွယ်ကာ အဆောက်အအုံဘက်ကို လှမ်းကြည့်လိုက်၏။

မြေညီထပ်တွင် မီးပုံကြီးတစ်ပုံရှိနေတာ မြင်လိုက်ရပြီး မီးပုံဘေးတွင် လူနှစ်ဦးထိုင်နေတာ တွေ့လိုက်ရ၏။

"လူရှိတယ်ပေါ့"

"ဝင်မယ်ဗျာ"

"ဒါဆို မင်း ဟိုဘက်ကဝင်၊ ငါတို့ဒီဘက် လှုပ်ရှားမယ်"





"အိုကေ"

မွှေးကြီးသည် စိုင်းနွတ်ကို လမ်းခွဲထုတ်လိုက်ပြီး ထွန်းအုံ့ကို ခေါ်ကာ အဆောက်အအုံမြောက်ဖက်မှ ဝင်ခဲ့၏။ ထိုအချိန်တွင် မီးပုံဘေးမှ လူနှစ်ဦးသည် အရက်ပုလင်းတစ်လုံးနှင့် ဖိမ်ကျနေ၏။ သူတို့နှစ်ဦးအဆောက်အအုံနား ရောက်ရှိသွားစဉ် ငနဲသားတစ်ဦးက အပြင်သို့ထွက်လာ၏။

"ဟော . . လာနေပြီ"

"သတိထားနော်"

"ဟုတ်ကဲ့"

ငနဲသားသည် သူတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာတွင်ရှိသောချုံရှေ့ရပ်ခါ အပေါ့သွားနေ၏။ မွှေးကြီး ပုန်းနေရာမှ လျှင်မြန်စွာ ထွက်လိုက်ပြီး ငနဲသားအနီးသို့ ခပ်သွက်သွက်ပြေးထွက်သွား၏။ အနားရောက်သည်နှင့် လက်ထဲက သေနတ်နှင့်နောက်စေ့ကို ဖမ်းချိန်လိုက်ပြီး လေသံအုပ်အုပ်နှင့် ပြောလိုက်၏။

"အသံမထွက်နဲ့နော်"

"ဟင်"

"ငါပြောတာ ကြားလား"

"ဟုတ် . . ဟုတ်ကဲ့"

"ဒါဆို လာစမ်း"

× × × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . လာစမ်း"

ငနဲသားမှာ ကြောင်စီစီဖြစ်နေ၏။ ထိုစဉ် မွေးကြီးက ငနဲသား၏လည်ကုတ်ကိုဆွဲကာ ပုန်းအောင်းနေသည့်နေရာသို့ ခေါ်လာ၏။ ထိုအချိန်တွင် စိုင်းနွတ်တစ်ယောက် အဆောက်အအုံထဲ လျင်မြန်စွာဝင်သွားကာ မီးပုံဘေးမှလူကို လက်ဝါးစောင်းနှင့် ရိုက်ချလိုက်လေ၏။

"ဝှစ် . . ဒုတ်"

"အူး"

ခွေကျသွားသည့် ငနဲသားကို ခြေထောက်နှစ်ချောင်းမှဆွဲကာ အပြင်သို့ မထုတ်လိုက်၏။

"ဘယ်လိုလဲ စိုင်းနွတ်"

"အိုကေပဲဗျ . . ဟိုတစ်ယောက်ကော"

"မိထားပြီကွ . . မေးကြည့်တော့ တတိယထပ်မှာရှိတယ်တဲ့"

"ဟုတ်လား"

"ဒါဆို သွားကြရအောင်"

"သတိထားနော်"

"စိတ်ချပါ"

သူတို့သုံးဦး အဆောက်အအုံထဲကို လျင်မြန်စွာပြေးဝင်ခဲ့ကြ၏။ အဆောက်အအုံက ခြောက်ထပ်လုံးပြီးနေသော်လည်း





အမိုးမမိုးရသေး။ အကြမ်းထည်သဘောသာ ရှိသေး၏။

"စိုင်းနွတ်"

"ဘာလဲဗျ"

"မင်းက ငါးထပ်ပေါ်ကိုတက် ငါတို့က တတိယထပ်ကိုဝင်မယ်"

"စိတ်ချ"

ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး လှေကားအတိုင်းအမြန်ပြေးလွှားတက်ခဲ့ကြ၏။ မွေးကြီးတို့နှစ်ဦး တတိယထပ်အရောက်တွင် လှေကားနောက်ဖက်လမ်းကို ဝင်လိုက်၏။ စိုင်းနွတ်မှာ သူတို့နှစ်ဦးကို လက်ဟန်ခြေဟန်ပြပြီး အပေါ်ထပ်သို့အပြေးတက်သွားလေ၏။

မွေးကြီးတို့နှစ်ဦးမှာ လှေကားအိမ်နှင့် ကာရံထားသောအခန်းနံရံကြားရှိ ကြားလမ်းကလေးထဲ ဝင်ခဲ့ကြ၏။ အလင်းရောင်ကင်းမဲ့နေသည်မို့ မွေးကြီးသည် လက်က ရာဒီနာရီမီးကို ဖွင့်လိုက်၏။

"သတိထားနော်"

"ဟုတ်ကဲ့"

နှစ်ဦးသား အခန်းတွေကိုဖြတ်ကျော်လာခဲ့၏၊ ထွမခမြာက်အခန်းတံခါးပွင့်လာကာ လူတစ်ဦးထွက်လာ၏၊ လက်ထဲတွင် ပြောင်းရှည်သေနတ်တစ်လက်နှင့် လက်နှိပ်ဓာတ်မီးတိုင်



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ မွှေးကြီးသည် မြေပြင်ပေါ်တွင် စမ်းမိသော ခဲလုံးကို ယူကာ ကော်ရီတာအဆုံးဘက်သို့ ပစ်ပေါက်လိုက်၏။

"ထောက်"

"ဘယ်သူလဲကွ"

"ဖတ်"

ပြောင်းရှည်နှင့်လူသည် လက်ထဲက လက်နှိပ်ဓာတ်မီးကို မီးဖွင့်ပြီး အသံလာရာကိုထိုးကြည့်လိုက်၏။ ထိုအခါ မွှေးကြီးက နောက်ထပ်ခဲလုံးတစ်လုံး ထပ်ပေါက်လိုက်၏။

"ထောက်"

"ဟင် . . ဘာသံလဲ . . ဒုက္ခပါပဲ"

ငနဲသားသည် ရှေ့သို့စမ်းတဝါးဝါး လျှောက်နေ၏။ ထိုအချိန်တွင် မွှေးကြီးသည် ခါးကြားမှ သေနတ်ကိုထုတ်ခါ ငနဲသားပေါ်ခုန်အုပ်ပြီး လက်ထဲကသေနတ်နှင့် လျှင်မြန်စွာရိုက်ချလိုက်၏။

"ဂွစ် . . ထောက်"

"ဖောင်း"

"အူး"

"ဘာဖြစ်တာလဲ သာစိန်"

"ဟင်"

အခန်းထဲမှ အသံပေါ်လာသဖြင့် မွှေးကြီးသည် လဲကျနေသောလူကို ကော်ရီဒါအရှေ့ဘက်ဆွဲသွင်းလိုက်ပြီး တံခါးပေါက်တွင် အသင့်ရပ်လိုက်၏။





"သာစိန် . . ဟေ့ကောင် သာစိန်"

"ဒုက္ခပါပဲ ဒီကောင် ဘယ်သွားနေပါလိမ့်"

× × × × × ×

"ဂွစ် . . ဖောက်"

"ဒုတ် . . အား"

အခန်းဝမှထွက်လာသောလူကို မွှေးကြီးက နောက်မှနေ၍ ပါးစပ်ပိတ်ခါ သေနတ်ဒင်နှင့် နားထင်စောင်းကို ရိုက်ချလိုက်၏။ ရိုက်ချက်က ကွက်တိ၊ ငနဲသားခမျာ စကားတောင် မေးမရပဲ ပျော့ခွေသွား၏။ ထိုအခါ လမ်းတစ်လျှောက်ဆွဲ၍ ကော်ရီဒါဘက်သွင်းထားလိုက်၏။

ပြီးသည်နှင့် အခန်းထဲသို့ လျှင်မြန်စွာဝင်ခဲ့၏။ အထဲတွင် အခန်းလေးခန်းဖွဲ့စည်းထားပြီး ဧည့်ခန်းကြီးမှာ ကျယ်ဝန်းလှ၏။ အပြာရောင်မီးလုံးလေးကို ထွန်းညှိထားပြီး မီးရောင်အောက်တွင် လူနှစ်ဦးထိုင်ပြီး ကျားထိုးနေတာ တွေ့လိုက်ရ၏။

မွှေးကြီးသည် ကြမ်းပြင်ပေါ်မှ ခဲလုံးတစ်လုံးကို ကောက်လိုက်ပြီး မီးလုံးကိုမှန်း၍ ပစ်ထည့်လိုက်၏။

"ဂွစ် . . ဖောင်း"

"ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မီးလုံးပေါက်သွားပြီ"
"ဘာဖြစ်တာလဲကွ"
"ဘယ်ပြောတတ်မှာလဲ"
"လက်နှိပ်ဓာတ်မီးရော"
"သာစိန်ဆီမှာကွ"
"ဒုက္ခပါပဲကွာ"

နှစ်ဦးသား ကုန်းကုန်းကွကွ ထလာသည်ကို မွေးကြီး မြင်လိုက်ရ၏။ ထိုအခါ အခန်းနံရံရှိ သစ်ပုံဘေားတွင် ကပ်လိုက်ပြီး နှစ်တစ်လက်မတုတ်တစ်ချောင်းကို အသာကလေးဆွဲထုတ်လိုက်၏။

"သာစိန်"
"ဟေ့ကောင် . . သာစိန်"
"ဘယ်များ သွားနေပါလိမ့်"
"ဟုတ်ပကွာ . . တော်ကြာ ဆရာကျီးလာရင် ဒုက္ခပဲ"
"ရှာစမ်းကွာ"

သူ့ဘက်ကို လျှောက်လာသော လူတစ်ယောက်၊ အရပ်က ငါးပေကျော်ကျော်၊ တုတ်တုတ်ခိုင်ခိုင် လက်ထဲတွင် သေနတ်တစ်လက်ကိုင်ထားပုံရ၏။

မွေးကြီးသည် လက်ထဲက တုတ်ကိုဆကိုင်ရင်း အနားရောက်လာသည်နှင့် မျက်နှာကို ပစ်ရိုက်ထည့်လိုက်၏။





"ဝှစ်"
"ဖြောင်း"
"အောင်မယ်လေးဗျ"
"ဘာဖြစ်တာလဲ ဘာဘူ"
"ဒုတ် . . ခလုတ်"
"ဟာ"
"ဝှစ် . . ထောက်"
"ဟင်"
"မလှုပ်နဲ့နော်"
"ဟာ"

ရုတ်တရက်ပြေးဝင်လာသောလူမှာ လဲကျသွားသောလူကို ခလုတ်တိုက်၍ ဟပ်ထိုးလဲသွား၏။ ထိုအချိန်တွင် မွေးကြီးသည် လွှားခနဲ သူ့ကိုခုန်တက်ခါ လက်ထဲက သေနတ်နှင့်နောက်စေ့တည့်တည့်ကို ချိန်ရွယ်ထားလိုက်၏။

"မင်း . . မင်းဘယ်သူလဲ"
"ပါးစပ်ပိတ်ထားစမ်းကွာ"
"အူး . . အီး"
"ငါမေးတာဖြေ . . မဖြေရင် အသေပဲ"
"အူး . . အီး . . အီး"

ငနဲသားမှာ ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ မွေးကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့အနားကပ်ပြီး လေသံတိုးတိုးနှင့် မေးလိုက်၏။

"စဝ်ရန်နိုင် ဘယ်မှာလဲ"

× × × × × ×

"ဖြေလေကွာ"

× × × × × ×

"ကဲကွာ"

"ဝှစ် . . ထောက်"

"အား . . ဖြေ . . ဖြေပါ့မယ်"

"ကဲ . . ဒါဆို ပြောစမ်း"

"ဟုတ် . . ဟုတ်ကဲ့"

လက်ထဲက သေနတ်ဒင်နှင့် ခပ်ဆတ်ဆတ်လေးထုချလိုက်မှ ငနဲသားဆီက စကားသံထွက်လာ၏။

"ဟို . . ဟို . . ရေချိုးခန်းအပေါ်ဘက် လျှို့ဝှက်ခန်းထဲမှာ ချုပ်ထားတယ်"

"အော် .. ဒါဆို ထစမ်း"

ငနဲသားခမျာ တုန်တုန်ရီရီနှင့် ထလာ၏။

"ရှေ့က သွားစမ်း"

"ဟုတ် . . ဟုတ်ကဲ့"

နှစ်ဦးသား နောက်ဖက်ရေချိုးခန်းထဲ ဝင်ခဲ့ကြ၏။

"ဟို . . လှေကားကတက်ရင် . . ."





"အော် . . အဲဒီအပေါ်မှာလား"

"ဟုတ် . . ဟုတ်ကဲ့"

"ကဲ . . ဒါဆို မင်း ဒီမှာစောင့်နေ"

"ဗျာ"

"ဝှစ် . . ဖြောင်း"

"အား"

လက်ပြန်ရိုက်ချက် ချလိုက်သဖြင့် ရိုက်ချက်က ငနဲသား၏လည်စောင်းတည့်တည့်ကို မိသွား၏။ ကွက်တိရိုက်ချက်မို့ ခွေခနဲလဲကျကာ သတိမေ့မျောသွားလေ၏။ မွေးကြီးသည် လှေကားအတိုင်း တစ်ထစ်ခြင်းတက်ခဲ့၏။

"ဝေါ . . ဝေါ"

"ဟင် . . ရေသံတွေပါလား"

သူအပေါ်ရောက်တော့ ရေသံလာရာကို ကြည့်လိုက်၏။

"ဟာ . . စဝ်"

"အူး . . အူး"

စဝ်ရန်နိုင်တစ်ယောက် ရေလှောင်ကန်ကြီးထဲတွင် နှစ်ချည်ပေါ်ချည်ဖြစ်နေ၏။ ပါးစပ်တွင် အဝတ်စနှင့် ချည်နှောင်ထားသလို လက်အစုံကိုလည်း ကြိုးတွေနှင့် ချည်နှောင်ထား၏။

မွေးကြီးသည် ရေလှောင်ကန်စပ်တွင် ရပ်လိုက်ပြီး စဝ်ရန်နိုင်ကို ဆွဲတင်ကာ ကြိုးများ ဖြုတ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပူး . . အား"

"ကျွတ် . . ကျွတ်"

"ဘယ်လိုဖြစ်တာလဲ စဝ်"

"ဟာ . . ဒီကောင်တွေ ကျွန်တော့်ကို မေ့ဆေးနဲ့ဖမ်းပြီး ဒီထဲမှာချုပ်ထားတာဗျ၊ ခင်ဗျားရောက်လာတာ တော်သေးတာပေါ့ဗျာ . . မဟုတ်ရင် ရေနစ်သေတော့မှာဗျ"

"တော်သေးတာပေါ့ စဝ်ရာ"

"ကဲ . . လာဗျာ . . အောက်ကိုဆင်းကြစို့"

"အေးအေး"

နှစ်ဦးသားရှေ့က ဆင်းခဲ့ကြစဉ် အခန်းထဲသို့ ထွန်းအံ့ အပြေးဝင်လာ၏။

"ဘယ်သူလဲ"

"ထွန်းအံ့ပါ"

"အော်"

စဝ်ရန်နိုင်သည် ရုတ်တရက်ဝင်လာသော လူရိပ်ကို တိုက်ခိုက်ဟန်ပြင်လိုက်ပြီးမှ ထွန်းအံ့အမည်ကြားလိုက်ရ၍ လက်ရုတ်လိုက်ရ၏။

"ဟာ . . ဆရာစဝ်"

"အေး . . မင်းရော အခြေအနေကောင်းရဲ့လား"

"ကောင်းပါတယ် ဆရာ၊ ဒါထက် ဟောဒီနေရာတစ်





ဝိုက်မှာ သူတို့ပစ္စည်းတွေ ရှိနိုင်တယ်"

"ဘာတွေလဲကွ"

"ဟို . . ရှေးဟောင်းသုတေသနစက်တွေလဲ . . ."

"ဘာ . . ဘယ်က ရှေးဟောင်းသုတေသနစက်တွေလဲ"

"ဒီလို . . စဝ်ရဲ့"

မွေးကြီးက စဝ်ရန်နိုင်နားလည်အောင် ရှင်းပြလိုက်၏။

"အော် . . သိပြီ . . ဟုတ်တယ် ဒီစက်တွေရှိနိုင်တယ်၊ ဒါထက် စိုင်းနွတ်ရော"

"အပေါ်ထက်တက်သွားတာပဲ"

"ဟင် . . ဟုတ်လား . . ဒါဆို အပေါ်လိုက်ရအောင်"

"ငါးထပ်မြောက်မှာကွ"

"ဟုတ်လား . . ဒါဆို ခင်ဗျားတို့နောက်ပေါက်ကဝင် ကျွန်တော် ရှေ့ကဝင်မယ်"

"အေး . . သတိထားနော်"

"စိတ်ချပါဗျာ"

စဝ်ရန်နိုင်သည် အခန်းအပြင်ရောက်သည်နှင့် ကော်ရီဒါလမ်းအတိုင်း အပြေးထွက်ခဲ့လေ၏။ မွေးကြီးနှင့် ထွန်းအံ့တို့ နှစ်ဦးမှာ အခန်းနောက်ဘက်လမ်းမှ ဖောက်ဝင်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အမှောင်ထုက အဆောက်အအုံတစ်ခုလုံးကို စိုးမိုးနေ၏။ စဝ်ရန်နိုင်သည် ပဋ္ဌမထပ်ရောက်သည်နှင့် ခြေသံလုံလုံနှင့် ကော်ရီတာလမ်းအတိုင်း လျှောက်လာ၏။

တတိယထပ်ခန်းမအရောက်တွင် နောက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်၏။

"မလှုပ်နဲ့နော် လှုပ်ရင်အပစ်ပဲ"

"ဟာ"

"ဟဲ . . ဟဲ စုံထောက်ကြီးလာမယ်ဆိုတာသိလို့ ကျွန်

မိုးဆဝ်းပန်းတပေ



တော်တို့ စောင့်ကြိုနေတာဗျ"

"ဟင် . . မင်း . . မင်းတို့"

"စိတ်မပူပါနဲ့ . . စုံထောက်ကြီးရဲ့သူငယ်ချင်းကို ကျွန်တော်တို့ ကောင်းကောင်းညှော်ခံထားပါတယ်"

"ဘာ"

"ကဲ . . ဝင်ဗျာ . . ဒေါသမကြီးစမ်းပါနဲ့"

စဝ်ရန်နိုင်မှာ စိုင်းနွတ်၏အခြေအနေ ဘာမှန်းမသိသေးသဖြင့် လမ်းလျှောက်လိုက်ခဲ့၏။ သူတို့ညွှန်ပြသည့် အခန်းထဲသို့ ဝင်ခဲ့၏။

"ဟင် . . စိုင်းနွတ်"

"ဟား . . ဟား . . ဟား . . မြင်တဲ့အတိုင်းပဲ စုံထောက်ကြီးရေ . . ကျွန်တော်တို့ ညှော်ခံကြိုဆိုရေးက ညှော်ဝတ်ကျေပါတယ်နော်"

"ခင် . . ခင်ဗျားတို့ ရိုင်းစိုင်းလှချည်လား"

"အော် . . ရုပ်ရှင်ရိုက်နေတာမှ မဟုတ်တာ စုံထောက်ကြီးရယ်"

"တော်စမ်းဗျာ"

အရပ်ရှည်ရှည် ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင်နှင့်လူတသူ့ကို ရိသဲ့သဲ့စကားနှင့် ကြိုဆိုလိုက်၏။ စဝ်ရန်နိုင်မှာ သူ့ကို ဂရုမစိုက်၊ စိုင်းနွတ်၏အဖြစ်အပျက်ကိုကြည့်ပြီး စိတ်မကောင်း

မိုးဆဝ်းပန်းတပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။ မြင်ကွင်းက ရက်စက်လွန်းပါဘိ။ လှည်းဘီးကြီးတစ်ခုပေါ်တွင် စိုင်းနွတ်ကို ပက်လက်လှန်ချုပ်ထားပြီး ရေတွေလည်း တစ်ကိုယ်လုံး ရွှဲရွှဲစိုနေ၏။

ထိုအရှိန်ကြောင့်လည်း စိုင်းနွတ်မှာ ခေါင်းငိုက်စက်ကျနေ၏။ စဝ်ရန်နိုင်ဘာလုပ်လို့ လုပ်ရမှန်းမသိ၊ ထိုစဉ် အရုပ်ရှည်မျှည်နှင့် ပုဂ္ဂိုလ်က သူ့အနားသို့ ပြုံးစေ့စေ့မျက်နှာထားနှင့် ရောက်လာ၏။

"ဘယ်လိုလဲ စုံထောက်ကြီး ကျုပ်တို့ လုပ်ရစ်ကိုကြည့်ပြီး သွားရည်ကျနေသလား"

"ဘာ . . မင်း . . မင်းတို့ လူမဆန်ဘူးကွ"

"ဟုတ်လား . . ဟား . . ဟား . . ဟား . . ဟိတ် သူ့ကို ဖမ်းချုပ်လိုက်စမ်း"

"ဟင် . . ဘာ . . ဘာလုပ်တာလဲ"

"ခင်ဗျားကို လှည်းဘီးအရသာ ကျွေးမလို့ပေါ့ဗျာ"

"ဘာ . . ဖယ် . . ဖယ်စမ်း"

"ငြိမ်ငြိမ်နေနော် . . လှုပ်ရှားရင် ဗိုက်ထဲကို ကျည်ဆံဝင်သွားမယ်"





စဝ်ရန်နိုင်သည် ပထမတွင် ရုန်းကန်နေသေးသော်လည်း တစ်ဖက်အုပ်စုက မထင်လျှင်မထင်သလို လုပ်မည့်ပုံပေါ်သဖြင့် အခွင့်ကောင်းရရှိဖို့ သည်းညည်းခံစောင့်ဆိုင်းလိုက်၏။

ထိုအချိန်တွင် လူနှစ်ဦးသည် လှည်းဘီးစင်ကြီးတစ်စင်ကို တွန်းလာကာ စဝ်ရန်နိုင်ကိုပါ စင်ပေါ်တွင် ပက်လက်အနေအထားနှင့် ချည်နှောင်နေကြ၏။

"ခင်ဗျားဟာ တော်သော်ခြေလှမ်းကျဲတဲ့ စုံထောက်ကြီးပဲ . . ရန်ကုန်ကနေ ဒီကိုလာတာကိုက လွန်လှပြီဗျ၊ ဒါပေမယ့် ခင်ဗျား ဘာတွေလုပ်နေတာဆိုတာ ကျုပ်တို့ သိပါတယ်ဗျာ . . ဒီမှာ စဝ်ရန်နိုင်"

"ဘာလဲကွ"

"ကျုပ်တို့ ဣန္ဒြာသယလမ်းစဉ်မှာ အနှောင့်အယှက်ဝင်လုပ်လာရင် ရှင်းပစ်မှာပဲဆိုတာ မြဲမြဲမှတ်ထား"

"ဘာ . . ဘာလမ်းစဉ် မင်းတို့လမ်းစဉ်ဟာ ဒုစရိုက်လမ်းစဉ်ပဲ"

"တိတ်စမ်းဗျာ . . ဟဲ . . ဟဲ . . မကြာခင် ခင်ဗျားတို့ကို ရှင်းပြီးတာနဲ့ ကျုပ်တို့လည်း မီလျံနာ၊ ဘီလျံနာကြီးတွေဖြစ်တော့မှာဗျာ . . ထွန်းအံ့ဆိုတဲ့ကောင်လေး ကျုပ်တို့လက်ထဲ မကြာခင် ရောက်လာရစေမယ်"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . ဟဲ . . အရသာမြည်းကြည့်ဦးပေါ့ဗျာ"

"ထောက်"

"ဗိုး . . ဗိုး . . ဝေါဝေါ"

"ဟာ"

လှည်းဘီးကြီးက ချာလည်ပတ်လည်ရမ်းလာသဖြင့် သူပါ ဇောက်ထိုးမိုးမျှော်ဖြစ်လာ၏။ အာရုံတွေလည်း ဇဝေဇဝါ မှုန်ဝါးမှုန်ဝါးဖြစ်ကုန်၏။

ထိုအချိန်တွင် အခန်းထောင့်တွင် ဖွင့်ထားသော တီဗီ စကားရင်ကြီးဆီမှ ပေါက်ကွဲသံကြီးကို ရုတ်တရက်ကြားလိုက်ရ၏။

"ဖောင်း . . ဝုန်း"

"ဝေါ . . ဝေါ"

"ဟာ . . ဘယ်လိုဖြစ်တာလဲကွ"

"တီဗီကြီး ကွဲသွားတာဗျ"

"ဘယ်သူလုပ်တာလဲ"

"မပြောတတ်ဘူး"

"တောက် . . ရှာစမ်းကွာ"

လူဆိုးငါးဦးမှာ ပေါက်ကွဲသွားသော တီဗီဂရမ်ကြီးကို ကြည့်ပြီး အံ့ဩသွားနေကြ၏။ ထိုအချိန်တွင် မျက်နှာကြက်တွင် တပ်ဆင်ထားသော မီးဆိုင်းကြီးမှာ ဝေါခနဲပြုတ်ကျလာပြန်၏။

"ဝေါ . . ဝေါ"





"ဟာ . . ဘာသံလဲ"

"ဝေါ . . ဝုန်း . . ဖြောင်း"

"အောင်မယ်လေးဗျ"

ရုတ်တရက်မို့ အားလုံးဖရိုဖရဲဖြစ်သွား၏။ ထိုစဉ် အမှောင်ထဲ လူနှစ်ယောက်အပြေးထွက်လာ၏။ သူတို့ကတော့ ထွန်းအံ့နှင့် မွေးကြီးတို့ပင်ဖြစ်၏။

ထွန်းအံ့သည် လက်ထဲက ဓားမြှောင်ကလေးနှင့် လှည်း ဘီးပေါ်က ကြိုးတွေကိုလျင်မြန်စွာ ဖြတ်ချလိုက်၏။ မွေးကြီး လက်ထဲက သေနတ်နှင့် ကုန်းကုန်းကွကွဖြစ်နေသောလူကို လှမ်းချိန်လိုက်၏။

"မလှုပ်နဲ့နော် . . လှုပ်ရင် အပစ်ပဲ"

"ဟင် . . မင်း . . မင်းတို့ ဘယ်သူလဲ"

"တိတ်တိတ်နေစမ်း"

"ဟာ . . ကဲကွာ . . ဝှစ်"

"ဖြောင်း"

"အောင်မယ်လေးဗျ . . အား . . အား"

"ဟုတ် . . ဟုတ်ကဲ့"

မွေးကြီးသည် စိတ်ရှည်သူမဟုတ် ကုန်းကုန်းကွကွ လုပ် နေသူမှာ ထပြေးမည်အလုပ်တွင် အပြေးကန်လိုက်သဖြင့် သုံး လေးပတ် လိမ့်ထွက်သွား၏။ ထိုအခါ လက်ထဲကသေနတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ရင်ဝတည့်တည့်ကို ဖမ်းထောက်လိုက်၏။

"ဟိတ်ကောင် . . မင်းကောင်တွေကို ခေါ်လိုက်စမ်း အားလုံး ငြိမ်ငြိမ်နေရိုင်းနော်"

"ဗျာ"

"ပြောနေတာ ကြားလား"

"ဟုတ် . . ဟုတ်ကဲ့"

ငနဲသားမှာ ခလုတ်ပေါ်တွင် လက်ညှိုးတင်ကာ တကယ် ပစ်တော့မည်လုပ်နေသော မွေးကြီးကို ထိတ်လန့်နေ၏။ ထို့ကြောင့် သူလူတွေကို လှမ်းခေါ်လိုက်ရာ အားလုံးကုပ်ကုပ်နှင့် ရောက်ရှိလာ၏။

ထွန်းအံ့သည် သူတို့အားလုံးကို လှည်းဘီးကြီးများပေါ်တွင်ချည်နှောင်လိုက်၏။ မွေးကြီးသည် လဲကျနေသော ငနဲသားက ထခိုင်းလိုက်ပြီး လှည်းဘီးပေါ်ချည်နှောင်လိုက်၏။

"ဘာ . . ဘာလုပ်တာလဲဗျ"

"ဝင်္ကလည်တဲ့အရသာ ခံစားကြည့်ပေါ့ကွာ"

"ဟင်"

"ကဲ . . ခလုတ်ဖွင့်ပေဟ့"

"ထောက်"

"ဝေါ . . ဝေါ"

"ဝေါ . . ဝေါ . . ဝေါ."





"အောင်မယ်လေးဗျ . . သေပါပြီဗျ"

"မအောင်နဲ့ဟေ့ . . မင်းတို့လုပ်တုန်းက လုပ်ပြီးပြီ မဟုတ်လား ခံစားကြည့်ပေါ့ကွာ . . ကဲ . . ဆယ်လှည့်"

"ထောက် . . ဝေါ . . ဝေါ"

"အောင် . . အောင်မယ်လေး ကြောက်ပါပြီဗျ . . ရပ် ရပ် . . ပါတော့"

"ဟား . . ဟား . . ဟား"

"ကဲ . . လုပ်လိုက်စမ်းဗျာ"

"အား . . အားကြောက်ပါပြီ"

ငနဲသားအားလုံး တုန်တုန်ရီရီဖြစ်နေကြ၏။ အသက်အ လားနှင့်လူမှာ ကြောက်လွန်းသဖြင့် နှပ်ရည်တွေပါ ထွက်နေကြ၏။

"ကဲ . . မင်းနာမည်ဘယ်သူလဲ"

"ဟို . . ကျီး . . ကျီးအောင်ပါ"

"အော် . . နေပါဦး ငါမေးတာ ဖြေစမ်း"

"ဟုတ် . . ဟုတ်ကဲ့"

"တူရွှာသယစက် ဆယ်လုံးဘယ်မှာလဲ ပြောစမ်း"

"ဗျာ"

"ပြောလေကွာ"

"ဟို . . ဟို . . လျှို့ဝှက်ခန်းထဲမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . ဒါဆို ငါ့ကိုလိုက်ပြစမ်း"

"ဟုတ် . . ဟုတ်ကဲ့"

ထွန်းအုံ့သည် ကျီးအောင်ဆိုသူကို လက်မှကြိုးဖြည်ပေးလိုက်သည်။

"ကဲ . . မွေးကြီးနဲ့စိုင်းနွတ် သူတို့ကိုကြည့်ထား"

"အေး . . အေး"

"ကဲ . . လာစမ်း"

စဝ်ရန်နိုင်သည် ကျီးအောင်ကို ကုတ်မှဆွဲကာ အခန်းနောက်ဘက်သို့ထွက်လာခဲ့၏။

"ရုတ်ရုတ်တော့ မလုပ်နဲ့နော် . . . အပစ်ပဲ"

"ဟုတ်ကဲ့ ခင်ဗျ"

ထွန်းအုံ့နှင့် စဝ်ရန်နိုင်တို့နှစ်ဦး ကျီးအောင်နောက်မှ ထပ်ချပ်မကွာလိုက်ခဲ့ကြရာ မကြာခင် နောက်ဖက်လှို့ဂှက်ခန်းမကြီးထဲ ရောက်လာ၏။ မှန်လုံတံခါးတွေကို ပတ်ပတ်လည် ကာရံထား၏။

"အထဲမှာလား"

"ဟုတ်ပါတယ်"

"ဒါဆို ဖွင့်စမ်း"

"ဟုတ်ကဲ့"

ကျီးအောင်သည် မှန်တံခါးကိုဖွင့်၍ အထဲသို့ဝင်လိုက်





၏။ ကလီဆာ တို့လို့တွဲလောင်းနှင့် ကွန်ပျူတာစက်ကလေးဆယ်လုံးကို အသင့်တွေ့လိုက်ရ၏။

ထိုစက်ကလေးများအောက်တွင် ပရင်တာစက်တွေကိုလည်း အသင့်တပ်ဆင်ထား၏။ ထွန်းအုံ့သည် ကွန်ပျူတာစကရင်နားကပ်ပြီး ကြည့်လိုက်၏။

"အော် . . ဒီလိုကိုး"

"ဘာလဲ ကိုထွန်းအုံ့"

"ဘာမှမဟုတ်ဘူး ဆရာစဝ်ရေ . . ဒီစက်တွေနဲ့ ငွေစက္ကူရိုက်မှာဗျ"

"ဟင် . . ငွေစက္ကူ"

"ဟုတ်တယ် . . ဒေါ်လာအတုတွေလုပ်ဖို့ ကြံရွယ်နေကြတာဗျ"

"အော် . . ဒီလိုကိုး"

"ဟုတ်တယ် ဆရာစဝ် . . ဟောဒီမှာ မင်ညျူရယ် . . ပြီးတော့ ဒီဇိုင်းတွေပါ ရှိတယ်"

"ဟင်"

ထွန်းအုံ့စကားကြောင့် စဝ်ရန်နိုင် ထူးခြားသယမည်သော ဒေါ်လာအတုလုပ်သည့် ကွန်ပျူတာစက်တွေနား လျှောက်ခဲ့၏။ ဒီဇိုင်းတွေ၊ သင်္ကေတတွေကို စားပွဲပေါ်တွင် တွေ့လိုက်ရ၏။

"အော် . . ဒေါ်လာအတုလုပ်ဖို့ ကြံနေတာကိုး သိ



www.burmeseclassic.com

www.burmeseclassic.com



လိုလဲ ကျိုးအောင် ငါပြောတာ ဟုတ်သလားကွ"

"ဟုတ် . . ဟုတ်ပါတယ် ဆရာ၊ ဟို . . ဒါ ကျွန်တော် မလုပ်တတ်ပါဘူး"

"ဒါဆို ဒီကိစ္စကို ဘယ်သူလုပ်တာလဲ"

"ဟို . . ဟို . . အဲ"

"ပြောလေကွာ"

"ဟို . . မစ္စတာဂျိန်းစ်တေလာနဲ့ ဦးယုဝေတို့လူစုပါ"

"အော် . . ဒါဆို ဘာကြောင့် ထွန်းအံ့နောက်ကို မင်းတို့လိုက်နေရတာလဲကွ"

"ဟို . . ကိုထွန်းအံ့ရဲ့အဖေ ဦးမြတ်စံဟာ ဟောဒီစက်တွေရဲ့ အဓိကအစိတ်အပိုင်းဖြစ်တဲ့ ဆော့ဖ်ဝဲကို တီထွင်ထုတ်လုပ်နိုင်တဲ့သူပါ၊ ဒါကြောင့် အဲဒီဆော့ဖ်ဝဲရဖို့ ကျွန်တော်တို့ လိုက်နေရတာပါ"

"နေပါဦး ခုတလော အင်ဂျင်နီယာတွေ အသတ်ခံရတာလဲ ဒီကိစ္စပဲမဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ် ဆရာစဝ်၊ ကျွန်တော်တို့ ကွန်မျူတာ အီလက်ထရောနစ်ပညာရှင်တွေခေါ်ပြီး ဒီစက်တွေကို တည်ဆောက်ခိုင်းခဲ့ပါတယ်၊ အဲဒီအခါမှာ ခိုင်းမရတာနဲ့ သတ်ပစ်ခဲ့တာပါ ဆရာ"

"အော် . . ဒီလိုကိုး . . ဒါဆို ဘာကြောင့် ဦးမြတ်စံကို သတ်ခဲ့ရတာလဲ",

"ဟို . . သူ့ရဲ့ဆော့ဝဲဆားကစ်က သူ့ဆီမှာမရှိဘူးလို့ ငြင်းလို့ပါပဲ"

"ဟင်"

"ဟုတ်ပါတယ် အဲဒီပစ္စည်းကို ဦးမြတ်စံတစ်ယောက်ပဲ တီထွင်နိုင်တယ်။ ဒါကို ဦးမြတ်စံက လျှို့ဝှက်ခဲ့တယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့ ဦးမြတ်စံရဲ့ဇနီးနဲ့သမီးကို သတ်ခဲ့ရတာပါ"

"တောက် . . မိုက်ရိုင်းလိုက်တာကွ"

"နေပါဦး မစ္စတာဂျိန်းနဲ့ ဦးယုဝေက ဒီကိစ္စမှာ အဓိကလား"

"မဟုတ်ပါဘူး ဆရာ"

"ဒါဆို နောက်က ဘယ်သူကြိုးကိုင်နေတာလဲ ကွ"

"အဲဒါတော့ မသိဘူး ဆရာစဝ်၊ ဟို . . ဆရာကြီးလို့တော့ ပြောတာပဲ"

"ဟုတ်လား . . ကဲ . . ဒီကို ဘယ်သူလာမှာလဲ ကျိုးအောင်"

"ဟို . . မစ္စတာဂျိန်းနဲ့ ဦးယုဝေတို့လာပါလိမ့်မယ်"

"ဘာလုပ်ဖို့လဲကွ"

"ဟို . . စက်တွေကိုနေရာပြောင်းဖို့ စီစဉ်တဲ့ကိစ္စနဲ့ ဝင်သက်ပြီး ဒီမနက်ခြောက်နာရီမှာ ရောက်လာမှာပါ"







www.burmeseclassic.com

www.burmeseclassic.com



"အော် . . ဒါဆို သူတို့လာဖို့ မကြာတော့ဘူးပေါ့"

"ဟုတ်ပါတယ် ဆရာ"

စဝ်ရန်နိုင်သည် လက်ကနာရီကိုကြည့်ပြီး မွေးကြီးတို့ကို မေးဆတ်ပြလိုက်၏။ ထိုအခါ စိုင်းနွတ်တို့လူစု ရှိရာသို့ ကျီးအောင်ကိုပြန်ခေါ်ခဲ့ပြီး အားလုံးကို အခန်းတစ်ခန်းထဲတွင် ကြိုးများနှင့်ချည်နှောင်ထားလိုက်လေ၏။

မွေးကြီးနှင့် စဝ်ရန်နိုင်တို့နှစ်ဦး တိုက်ကြီးအောက်ထပ်သို့ဆင်းခဲ့ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

"ခြောက်နာရီ ထိုးပြီ စဝ်"

"ဟုတ်တယ် လာတော့မယ်"

"သတိထားနော်"

"စိတ်ချပါ"

သူတို့နှစ်ဦး အဆောက်အအုံအောက်ထပ် အကွယ်တွင် ရပ်ခါ အခြေအနေကို စောင့်ကြည့်နေကြ၏။

ထိုအချိန်တွင် အဖြူရောင်မာစီဒီးကားကြီး တစ်စင်း ခြံထဲကို ဝေါခနဲကွေ့ဝင်လာ၏။

"တီ . . တီ . . တီ"

ဟွန်းသံသုံးချက်ပေးပြီး ဝင်လာသဖြင့် နှစ်ယောက်စလုံး အကွယ်မှာ စောင့်ကြည့်လိုက်၏။ တအောင့်အကြာတွင် ကားထဲမှ လူကြီးနှစ်ဦးထွက်လာ၏။ အနောက်တိုင်းဝတ်စုံကို သပ်ယပ်





စွာ ဝတ်ဆင်ထား၏။

လက်တွင် ဟစ်တာချီကေ့စ်များကို ကိုင်ထား၏။ သူတို့နှစ်ဦး အဆောက်အအုံထဲသို့ တစ်လှမ်းခြင်းဝင်လာ၏။ နှစ်ယောက်စလုံး၏အသွင်က လူကြီးလူကောင်းအသွင်ပင်။

သူတို့နှစ်ဦးကား တစ်ခြားမဟုတ် စဝ်ရန်နိုင်တို့စောင့်မျှော်နေသော ဦးယုဝေနှင့် ဂျိန်းစ်တေလာတို့ဖြစ်၏။

အဝင်အဝအရောက်တွင် ခြေလှမ်းတွန့်ခနဲ ဖြစ်သွား၏။ ဦးယုဝေသည် အဆောက်အအုံထဲ လှမ်းကြည့်ရင်း ဂျိန်းစ်တေလာကိုလှမ်းပြောလိုက်၏။

"အသံတွေ တိတ်နေပါလား"

"ဟုတ်တယ် . . ဦးယုဝေ"

"ကျုပ်စိတ်ထဲ မသင်္ကာဘူးဗျာ . . ပြန်ကြမယ်"

"ဟင် . . ဘာဖြစ်လို့လဲ"

"လာပါဗျာ"

ဦးယုဝေသည် ဂျိန်းစ်တေလာကို လက်မောင်းလှမ်းဆွဲပြီး နောက်ကြောင်းပြန်လှည့်လိုက်၏။ နှစ်ဦးသား ကားနားရောက် သည်နှင့် ကားတံခါးဖွင့်ကာ အထဲသို့ဝင်ထိုင်လိုက်၏။

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ မစ္စတာဂျိန်းရဲ့ . . တို့အောင်... အကောင်ရဲ့ အချက်ပေးသင်္ကေတကို မကြားရ...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မသက်သာဘူး ဂေနွှ အထဲမှာ တစ်ယောက်ယောက် ရောက်နေပြီထင်တယ်"

"ဟင် .. ဟုတ်လား ဒါဆို စက်တွေဘယ်လိုလုပ်မလဲ"

"အို .. အဲဒါ အရေးမကြီးပါဘူးဗျာ .. ကဲ သွားမယ်"

"ရူး .. ရူး"

"ကားစက်ရပ်လိုက်ပါ ဦးယုဝေ"

"ဟင်"

"ဟာ"

ကားနောက်ခန်းကပေါ်လာသည့် အသံကြောင့် မစ္စတာဂျိန်းနှင့် ဦးယုဝေတို့နှစ်ဦးမှာ အိုးတိုးအမ်းတမ်းဖြစ်သွား၏။

သူတို့နှစ်ဦးကြားသို့ ပြောင်းလက်နေသော ပြောင်းတိုတစ်လက်ဝင်လာ၏။

"မလှုပ်နဲ့နော်"

"ဟင် .. မင်း .. မင်းဘယ်သူလဲ"

"ကျုပ်လား .. ထောက်လှမ်းရေးအေးဂျင့် စဝ်ရန်နိုင်လေ"

"ဟင်"

"ဟာ"

နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွား၏။ ဦးယုဝေမှ နှိုးလက်စကားသော့ကို ပြန်ပိတ်လိုက်ရ၏။ ထိုအချိန်





တွင် မွေးကြီးတစ်ယောက် ကားနားသို့အပြေးရောက်လာ၏။

"မလှုပ်နဲ့နော်"

"ထွက်စမ်း .. ထွက်"

"ဟုတ်ကဲ့"

နှစ်ဦးစလုံး ခေါင်းပေါ်လက်တင်ပြီး ကားထဲမှထွက်လာ၏။ နှစ်ယောက်စလုံး၏ မျက်နှာတွင် သွေးမရှိတော့။

"ဟိုဖက်လှည့်စမ်း"

"ဟုတ် .. ဟုတ်ကဲ့"

နှစ်ဦးစလုံးကို ကားအမိုးဘက်လှည့်ခိုင်းလိုက်ပြီး မွေးကြီးက တစ်ကိုယ်လုံးစမ်းသပ်လိုက်၏။ မစ္စတာဂျိန်းစ်ထောလာ၏ ကုတ်အင်္ကျီအရှည်ထဲမှ ပြောင်းရှည်ပစ္စတိုတစ်လက်ကို တွေ့လိုက်ရ၏။

"လက်ထိပ်ခတ်လိုက် မွေးကြီး"

"အေး"

နှစ်ဦးစလုံးကို လက်ထိပ်ခတ်ပစ်လိုက်၏။

"ဟာ .. ဘာ .. ဘာလုပ်တာလဲဗျ"

"ဖမ်းလိုက်တာပဲ .. ဦးယုဝေ၊ ခင်ဗျားတို့ဟာ တူ့ရွာသယံဇာတဲ့ ဒေါ်လာအတုလုပ်တဲ့ စက်တွေကို တည်ဆောက်ဖို့ ကြိုးစားနေကြတယ် မဟုတ်လား၊ မလိမ်ပါနဲ့ ဦးယုဝေ .. ခင်ဗျားတို့ညီတွေရော .. စက်တွေပါ မိထားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ . . ဘုရား . . ဘုရား"

ဦးယုဝေမှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ဘုရားတလျက်ရှိ၏။ စဝ်ရန်နိုင်သည် ဦးယုဝေနားကပ်ခါ သေနတ်နှင့် နဖူးတည့်တည့်ချိန်ပြီး မောင်းတင်လိုက်၏။

"ချလောက်"

"ဟာ . . ဘာ . . ဘာလုပ်တာလဲ မ . . မပစ်ပါနဲ့"

"ကျုပ်မေးတာ မဖြေရင် ပစ်မှာပဲ ဦးယုဝေ"

"ဟင် . . မ . . မလုပ်ပါနဲ့ဗျာ . . ဖြေပါ့မယ်"

'ဒါဆို ခင်ဗျားတို့နောက်က ခိုင်းနေတဲ့ ဆရာကြီးက ဘယ်သူလဲ ပြောစမ်း"

"ဟို . . ဟို"

"ပြောလေဗျာ"

"ဟို . . မိုး . . မိုးလှဲ့ရည်ပါ"

"ဟင် . . ဘယ်ကလဲ . . ဘယ်သူလဲ ပြောစမ်း"

"ဟို . . ဦး . . ဦးသက်ဦးခိုင်ရဲ့ဇနီးပါ"

"အော် . . ဝေဝေထားရဲ့အမေကိုး"

ထွန်းအံ့မှာ ကြားလိုက်ရသော စကားကြောင့် ပါးစပ်အဟောင်းသားဖြစ်သွား၏။ အမှန်တော့ ဒေါ်မိုးလှဲ့ရည် ပျောက်ဆုံးသွားခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်၏။ ဝေဝေ





ထားခမျာ မိခင်ကြီးသောကနှင့် အမြဲတမ်းနေထိုင်ရသူဖြစ်၏။

ယခုတော့ ဝေဝေထား၏ မိခင်ကြီးကိုယ်တိုင်က ဒုစရိုက်ခေါင်းဆောင်ကြီးဖြစ်နေတာကို တအံ့တသြကြားလိုက်ရခြေပြီ။

"ဒါဆို သူတို့ဘယ်မှာလဲ"

"ဟို . . မြသက်ဖေနဲ့လိုက်သွားတယ်"

"ဘယ်ကို လိုက်သွားတာလဲ"

"ဦးသက်ဦးခိုင်တို့အိမ်ကို"

"ဟင်"

"ဘာကြောင့်လဲ"

"ဟို . . ဝေဝေထားကို မသက်ာလို့"

"ဘာ"

ကြားရသည့်အဖြစ်တွေက နားရှုပ်စရာပင်။ ထွန်းအံ့မှာ ဘာကို လုပ်ရမှန်း မသိတော့။ နောက်ဆုံး ဦးယုဝေတို့လူစုကို ခေန်းကို ခေါ်ခဲ့၏။ ထွန်းအံ့ ဦးယုဝေထံမှ စကားတွေကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရင်း စဝ်ရန်နိုင်ကို ပြောပြလိုက်၏။

"ဟုတ်တယ် ဆရာစဝ်၊ အဲဒီမိန်းမကြီး ပျောက်ဆုံးနေတာ ကြာပြီဗျ"

"ဟုတ်လား နေပါဦး အဲဒီမိန်းမကြီးနဲ့ ဝေဝေထားက သားအမိတို့မဟုတ်လား၊ ဘာကြောင့် သူ့သမီးကို မသင်္ကာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . အဲဒီထားဆီမှာ ကျွန်တော့်ဖေဖေပေးထားတဲ့ ဆောဖ်ဝဲဆားကော့စ်ကို သိမ်းခိုင်းထားတယ်ဗျ"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် ဆရာစဝ်၊ သူတို့ဘယ်လို သိကုန်ကြသလဲ မသိဘူး၊ ကျွန်တော်တို့ မြန်မြန်လိုက်သွားမှ ဖြစ်မယ် ဆရာ"

"ဒါဆို ခင်ဗျားရယ် ကျွန်တော်ရယ်လိုက်မယ်၊ မွေးကြီး ခင်ဗျားတို့ နေခဲ့ကြ"

"ကောင်းပါပြီကွာ"

"ဒါဆို သွားရအောင် . . နေပါဦး နှင်းရိပ်မြိုင်နဲ့ ရေပြာအင်းက ဝေးလား"

"မဝေးပါဘူး ဆရာ၊ ကျွန်တော်တို့ တက္ကစီနဲ့သွားကြတာပေါ့"

"ဒါဆို သွားကြမယ်"

သူတို့နှစ်ဦး တက္ကစီတစ်စီးငှားလိုက်၏။ အချိန်က နံနက်ခင်းမို့ ရေပြာအင်းတစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြစ်နေ၏။

မွေးကြီးနှင့် စိုင်းနွတ်တို့နှစ်ဦးမှာ စခန်းထဲတွင် ကျန်ရစ်ခဲ့ကြ၏။ စဝ်ရန်နိုင်နှင့် ထွန်းအံ့တို့နှစ်ဦးမှာ တက္ကစီတစ်စင်းငှားပြီးသည်နှင့် နှင်းရိပ်မြိုင်ဘက်သို့ ထွက်ခဲ့ကြလေ၏။

နံနက်ခင်းအချိန်အခါမို့ လမ်းတစ်လျှောက်မှာတော့ တောခိုးတွေ ဝေ့ဆိုင်းနေပေသည်။



## အခန်း (၁၄)

သူတို့နှစ်ဦး နှင်းရိပ်မြိုင်ထဲ ဝင်သည်နှင့် ကားပေါ်မှ ဆင်းခဲ့ကြ၏။

"မြသက်ဖေဆိုတဲ့ ကောင်ကိုတော့ သတိထားမှဗျ"

"ဘာဖြစ်လို့လဲ ဆရာစဝ်"

"ဟာ . . ဒီကောင်က အမှုတွဲနဲ့ဗျ၊ သူကျူးလွန်ခဲ့တာ အမှုပေါင်းသုံးဆယ်ရှစ်မှု ရှိတယ်"

"ဟင်"

"ဟုတ်တယ် ကျွန်တော့်စိတ်ထင်တော့ ခင်ဗျားကို သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ ကျွန်တော်တို့နဲ့ ပေါင်းနေတာ ရိပ်မိဦးမှာ မဟုတ်ဘူး"

"ဖြစ်နိုင်တယ် ဆရာစဝ်"

"ဒါဆို ခင်ဗျားက ဖြောင့်သာဝင်ဗျာ"

"ဟုတ်ကဲ့ ဆရာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး စကားတပြောပြော လျှောက်ခဲ့ကြရာ ဝေဝေထားတို့နေသည့် ခြံကြီးအနားသို့ ရောက်လာ၏။

"ဝင်တော့ဗျာ . . သတိတော့ထားနော်"

"ဟုတ်ကဲ့ ဆရာ"

ထွန်းအုံ့သည် စဝ်ရန်နိုင်ကိုလှည့်ပြောကာ ခြံကြီးထဲသို့ ခပ်တည်တည်နှင့် ဝင်သွား၏။

စဝ်ရန်နိုင်မှာ ခြံကိုနောက်ဖက်မှပတ်ခါ ဝင်ပေါက်ရှာ လိုက်၏။ ထိုအချိန်တွင် ထွန်းအုံ့သည် ဝေဝေထားတို့အိမ်ကြီး ပေါ်ရောက်လာ၏။

ဦးဆုံးမြင်လိုက်ရသူကတော့ ဦးသက်ဦးခိုင်ပင်ဖြစ် သည်။

"ဟင် . . မောင် . . မောင်ထွန်းအုံ့"

"ဟုတ်ပါတယ် ဦး . . ဟို . . မထားရော ဟင်"

"ဟို . . အဲ . . ဘာ . . ဘာကိစ္စ"

"ဘာဖြစ်လို့လဲ ဦး"





"ဘာ . . ဘာမှ မဖြစ်ပါဘူး"

ဦးသက်ဦးခိုင်၏အသွင်က ကျီးကန်းတောင်းမှောက် အသွင်၊ ထိုအချိန်တွင် အိမ်ကြီး၏အပေါ်ထပ်မှ လောင်းကုတ် အင်္ကျီအညိုကြီး ဝတ်ထားသော လူကြီးတစ်ဦး ဆင်းလာ၏။

အရပ်က ခုနစ်ပေနီးပါး၊ ပါးပေါ်တွင် ဓားဒဏ်ရာအမာ ရွတ်ကြီးကို တွေ့လိုက်ရ၏။

"ဟော . . ကိုထွန်းအုံ့ ရောက်လာပြီကိုး"

"ဟင် . . ခင် . . ခင်ဗျား ဘယ်သူလဲ"

"ကျုပ်နာမည် မြသက်ဖေပါ"

"ဗျာ"

"ဟဲ . . ဟဲ . . လန့်သွားသလား ကိုထွန်းအုံ့၊ မလန့် ပါနဲ့ဗျာ . . ခင်ဗျားအချစ်ကလေး အပေါ်ထပ်မှာရှိပါတယ်"

"ဘာ . . ခင် . . ခင်ဗျား"

"ဟဲ . . ဟဲ . . ခင်ဗျားသွေးပျက်မနေစမ်းပါနဲ့ဗျာ . . ပြောလိုချင်တာ ရရင် အားလုံး အေးအေးဆေးဆေးပြီးဆုံးသွား မှာ"

"ဘာ . . ဘာလိုချင်တာလဲ"

"ဆော့ဖ်ဝဲ ဆားကစ်လေ"

"ဗျာ"

"ဟဲ . . ဟဲ . . ဟဲ အဲဒီပစ္စည်းက ခင်ဗျားဆီမှာလား၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဝေဝေထားဆီမှာလား"

"ဟင်"

"ပြောဗျာ . . ကျုပ်မှာ အချိန်မရှိဘူး၊ ခင်ဗျားကိုငါးမိနစ်ပဲ အချိန်ပေးမယ်"

"ဟင်"

မြသက်ဖေက ကုတ်အင်္ကျီအိတ်ထဲက ပစ္စတိုကိုဆွဲထုတ်ခါ လှေကားပေါ်မှ ပြုံးစစနှင့်ဆင်းလာ၏။

ထွန်းအုံမှာ ဧည့်ခန်းအလယ်တွင် ခြေစုံရပ်ရင်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေ၏။ ဦးသက်ဦးခိုင်မှာလည်း ပါးစပ်အဟောင်းသားဖြစ်နေ၏။

ထိုအချိန်တွင် စဝ်ရန်နိုင်မှာ အိမ်ကြီး၏နောက်ပေါက်မှ အသာလျှိုတက်ခါ အပေါ်ထပ်သို့ ခြေသံမကြားအောင် တွယ်တက်ခဲ့၏။

သူ ဝေဝေထားအခန်း၏ ပြူတင်းပေါက်နား အရောက်တွင် အခန်းထဲက မြင်ကွင်းကြောင့် အံ့သြသွား၏။

ဝေဝေထားခမျာ ထိုင်ခုံတစ်ခုပေါ်တွင် ကြိုးတုပ်ခံထားရပြီး သူ့ရှေ့တွင် အမျိုးသမီးကြီးတစ်ဦး ရပ်နေ၏။

"ဘယ်မှာလဲ ပြောစမ်း မိထား"

"အို . . မေမေရယ် . . မေမေ ဘယ်လိုဖြစ်တာလဲ၊ မေမေ့ကို သမီးနားမလည်နိုင်တော့ဘူး"



"အို . . ညည်းဟာ ငါ့သမီးမဟုတ်ဘူး မိထားရဲ့"

"ရှင်"

"ဟုတ်တယ် . . ညည်းဟာ ကျုပ်ရဲ့လင်ပါသမီးပဲ"

"ရှင်"

"ဘာလဲ ညည်းအံ့သြနေတာလား၊ ငါဟာ ညည်းအဖေကိုချစ်လို့ယူတာ မဟုတ်ဘူး၊ သူဟာ ငါ့အတွက် ပိုက်ဆံလုပ်စက်ကြီးပဲ၊ ငါ့ခံစားချင်တဲ့ စည်းစိမ်ကို ဒင်းက ရှာပေးရမယ့်လူကြီး"

"အို"

"ဟုတ်တယ် . . ညည်းအမေဟာ ငါ့ရဲ့ညီတော်စပ်ဝမ်းကွဲပဲ . . ညည်းအမေကို အဆိပ်ခပ်သတ်ခဲ့တာ ငါပဲ၊ အဲဒါ ဘာကြောင့်လဲဆိုတော့ ငါ ကိုသက်ကိုပိုင်ချင်တယ်၊ ငါ့ဘဝဟာ ဆင်းရဲနွမ်းပါးခဲ့ရတဲ့ဘဝ၊ ဒီတော့ ငါ သိပ်ချမ်းသာချင်တယ်၊ ဒါကြောင့် ကိုသက်ကို မရရအောင် ငါယူခဲ့တာပဲ၊ ညည်း မွေးခါစမှာပဲ ငါက ညည်းအမေကို လုပ်ကြံခဲ့တာ၊ အို . . ဒါတွေ ပြောနေလို့ အပိုပါပဲအေ . . အရေးကြီးတာ ဟိုကောင်လေးဆီက ဆော့ဖ်ဝဲဘယ်မှာလဲ ပြောစမ်း"

"ရှင်"

"ပြောနေတာ မကြားဘူးလား"

"အို . . ကျွန်မမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . သေပေတော့"

"အောင်မယ်လေး"

ဒေါ်မိုးလှဲ့ရည်သည် လက်ထဲက ဓားမြှောင်အတိုကလေးနှင့် ဝေဝေထား၏ ပခုံးကို ထိုးချလိုက်၏။

ရုတ်တရက်မို့ ဝေဝေထားမှာ မျက်စိမှိတ်ပြီး အော်ပစ်လိုက်၏။ ထိုအချိန်တွင် စဝ်ရန်နိုင်သည် ပြူတင်းပေါက်မှ ဖျတ်ခနဲ ကျော်ဝင်ခဲ့ပြီး ဒေါ်မိုးလှဲ့ရည်၏ နောက်ကျောကို သေနတ်နှင့် ဖျတ်ခနဲထိုးချိန်လိုက်၏။

"မလှုပ်နဲ့နော် ဒေါ်မိုးလှဲ့ရည်"

"ဟင်"

"အို . . ကယ်ပါဦးရှင်"

"မင်း . . မင်း"

"ဟုတ်တယ် ကျွန်တော်ဟာ ထောက်လှမ်းရေးမှူး စဝ်ရန်နိုင်ပါ"

"ဘာ"

"မလှုပ်နဲ့နော်"

"အို . . ဘုရား . . ဘုရား"

စဝ်ရန်နိုင်သည် ဒေါ်မိုးလှဲ့ရည်၏ လက်နှစ်ဖက်ကို အမြန်လက်ထိပ်ခတ်ပစ်လိုက်၏။

"ဘာ . . ဘာလုပ်တာလဲ"





"ဖမ်းလိုက်တာပါ ဒေါ်မိုးလှဲ့ရည်"

"အို"

စဝ်ရန်နိုင်သည် ဝေဝေထား၏ ကိုယ်ပေါ်မှ ကြိုးတွေကို ဖြည်ပေးလိုက်၏။

"သတိထား . . ညီမလေး . . အောက်မှာ မြသက်ဖေ ရှိသေးတယ်"

"ဟင် . . ဟုတ်လား"

"ကဲ . . ဘာ ဒေါ်မိုးလှဲ့ရည် ခင်ဗျားလူကို ခင်ဗျားပဲ နိုင်မှာ"

"အို"

ဒေါ်မိုးလှဲ့ရည်မှာ ခေါင်းငိုက်စိုက်နှင့် စဝ်ရန်နိုင်ခေါ်ရာ နောက်သို့ ပါလာ၏။ သူတို့နှစ်ဦး လှေကားထိပ်အရောက်တွင် ထွန်းအုံ့ကို မြသက်ဖေက သေနတ်နှင့်လှမ်းချိန်ထားသည်ကို မြင်လိုက်ရ၏။

ထိုအခါ စဝ်ရန်နိုင်က ဒေါ်မိုးလှဲ့ရည်ကို တီးတိုးအမိန့်ပေးလိုက်၏။

"လက်နက်ချခိုင်းလိုက်စမ်းဗျာ"

"ဟင်"

"ပြောလေ"

"ဟုတ် . . ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးလွဲရည်မှာ တုန်တုန်ရီရီနှင့် လှမ်းပြောလိုက်၏။

"ကိုမြသက်ဖေ လက်နက်ချလိုက်"

"ဟင်"

"ဒိုင်း"

"ဒိုင်း"

"အောင်မယ်လေး"

"အို"

"မေမေ"

"မိုး . . မိုး . . "

မြသက်ဖေတစ်ယောက် ဒေါ်မိုးလွဲရည်နောက်မှ စစ်ရန်နိုင်ကို မြင်သည်နှင့် လှမ်းပစ်လိုက်၏။ ရုတ်တရက်မို့ ဒေါ်မိုးလွဲရည်က သူ့ကိုပစ်သည်အထင်နှင့် နောက်သို့တစ်လှမ်းဆုတ်လိုက်ရာ ကျည်ဆံက သူ့ရင်ကိုတည့်တည့်ကို ဖောက်ဝင်သွားလေတော့သည်။

အရှိန်ကြောင့် ဒေါ်မိုးလွဲရည်တစ်ယောက် လှေကားပေါ်မှ တဒုန်းဒုန်းပြုတ်ကျသွား၏။ မြသက်ဖေမှာ မထင်မှတ်သည့် အဖြစ်ကြောင့် သေနတ်ကြီးကိုင်ပြီး ကြောင်စီစီဖြစ်နေ၏။

ထိုစဉ် စစ်ရန်နိုင်က လက်ထဲမှ သေနတ်နှင့် မြသက်ဖေကိုပစ်ချလိုက်၏။

"ဒိုင်း"





"အား . . အောင်မယ်လေး"

မြသက်ဖေလဲကျသွားတာ မြင်သည်နှင့် ထွန်းအံ့က အတင်းအပေါ်မှ ခွစီးကာ ထိုးကြိတ်ပစ်လိုက်၏။ ထိုအချိန်တွင် ဦးသက်ဦးခိုင်မှာ ဖနီးသည်ကိုပွေ့ပြီး အော်ဟစ်နေ၏။ ဝေဝေထားမှာလည်း ဖခင်ကြီးအနားတွင် ပျာယာခတ်နေပေ၏။

စစ်ရန်နိုင်သည် လှေကားပေါ်မှ တစ်လှမ်းခြင်းဆင်းလာ၏။

"အားလုံး ပြီးဆုံးသွားပါပြီ ကိုထွန်းအံ့၊ ဘာမှ ပူစရာမလိုတော့ပါဘူး"

"ဟုတ် . . ဟုတ်ကဲ့"

စစ်ရန်နိုင်သည် တယ်လီဖုန်းစင်နားလျှောက်ခဲ့ပြီး အရေးပေါ် မှုခင်းတပ်ဖွဲ့ကို ဆက်လိုက်၏။

အချိန်အနည်းငယ်အကြာတွင် ဆေးရုံကားများရောက်လာကာ မြသက်ဖေနှင့် ဒေါ်မိုးလွဲရည်တို့ကို ခေါ်ဆောင်သွားလေ၏။

ဝေဝေထားမှာ ဖခင်ကြီးကိုဖက်ခါ တဟင့်ဟင့်ငိုကြွေးနေ၏။ စစ်ရန်နိုင်နှင့် ထွန်းအံ့တို့နှစ်ဦး သူတို့နားတွင် ဝင်၍ထိုင်လိုက်၏။

"ဖေဖေ"

"ဘာလဲ သမီး"

www.burmeseclassic.com

www.burmeseclassic.com



"မေမေက သမီးရဲ့မေမေ မဟုတ်ဘူးဆို"

ဝေဝေထား၏စကားကို ဦးသက်ဦးခိုင်က ခေါင်းညိတ်ပြလိုက်၏။

"အို . . ဘယ်လိုဖြစ်ကုန်တာလဲ ဖေဖေရယ်"

"ဒီလို သမီးရဲ့ . . မင်းမေမေဟာ မိုးလွဲ့ရည်ရဲ့ညီမပဲ သမီး၊ သူ့လက်ချက်နဲ့ သမီးမေမေ သေခဲ့ရတယ်လေ၊ ဒီကိစ္စကို ဖေဖေ ဘယ်သူ့မှဖွင့်မပြောရဲခဲ့ဘူး"

"ဟင် . . ဘာဖြစ်လို့လဲ ဖေဖေ"

"ဘာဖြစ်ရမှာလဲကွယ် . . မိုးလွဲ့ရည်ဟာ အရမ်းအတ္တကြီးတဲ့ မိန်းမ၊ အရမ်းချမ်းသာချင်တဲ့ မိန်းမ၊ မာယာလဲ အရမ်းများတဲ့မိန်းမ၊ ဒီတော့ ဖေဖေ့ကို သူ့မာယာနဲ့မျှားပြီး သိမ်းသွင်းခြိမ်းခြောက်ခဲ့တယ်လေ"

"ဟင်"

"ဟုတ်တယ် သမီး သမီးမေမေကို ဟောဒီအိမ်အနောက်ဘက်က ခြံကြီးထဲမှာ မြှုပ်ထားခဲ့ရတယ်"

"အို . . ဘုရား . . ဘုရား"

"ဟုတ်တယ် သမီး အမှန်တော့ ဖေဖေမိုက်တာလဲပါပါတယ်ကွယ်၊ အဲဒီမှာ မိုးလွဲ့ရည်ဟာ ဒီအိမ်ကြီးရဲ့ သခင်မလုပ်ပြီး ချယ်လှယ်ချင်တိုင်း ချယ်လှယ်တော့တာပဲ၊ နောက်ဆုံး ဖေဖေတို့ရဲ့ ကွန်ပျူတာလုပ်ငန်းကိုပါ ကြီးစိုးလာတယ်လေ၊ အဲဒီအ



ချိန်မှာ မစ္စတာဂျိန်းတို့လူစုက မိုးလွဲ့ရည်နဲ့ပေါင်းပြီး ဒေါ်လာအတုလုပ်ဖို့ စီစဉ်ကြတယ်လေ၊ ဖေဖေက သဘောမတူပေမယ့် ငြိမ်နေရတယ်၊ အဲဒီအချိန်မှာ သူတို့ဟာ ထင်တိုင်းကြဲတော့တာပဲ၊ ဖေဖေ့သူငယ်ချင်း ဟောဒီမောင်ထွန်းအံ့ရဲ့အဖေ ကိုမြတ်စံကို ပြန်ပေးဆွဲပြီး ကွန်ပျူတာသယဆိုတဲ့ ဒေါ်လာအတုလုပ်စက်ကို တည်ဆောက်ခိုင်းခဲ့တယ်၊ အဲဒီအချိန်မှာ ပြဿနာတွေက ပိုရှုပ်လာပြီး ခုလိုဖြစ်ကုန်ကြတော့တာပဲ သမီးရယ်"

"အို . . ဖေဖေရယ် သမီးတော့ ယုံတောင်မယုံနိုင်တော့ဘူး ဖေဖေရယ်"

"ဟုတ်တယ် သမီး ဒါ သားရဲအိပ်မက်ရဲ့ ခြောက်လှန့်မှုတွေပါကွယ် . . ခုတော့ အားလုံးပြီးစီးသွားပါပြီကွယ် . . မောင်ထွန်းအံ့ကိုလည်း ဦး ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ် ဦးရယ်"

ထွန်းအံ့သည် ဝေဝေထားကိုလှမ်းကြည့်ရင်း သိမ်းဆည်းထားသော ဆော့ဖ်ဝဲလ်လေးကို တောင်းလိုက်၏။

ဝေဝေထားသည် အိမ်ကြီးပေါ်အမြန်တက်သွားကာ ကုတင်အောက်တွင် ဝှက်ထားသော ဆော့ဖ်ဝဲလ်ဆားကစ်လေးကို ယူလိုက်ပြီး ထွန်းအံ့ကိုပေးလိုက်၏။

"ဟောဒါ သူတို့လိုချင်တဲ့ ပစ္စည်းပါပဲ ဆရာစဝ်၊ ခုတော့ အန္တရာယ်တွေ ရှင်းသွားပြီမို့ ဆရာစဝ်ကိုပဲ သက်သေခံပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အပ်လိုက်ပါရစေ"

"ရပါတယ် ကိုထွန်းအုံ . . ကဲ . . ပြဿနာတွေလဲ ပြီးဆုံးသွားပြီမို့ ရန်ကုန်ပြန်ကြရဦးမယ် ကိုထွန်းအုံ"

"ဟာ . . ကျွန်တော်ကို့လဲ လိုက်မှာပေါ့ ဆရာစဝ်"

"ကဲ . . ဒါဆို လိုက်ခဲ့ကြပေတော့"

ပြောပြောဆိုဆိုနှင့် သူတို့လူစု ကားတစ်စီးနှင့် နှင်းရိပ်မြိုင်မှ ထွက်ခဲ့ကြလေ၏။ အားလုံး၏ရင်ထဲမှာတော့ ပြဿနာအရှုပ်ရှုပ်ရှင်းလင်းသွားပြီမို့ ပေါ့ပါးသွက်လက်နေကြ၏။

အလန်းဆန်းဆုံးနှင့် အတက်ကြွဆုံးကတော့ ထွန်းအုံပင်။ သူသည် ညှိုးလျှလျှဖြစ်နေသော ဝေဝေထား၏ကိုယ်လုံးကလေးကို ရင်ခွင်ထဲထွေးပွေ့ထား၏။

ဝေဝေထားမှာ ထွန်းအုံ့ရင်ခွင်ကြီးထဲဝင်ကာ တဟင့်ဟင့်ငိုကြွေးနေပေတော့သည်။

ပြီးပါပြီ

**ဇော်ထက်အောင်**



www.burmeseclassic.com